


ဗိုလ်သန်းရွှေအကြောင်း ၂၀၁၀မှာ အင်္ဂလိပ်လို စာအုပ်ထွက်လာပါတယ်။
စာအုပ်မထွက်ခင် Softcopy Leak ဖြစ်တော့ အင်တာနက်မှာ ဖတ်နိုင်ပါပြီ။
ဒီမှာတော့ မဖေါ်ပြတော့ပါ။

မာတိကာ

1. Getting to know Burma ruling General
   နယူးယောက်တိုင်းမှ ဆောင်းပါး မြန်မာပြန်သည် - မောင်သာမန်
2. THAN SHWE - Unmasking Burma's Tyrant
   ညစ်ပတ်စုတ်ပွဲ့နေရာမှာတူကြတယ် - ပါမောက္ခဟောင်း - Dr. အောင်ခင်
3. စစ်ဗိုလ်ချုပ်ကြီးများ ၂၀၁၀ အငြိမ်းစားယူခြင်း - ဗိုလ်မှူးအောင်လင်းထွန်း
4. 2005 မြန်မာ့အလင်းသတင်းစာ
5. ဗိုလ်သန်းရွှေ တောင်ကိုးရီးယားနိုင်ငံ 27-Jul-2010 အပမ်းဖြေ - BurmaToday
6. နိုင်ငံခေါင်းဆောင်ကောင်းများနှင့် ဗိုလ်သန်းရွှေ နှိုင်းယှဉ်ခြင်း - ကိုကို (အာဏာရှင်)
7. စစ်ဗိုလ်ချုပ်နှင့် နိုင်ငံရေးသိုင်းကွက် - ဘိုဘိုကျော်ငြိမ်း
8. ဂန္ဓာလရာဇ်သွား ဗိုလ်သန်းရွှေ - ရဲဘော်ဖိုးသံချောင်း
9. ဗိုလ်သန်းရွှေ ကာတွန်းများ (၅မျက်နှာ)

@MONYWA.org 2010

TIME Partners with CNN

# Getting to Know Burma's Ruling General

By ANDREW MARSHALL Monday, Oct. 19, 2009



**In charge**
In this 2005 photo, Than Shwe is seen reviewing troops in Rangoon's Resistance Park to mark the 60th anniversary of Armed Forces Day
Adrees Latif / Reuters

ENLARGE +

## မြန်မာစစ်အာဏာရှင်အကြောင်း

အင်ဒရူးမာရှယ်

မန်ချက်စတာ ယူနိုက်တက် ဘော်လုံးအသင်း ရဲ့ သန်းပေါင်း ၃၀၀ ကျော် တန်မှာ့ ပရိတ်သတ်ထဲက မြန်မာပြည်က အသက်အရွယ်မတူတဲ့ ပရိတ်သတ်နှစ်ယောက်ကို ကြည့်ရအောင်။ တယောက်ကတော့ မျက်မှန်ကြီးနဲ့ ကွမ်းတမြုံ့မြုံ့ အဖိုးဖြစ်ပြီး နောက်တယောက်ကတော့ သူ့အသဲစွဲ မြေးငယ်လေးပါပဲ။ ဘော်လုံးဝါသနာအိုး မြန်မာနိုင်ငံသားများ နည်းတူ သူတို့ဟာ အပူပိုင်းဒေသရဲ့ ညနက်သန်းကောင်ကျော်အချိန်မှာ အင်္ဂလန်က တိုက်ရိုက် ရုပ်မြင်သံကြား လွှင့်ပေးတဲ့ အင်္ဂလိပ်ဘော်လုံးပွဲကို ကြည့်ကြပါတယ်။ ဒါကတော့ ပုံမှန် အလုပ်ပါပဲ။ အဲဒီ မြေး၊ အဖိုး ကိုကြည့်ပြီး အဖိုးကတော့ နိုင်ငံခြားသားတွေကို မနှစ်သက်တဲ့ မြန်မာ စစ်အစိုးရခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဆိုရင်တော့ ဘယ်လိုလဲ။ အနောက်တိုင်းကို ဆန့်ကျင်သူ၊ ဘော်လုံးသမား ဂန်ဒီရော်နယ်ရဲ့ ပရိတ်သတ်လိုလို ..ကျွန်တော်တို့အားလုံး မုန်းတီးတဲ့ ဒီ အဓွမ အုပ်စိုးတဲ့ စစ်ခေါင်းဆောင် ။

အင်္ဂလိပ်ဘော်လုံးလောက ကတော့ သန်းရွှေ စိတ်ဝင်စားတဲ့ အချက်တခုဖြစ်ပေမဲ့ သူ့အတွက် အသေးအမွှားဖြစ်မှာပါ။ ဒါပေမဲ့ အရေးကြီးတဲ့ မေးခွန်းတခု ဖြစ်ပေါ်စေပါတယ်။ အမေရိကန် နိုင်ငံခြားရေးဝန်ကြီး ဟီလာရီကလင်တွန်က စက်တင်ဘာ ၂၄ ရက်နေ့၊ ဂါရှင်တန်မှာ "တိုက်ရိုက်ဆက်သွယ်မယ်" လို့ အနှစ် ၂၀လောက် ပိတ်ဆို့၊ အဆက်ဖြတ်ထားတဲ့ မြန်မာစစ်အစိုးရ ခေါင်းဆောင်များကို ရည်ရွယ် ပြောခဲ့ပါတယ်။ "အလွယ်တကူ နားလည်စေတဲ့ စကားလုံး ဖြစ်ပေမဲ့ ကျွန်တော်တို့ နားမလည်နိုင်ပါဘူး" လို့ ဂျပန် Meio University in Okinawa က ဒေါက်နယ် အမ် ဆီးကင်စ် ဆိုသူ မြန်မာအကြောင်း လေ့လာသူ ပညာရှင်တဦးက ပြောခဲ့ပါတယ်။ မြန်မာစစ်အစိုးရ ကမ္ဘာ့နိုင်ငံရေးအမြင် တလံလောက်ကို ကြည့်ပြီး သူတို့ လူ့အခွင့်အရေး ဖေါက်ဖျက်မှုများကို ချေလို့ မရပါဘူး။ အများစုကတော့ ဒီစစ်အစိုးရဟာ ကမ္ဘာ့ရာဇဝတ်ကောင်များ လို့ သတ်မှတ်ထားကြပါတယ်။ ဒါပေမဲ့ သန်းရွှေ နဲ့ အပေါင်းဖေါ်များကို သူတို့ရဲ့ ရှုထွင်းချက်ဖက်က ကြည့်ရှုရင်တော့

အကျိုးမရှိဘူး၊ ဘာမှ မထူးပါဘူး .. လို့ မှတ်ယူရပါမယ် .. လို့ မြန်မာ့ရေးရာ ပညာရှင်က ပြောကြားခဲ့ပါတယ်။ ဒါကြောင့် အခုအချိန်ကတော့ ဒီ စစ်ဗိုလ်ချုပ်ကြီးများ အကြောင်းကို နားလည်အောင် ကြိုးစားဖို့ အချိန်ပါ။ ပထမဆုံးကတော့ အဘကြီး Grandfather လို့ပ သူ့စစ်သားများက ခေါ်နေကြတဲ့ စစ်ဗိုလ်ချုပ်က စတင်ရမှာပါ။ ( တိုင်းမ် မဂ္ဂဇင်းရဲ့ Burma: 19 Years of Protest ဓါတ်ပုံကို ကြည့်ပါ။)

**Related**



Burma: 19 Years of Protest



Burma: Aftermath



Behind Burma's Discontent

သစ္စာရှိမှု ... နဲ့ ကျက်သရေမဲ့မှု

သန်းရွှေဟာ ၁၉၉၂ မှစတင်ပြီး စဉ်းစားရခက်တဲ့၊ အငြင်းပွားစရာမလိုတဲ့ စစ်အစိုးရ ခေါင်းဆောင် ဖြစ်ခဲ့ပါတယ်။ "အာဏာအကုန်နီးပါး ရထားတဲ့ ခေါင်းဆောင်ပီပီ လုပ်ဆောင်ပြခဲ့တယ်" .. "ဘယ်သူမှ သူ့ကို အနည်းဆုံး ပွင့်ပွင့်လင်းလင်း အတိုက်အခံမလုပ်ချင်ကြဘူး" လို့ ဆီးကင်ပ် ကပြောပါတယ်။ သူ့ရဲ့ ဇာတိဗီဇကတော့ နိမ့်ချစွာနေထိုင်ပါတယ်။ မြန်မာ နောက်ဆုံးဘုရင်ရဲ့ မြို့တော် မန္တလေးမြို့နဲ့ မနီးမဝေး ရွာကလေးမှာ မွေးဖွားခဲ့ပါတယ်။ သူ အထက်တန်းကျောင်းက ထွက်လိုက်ရပြီးနောက် ဗိုလ်သင်တန်း OTS မတက်ခင်ကတော့ စာပို့လုလင်အဖြစ် အလုပ်လုပ်ခဲ့ပါတယ်။ နောက်ပိုင်း စစ်တပ်မှာ ရာထူးတွေ တက်လာပြီး စစ်တပ် စိတ်ဓါတ်ရေးရာ ဌာနမှာ တာဝန်ထမ်းဆောင် ခဲ့ဖူးပါတယ်။ ယုံမှားစရာမရှိတဲ့ သူ့ရဲ့ စစ်တပ်အပေါ် သစ္စာရှိမှုဟာ သူ့ရဲ့ "the secret of his success," အောင်မြင်မှုရဲ့ လျှို့ဝှက်ချက် လို့ ဘင်နီဒစ် ရော်ဂျာ Benedict Rogers က ပြောခဲ့ပါတယ်။ ရော်ဂျာ ဟာ မကြာမီ ထုတ်ဝေတော့မဲ့ "Than Shwe: Unmasking Burma's Tyrant" ဆိုတဲ့ စာအုပ်ရဲ့ စာရေးဆရာတဦး co-author ဖြစ်ပါတယ်။ "သူ့ဟာ အမြဲတမ်း အမိန့်နာခံတတ်တယ်။ သူ့ကို အန္တရယ်ရှိသူအဖြစ် ဘယ်သူကမှ မထင်၊မမြင်ခဲ့ဘူး၊ ဒါကြောင့် သူ့ကို ချီးမြှောက်တဲ့အနေနဲ့ ရာထူးတက်ပေးခံရတယ်။ အတိအကျပြောရင်တော့ သူ့မှာ ဘာမယ်မယ်ရရ ထူးခြားလုပ်ဆောင်မှုတွေ မရှိခဲ့၊ မပြခဲ့ပါဘူး" လို့ ပြောပါတယ်။

အမြင့်ဆုံးရာထူးကို ရောက်ပြီးတဲ့နောက်မှာတော့ သန်းရွှေဟာ အာဏာကို ထိန်းချုပ်နိုင်တဲ့ သူ့ပညာကို ပြခဲ့တယ် လို့ ဆီးကင်စ် က ပြောခဲ့ပါတယ်။ သူ့ပြိုင်ဖက်တွေကို အပြက်ချေမှုန်း၊ ထုတ်ပယ်နိုင်ခဲ့တယ်။ ၂၀၀၄ ခုနှစ်ကတည်းက ထောက်လှန်းရေးခေါင်းဆောင် ခင်ညွန့် ကို ထောင်ထဲထည့်ခဲ့တယ်။ စစ်တပ်ကို သစ္စာစောင့်သူ အရာရှိများဟာ လပ်စားမှုနဲ့ ကြွယ်ဝချမ်းသာလာတဲ့အပြင် ရာထူးတွေလည်း တက်လာလေ့ရှိတယ် လို့ မြန်မာ့အရေး စောင့်ကြည့်သူများက ပြောပါတယ်။

အနောက်နိုင်ငံများကတော့ သူ့ကို ခေတ်နောက်ပြန်ဆွဲသူ လို့ ပြောဆိုကြပေမဲ့ သန်းရွှေ ၇၆ နှစ် ကတော့ သူဟာ ဒေဝါလီခံခဲ့ရတဲ့ မြန်မာနိုင်ငံကို ပြန်လည်ပြုပြင်ခဲ့သူ၊ နိုင်ငံခြား ရင်းနှီးမြှုတ်နှံမှုကို ဖွင့်ပေးခဲ့သူ၊ လမ်း၊တံတားတွေ ဆောက်လုပ်ရုံသာမကဘူး မြို့တော်သစ် "နေပြည်တော်" Abode of Kings ကို တည်ဆောက်ခဲ့သူလို့ သူ့ကိုယ်သူ ရှုမြင်နေပါတယ်။ တကယ့်အဖြစ်မှန်ကတော့ နည်းနည်းကွဲပြားပါတယ်။ နိုင်ငံခြားကုန်သွယ်မှုကနေ

စစ်အစိုးရ ငွေကြေးအဆင်ပြေချမ်းသာလာတယ်။ ဝါရှင်တန်အခြေစိုက် EarthRights International ရဲ့ လက်ရှိထုတ်ပြန်ချက်အရ မြန်မာစစ်အစိုးရဟာ ၂၀၀၀ ခုနှစ်နောက်ပိုင်းမှာ အထူးသဖြင့် ရတနာ သဘာဝဓါတ်ငွေ့ စီမံကိန်းတခုတည်းက ဒေါ်လာ 4.83 billion ကို ရရှိခဲ့ပါတယ်။ ပြည်သူလူထုကတော့ ဆင်းရဲမွဲတေနေပြီး၊ နေပြည်တော်ကိုတော့ ဘွန်းဒေါဂယ် အနေနဲ့ ငွေအကုန်ကျခံ တည်ဆောက်ခဲ့တယ်။
(မှတ်ချက်။ ဘွန်းဒေါဂယ် Boondoggle - political favoritism that is of no real value to the community or the nation )

သန်းရွှေကို အသုံးမကျ၊ ရသေ့လိုလို ခေါင်းဆောင် - ဖယ်ရှားပစ်ရမယ် ပြောဆိုနေတာလည်း မှားပါတယ်။ အနှစ်၂၀လုံးလုံး စစ်အစိုးရဟာ စီးပွားရေးအကြပ်တည်းထဲမှာ ရောက်လှမ်းခဲ့ရတယ်။ ပထမဆုံး အရှေ့တောင်အာရှနိုင်ငံများက ရင်းနှီးမြှုတ်နှံမှုကို ရယူခဲ့ပါတယ်။ နောက်မှာ စီးပွားရေး အင်အားကြီးနိုင်ငံတခု ပေါ်လာတယ်။ "၁၉၈၈ ခုနှစ်မှာတော့ မြန်မာစစ်အစိုးရ ခေါင်းဆောင တစ်ဦးတစ်ယောက်မှ တရုပ်ပြည်ကြီး စီးပွားရေး အလျှင်အမြန် ကြီးထွားအောင်မြင်လာမယ်လို့ မထင်ခဲ့ပါဘူး" လို့ ဆီးကင်စ် ကပြောပါတယ်။ "ဒါပေမဲ့ တရုပ်ပြည်ကြီး စီးပွားရေး အောင်မြင်လာတယ်။ ဒါကို စစ်အစိုးရက အခွင့်ကောင်းယူပြီး တရုပ်နဲ့ နီးကပ်စွာဆက်ဆံရေးကို မြှင့်တင်လုပ်ဆောင်ခဲ့ပါတယ်" .. မြန်မာဟာ ASEAN အရှေ့တောင်အာရှအသင်းကို ၁၉၉၇ ခုနှစ်က ဝင်ရောက်ခဲ့ပြီး မိတ်ဆွေပိုများလာပါတယ်။ အနောက်နိုင်ငံများရဲ့ ပြစ်တင်ရှုံချမှု များကြားကနေ ကုန်စည်ရောင်းဝယ်မှု (ထိုင်းနိုင်ငံ သို့ မြန်မာ သဘာဝဓါတ်ငွေ့တင်ပို့ခြင်း) နဲ့ အိန္ဒိယနဲ့ ဆက်ဆံရေး ကောင်းစေမှု များကို လုပ်ဆောင်နိုင်ခဲ့ပါတယ်။ "အဆက်သွယ်ဝေးခေါင်လှတဲ့ နေပြည်တော်ကို တည်ဆောက်ရုံသာမကပါ .. စစ်အစိုးရဟာ တနှစ်ကို ခရီးသည် ၁၀ သန်း ကိုင်တွယ်နိုင်မဲ့ နိုင်ငံတကာလေဆိပ်တခုကို တည်ဆောက်ဖို့ စီစဉ်နေပါတယ်။ သူတို့ဟာ ကျွန်တော်တို့ထင်နေသလို သိပ် အထီးကျန်နိုင်ငံဖြစ်မနေပါဘူး" "မြန်မာနိုင်ငံနဲ့ မိတ်ဆွေလုပ်နေတဲ့ နိုင်ငံများကတော့ မြန်မာစစ်အစိုးရရဲ့ မဖွယ်မရာ လုပ်ဆောင်မှုများကို မျက်မမြင်လိုပဲ နေကြတယ်" လို့ ရော်ဂျာက ပြောပါတယ်။
( Read "Why Violence Erupted on the China-Burma Border.")

နိုင်ငံခြားသားတွေကို မနှစ်သက်တဲ့ နာမည်ဆိုး စစ်အစိုးရက အထီးကျန်နေဖို့ထက် အပြင်ထွက် ချိန်းခြောက်ဖို့ ပြင်ဆင်နေပါပြီ။ မြန်မာနိုင်ငံဟာ အင်အားကြီးနိုင်ငံများရဲ့ သိမ်းပိုက်ခြင်းကို ခံခဲ့ဖူးပြီး ၁၉၄၈ခုနှစ် လွတ်လပ်ရေးရပြီးတဲ့နောက်ပိုင်းမှာ တိုင်းရင်းသား သူပုန်များပြဿနာကို ရင်ဆိုင်နေဆဲဖြစ်ပါတယ်။ မြန်မာစစ်တပ်ရဲ့ ဝါဒကတော့ ပြည်တွင်း၊ ပြည်ပ အဖျက်သမားလို့ ရန်က ကာကွယ်ဖို့ .. တာဝန်ပဲ လို့ ဆိုပါတယ်။ ဗိုလ်ချုပ်ကြီးများဟာ သူတို့ကို ခြိမ်းခြောက်လာရင် ဒါဟာ မြန်မာ့အချုပ်အချာကို ထိပါးတယ်လို့ သတ်မှတ်ပါတယ်။ "ဒီအချက်ဟာ ထင်ယောင်ထင်မှားဖြစ်စေတာမဟုတ်ပါဘူး.. တလွဲဦးဆောင်မှုပါပဲ" လို့ မြန်မာ့အရေး ခွဲခြမ်းစိတ်ဖြာသူ ဩစတြေးလျားနိုင်ငံ Griffith University က အင်ဒရူးဆဲလ် Andrew Selth က ပြောပါတယ်။ ၁၉၈၈ ဒီမိုကရေစီ ရှစ်လေးလုံး အရေးအခင်းတုံးက အမေရိကန်ရေတပ်ကို မြန်မာ့ကမ်းရိုးတန်းမှာ အခြေချစေခဲ့တယ်။ နောက်ပိုင်းမှာ အဲဒီရေတပ်ဟာ မြန်မာပြည်ကို ချန်ရစ်ပြီး အီရန်၊ မြောက်ကိုးရီးယား တွေကို ရွှေ့သွားပါတယ်။ တကယ်ဖြစ်တာလား .. ဖြစ်ချင်ယောင်လုပ်ပြသလား .. ဘာပဲဖြစ်ဖြစ် အနောက်နိုင်ငံများရဲ့ ရန်သူလိုဆက်ဆံခြင်းကြောင့် စစ်အစိုးရဟာ ခိုင်မာတဲ့ လုပ်ဆောင်ချက် နှစ်ခုကို ဖြစ်ပေါ်စေခဲ့ပါတယ်။ အရှေ့တောင်အာရှမှာ လူအင်အားအကြီးဆုံး စစ်တပ်ကြီးကို တည်ဆောက်နိုင်ခဲ့ခြင်း နဲ့ တရုပ်၊ ရုရှား စတဲ့ ကုလသမဂ္ဂ အမြဲတမ်း အဖွဲ့ဝင် နှစ်နိုင်ငံနဲ့ ရင်းနှီးစွာ ဆက်ဆံနိုင်ခဲ့ခြင်း ပါပဲ။
( Read "A Closer Lok at Burma's Ethnic Minorities."

စစ်အာဏာရှင်ရဲ့ လုပ်ရပ်မြှင်ကွင်းများ

သန်းရွှေဟာ မြန်မာနိုင်ငံရဲ့ သာလွန်မြင့်မြတ်တဲ့ အုပ်ချုပ်သူတဦးပါ ဒါပေမဲ့ သူတယောက်ထဲပဲ ထိပ်မှာ ရှိနေတာမဟုတ်ပါဘူး။ ခေါင်းမာတဲ့ပြီး သူ့အပေါ် သစ္စာရှိတဲ့ သူ့နေရာဆက်ခံဖွယ်ရှိတဲ့ ဗိုလ်ချုပ်ကြီးရွှေမန်း နဲ့ အမေရိကန်ဆိုင်ရာ မြန်မာသံအမတ်ကြီးဟောင်း ဦးသောင်း - ယခု သိပ္ပံနှင့်နည်းပညာဝန်ကြီး တို့ဖြစ်ပါတယ်။ ဦးသောင်းဟာ အနုမြူနည်းပညာ ရရှိရေးကို ဦးဆောင်နေသူလို့ ယုံကြည်ရပါတယ်။ ပြီးတော့ သြဇာရှိသူ စီးပွားရေးသမား သူဌေးကြီးများလည်း ပါဝင်ပါတယ်။ ဒီ သူဌေးကြီးများဟာ အမေရိကန် နဲ့ ဉရောပသမဂ္ဂရဲ့ တားဆီးပိတ်ပင်မှုမှာ သူတို့ရဲ့ နိုင်ငံတကာခရီးသွားမှုတွေပါပဲ။ သန်းရွှေ အနီးမှာ ဒီ စီးပွားရေး သူဌေးကြီးများရဲ့ လုပ်ဆောင်မှုဟာ မြန်မာစစ်အစိုးရနဲ့ အပြုသဘောဆက်ဆံမှုကို အားပေးတဲ့ အမေရိကန်အထက်လွှတ်တော်အမတ် ဂျင်ဂက်ပ် ရဲ့ မြန်မာပြည်ခရီးစဉ်ကို ရှင်းပြနိုင်မယ်ဖြစ်ပါတယ်။ အမေရိကန်အထက်လွှတ်တော်အမတ် - ယခင် အမေရိကန် မရိန်းစစ်သားဟောင်း ကို  ပြုံးရွှင်စွာနဲ့ လက်ဆွဲနှုတ်ဆက်နေတဲ့ သန်းရွှေရဲ့ ဓါတ်ပုံကို မြန်မာအစိုးရ သတင်းစာ မြန်မာ့အလင်းမှာ ဖေါ်ပြရင်း " သြဇာရှိသူ အမေရိကန် အထက်လွှတ်တော်အမတ် - မြန်မာပြည်ကို စီးပွားရေးပိတ်ဆို့မှုကို ကန့်ကွက်ခြင်း" လို့ ရေးသားဖေါ်ပြထားပါတယ်။
(Read "Burma: Virginia Senator Jim Webb Visits Junta Leader.")

စစ်အစိုးရဟာ ဆယ်စု နှစ်စုလုံး စီးပွားရေးပိတ်ဆို့မှု၊ တင်းကျပ်စွာခံရင်း အသက်ရှင်ရပ်တည်နိုင်ခဲ့ပါတယ်။ သူတို့လိုချင်တဲ့ စီးပွားရေးပိတ်ဆို့မှုကို ပယ်ဖျက်စေဖို့ကတော့ နှစ်တော်တော်ကြာ စောင့်ရပါဦးမယ်။  "ကမ္ဘာကြီး ဘယ်လိုတွေးတွေး၊ သန်းရွှေကတော့ ဂရုမစိုက်ပါဘူး၊ ဒါပေမဲ့  အပယ်ခံတဆိပ် ကိုတော့ ဖယ်ရှားခံလို ပုံရပါတယ်" .. "ဥပဒေနဲ့အညီအောင် လုပ်ပြီးအုပ်ချုပ်လိုပုံရတယ်"   ၂၀၁၀ ရွေးကောက်ပွဲဟာ သူဖြစ်ချင်တာကို လုပ်ပေးလိမ့်မယ်လို့ မျှော်လင့်နေတယ် .. လို့ ရော်ဂျာက ပြောပါတယ်။ သန်းရွှေဟာ "စည်းကမ်းရှိသော ဒီမိုကရေစီ" လို့ ပြောဆိုလေ့ရှိပါတယ်။ ဒါဟာ စစ်တပ်ကို ညီညွှတ်စေရုံတင်မကဘူး သူ့ရဲ့ အာဏာ၊ အမျိုးနွယ်ဆက်တွေကိုလည်း ကာကွယ်နိုင်စေရန်ဖြစ်ပါတယ်။  ၂၀၀၂ ခုနှစ်မှာ သူ့ကို ဖြုတ်ချဖို့ ကြံရွယ်တဲ့ မသင်္ကာမှုနဲ့ သူ့ကို အာဏာရအောင် လုပ်ပေးခဲ့တဲ့ ဦးနေဝင်း နဲ့ သမီး စန္ဒာဝင်းတို့ကို နေအိမ်အကျယ်ချုပ် အမိန့်ချခဲ့ပြီး၊ ဦးနေဝင်းရဲ့ မြေးတွေကိုတော့ ထောင်သွင်း၊ အကျဉ်းချထားလိုက်ပါတယ်။ "ဦးနေဝင်းဟာ ဂုဏ်အသရေပျက်၊ အရှက်ခွဲခံရပြီး သေသွားရရှာတယ်"  လို့  စစ်အစိုးရ လက်အောက် နေထိုင်ရပုံအကြောင်း မှတ်တမ်းထားလောက်တဲ့  "Living Silence: Burma Under Military Rule"  စာအုပ်ရေးသူ စာရေးဆရာမ ခရစ်စတိုဖာဖင့်ခ် ကပြောပါတယ်။ သန်းရွှေတယောက် သူလဲပဲ ဒီလို အလားတူ နာကြင်စွာ ခံရဦးမှာပဲ ဆိုတာကို သတိထားမိမှာပါ။ စစ်အစိုးရခေါင်းဆောင်မှာ တခြား မိသားစု အားနည်းချက် ရှိပါသေးတယ်။ "အရိုင်းစိုင်း လုပ်ရပ်များ" ကိုလည်း သူက ခွင့်ပြုခဲ့ပါတယ် .. သားသမီး ၈ယောက်ထဲက တစ်ဦးဖြစ်တဲ့ စိန်တွေနှင့်နေအောင် ဝတ်ထားသူ သမီး သန္တာရွှေ နဲ့ စစ်တပ် ဗိုလ်မှူးတဦးနဲ့ စည်းစိမ်ပြ-လက်ထပ်ပွဲကို ဆင်းရဲမွဲတေနေတဲ့ နိုင်ငံက လူများအတွက် ဒေါသပွားစေခဲ့ပါတယ် .. လို့ ရော်ဂျာက ပြောပါတယ်။
(See pictures of Burma's discontent.)

တယောက်တည်း ရပ်တည်နေခြင်း

မြန်မာ ဒီမိုကရေစီ လှုပ်ရှားမှု များစွာတို့နဲ့ အမေရိကန် ကွန်ကရက်မှာ မြန်မာဗိုလ်ချုပ်များကို ကျေငြိမ်းဖို့ အစပြုလာတိုင်း သန်းရွှေလက်မှာ သွေးစွန်းနေတယ် ပြောပြီး ရပ်ဆိုင်းရတယ်။  ဒီ အဖိုးအရွယ်ကြီး သန်းရွှေက ၁၉၉၈ ခုနှစ်တုံးက အမျိုးသမီးများ၊ ကလေးများ အပါအဝင်ဖြစ်တဲ့ လူ ၈၁ ဦးကို မြန်မာနိုင်ငံ ပင်လယ် ကျွန်းကလေး တခုမှာ အစုလိုက်အပြုံလိုက် သတ်ဖို့ အမိန့်ပေး သတ်ဖြက်ပစ်ခဲ့တယ် .. လို့  ၂၀၀၅ ခုနှစ်က အမေရိကန်နိုင်ငံကို နိုင်ငံရေးခိုလှုံလာတဲ့ အောင်လင်းထွဋ် - မြန်မာ့စစ်တပ် ဗိုလ်မှူးဟောင်း နဲ့ သံတမန်ဟောင်း

ကပြောပါတယ်။ ၅နှစ်အကြာ မှာတော့ သန်းရွှေရဲ့ လက်မရွံ့ တပည့်များဟာ အတိုက်အခံခေါင်းဆောင် အောင်ဆန်းစုကြည် နဲ့ အဖွဲ့ဝင်များကို မန္တလေးမြို့ အနောက်ဖက်က ဒီပဲယင်း မှာ တိုက်ခိုက်ခဲ့တာ ဒါဇင်နဲ့ချီပြီး သေဆုံး၊ ထိခိုက် ဒဏ်ရာရခဲ့ကြပါတယ်။

ကမ္ဘာ့ငြိမ်းချမ်းရေး နိုဘယ်ဆုရှင် အောင်ဆန်းစုကြည်ဟာ သန်းရွှေရဲ့ အကြီးမားဆုံး ပြိုင်ဖက်ဖြစ်ပါတယ်။ "ပုဂ္ဂိုလ်ရေးအရ သူမကို မကြိုက်ဖူး" .. "ဒါဟာ နိုင်ငံရေးတွက်ချက်မှု သာမကပါဘူး၊ သူမဟာ အယူသည်းခေါင်းမာတယ်၊ အနောက်တိုင်းဆန်တယ်၊ စကားပြောရင့်သည်းတဲ့ အမျိုးသမီး .. လို့ သန်းရွှေက မြင်တယ်" .. တယ်။ ဒီနှစ် ဩဂုတ်လမှာပဲ အောင်ဆန်းစုကြည်ဟာ အိမ်တွင်း အကျယ်ချုပ်ချခြင်း စည်းကမ်းကို ဖေါက်ဖျက်တယ်ဆိုပြီး အမေရိကန်တဦး သူမရဲ့ အင်းယားကမ်းစပ်အိမ်ကို ရေကူးဝင်လာတဲ့ အမှုမှာ အပြစ်ရှိတယ် စီရင်ချက်ချပါတယ်။ ၃ နှစ် ထောင်သွင်းအမိန့်ထုတ်ပြီး ၁၈လ အကျယ်ချုပ်အဖြစ် ပြောင်းလဲချပေးကြောင်း တရားရုံးမှာ ကျယ်လောင်စွာ ဖတ်ကြားပါတယ်။ သန်းရွှေရဲ့ "သူမအပေါ် ..ထောက်ထားခြင်း" လို့ ဆီးကင်စ် ကပြောပါတယ်။
(Read "Burma Court Finds Aung San Suu Kyi Guilty.")

စစ်အရာရှိဟောင်း နိုင်ငံရေးခိုလှုံသူ အောင်လင်းထွဋ် ကတော့ လျှော့မတွက်ပါဘူး။ သူ့ရဲ့ တပ်မှူးဟောင်း သန်းရွှေ ဟာ အနောက်နိုင်ငံများရဲ့ ပိတ်ဆို့မှုကို ထောက်ခံတဲ့ အောင်ဆန်းစုကြည်ကို သိက္ခာချမဲ့ လုပ်ရပ်အားလုံး ဘာမဆိုလုပ်မှာပဲ လို့ ပြောပါတယ်။ သန်းရွှေ ဂျင်ဂက်ပ် ကိုတွေ့ဆုံခြင်းမှာ အနောက်နိုင်ငံများ စီးပွားရေးပိတ်ဆို့မှုကို ဖျက်သိမ်းဖို့ အရေးကို နိုဘယ်ဆုရှင် အောင်ဆန်းစုကြည်ဟာ ခေါင်းမာစွာနဲ့ အတားအဆီးလုပ်တယ် .. လို့ ဖေါ်ပြပါတယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အမေရိကန် ဆက်သွယ်လာမှုဟာ "ကောင်းပါတယ်" လို့ မကြာခင်က အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပြောရေးဆိုခွင့်ရှိသူက တဆင့် ပြောကြားခဲ့တာကိုတော့ .. မဖေါ်ပြခဲ့ပါဘူး။

ဒေါ်အောင်ဆန်းစုကြည်ဟာ သတိရှိရှိ ရှိနေပါတယ်။ ဘယ်သူက သူမကို အပြစ်တင်မှာလဲ။ သန်းရွှေဟာ သူ့ရဲ့ အာဏာချုပ်ကိုင်မှုကို နိုင်ငံရေးကစားကွက်အတွက် အတိုက်အခံများလည်း ပါဝင်ဖို့ တဖက်သတ် တောင်းဆိုနေဆဲ ဖြစ်ပါတယ် .. ဆီးကင်စ် က ပြောပါတယ်။ အခု အမေရိကန်ရဲ့ ချဉ်းကပ်မှုဟာ အိမ်ဖြူတော်ရဲ့ သံတမန်ရေးရာ လုပ်ငန်းသစ်တခုဖြစ်ပြီး "နည်းလမ်းတခုပဲ ပြောင်းလဲကျင့်သုံးတာဖြစ်ပြီး .. နည်းပြုဟာကြီးတခုလုံးပြောင်းခြင်း မဟုတ်ပါဘူး" လို့ စာရေးဆရာမ ခရစ်စတိုဖာဖင့်ခ် ကပြောပါတယ်။ အမေရိကန်ရဲ့ ပြောင်းလဲမှုဟာ တရုပ်နိုင်ငံရဲ့ ဩဇာ မြန်မာအပေါ်သက်ရောက်မှု နဲ့ သန်းရွှေရဲ့ အနုမြူ ရည်မှန်းချက်များကို ဂါရှင်တန်က စိုးရိမ်မှုကြောင့်ပါ .. ဂါရှင်တန်အနေနဲ့ မြန်မာစစ်အစိုးရရဲ့ တခါးဖွင့်လိုခြင်းမှာ ပိုမိုခန့်မှန်းခြင်းကို စွန့်စားမှုတရပ်လို့လဲ .. အမေရိကန်အစိုးရဟာ ၁၉၉၀ က ဂျပန်အစိုးရရဲ့ စီးပွားရေးအခွင့်အလမ်းများ ပေးရင်း စစ်အစိုးရကို ဆက်သွယ်ခဲ့တာကို ပြန်လည် သတိရမယ်လို့ ထင်ပါတယ် .. လို့ ... ဆီးကင်စ် ကယုံကြည်ပါတယ်။

အခုလက်ရှိအချိန်မှာတော့ စစ်အစိုးရဟာ ဘက်စုံကနေ ဆက်သွယ်လုပ်ဆောင်နေပါတယ်။ ယခင်လက ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် က ကုလသမဂ္ဂ အထွေထွေ ညီလာခံမှာ ၁၄ နှစ်အတွင်း အဆင့်အမြင့်ဆုံး မြန်မာခေါင်းဆောင် တဦးအနေနဲ့ တက်ရောက် မိန့်ခွန်းပြောခဲ့ပါတယ်။ သူက "ပိတ်ဆို့တားဆီးမှုများဟာ တရားမမျှတကြောင်း ပြောကြားခဲ့ပါတယ်။ နယူးယောက်မြို့မှာပဲ သိန်းစိန်ဟာ ဂျင်ဂက်ပ် နဲ့ အမေရကန် လက်ထောက် နိုင်ငံခြားရေးဝန်ကြီး ခပ် ကင်ဘဲလ် ကို တွေ့ဆုံခဲ့ပါတယ်။ မြန်မာပြည်ပြန်သွားပြီးနောက်မှာ အောင်ဆန်းစုကြည်ဟာ စစ်အစိုးရအထူးအရာရှိနဲ့ တွေ့ဆုံခဲ့ပါတယ်။ စီးပွားရေး ပိတ်ဆို့မှုကို ရပ်တံ့ရေးအတွက်

ဆွေးနွေးတယ်လို့ ယူဆရပါတယ်။

ဒါတွေဟာ အခုကာလတွေမှာ ဖြစ်မလာနိုင်သေးပါဘူး။ ဒီတွေ့ဆုံမှုတွေဟာ "မှားယွင်းတဲ့ အချက်ပြခြင်း" များဖြစ်သွားနိုင်ကြောင်း ကင်းဘဲလ် က သတိပေးလိုက်ပါတယ်။ ကင်းဘဲလ် ရဲ့ အရာရှိဖြစ်သူ ဟီလာရီကလင်တွန်ကလည်း သဘောတူပါတယ်။ "စီးပွားရေးပိတ်ဆို့မှုများဟာ အမေရိကန်ရဲ့ ပေါ်လစီမှာ အရေးပါနေဆဲဖြစ်တယ်" .. ဒီဆက်သွယ်၊ တွေ့ဆုံမှုများဟာ မြန်မာ့ဒီမိုကရေစီ ပန်းတိုင်ကို ရောက်ရှိရေးအတွက် "တန်ဆာပလာများ" ဖြစ်ပါတယ် .. လို့ ဟီလာရီကလင်တွန်က ပြောပါတယ်။ သန်းရွှေရဲ့ ပြန်လည်ပေါင်းစည်းရေးအတွက် ဘာတခုမှမလုပ်ခဲ့တဲ့ နောက်ကြောင်းအချက်များကို ပြန်ကြည့်ရင် အမေရိကန် အရာရှိများ မြန်မာစစ်အစိုးရနဲ့ ဆက်ဆံရေးရဲ့ အကျိုးသက်ရောက်မှုကို လျှော့ပေါ့ပြောခြင်းဟာ သူတို့ရဲ့ ပြောပိုင်ခွင့်ပါ။ ခေါင်းမာတဲ့ မြန်မာစစ်ခေါင်းဆောင်ရဲ့ လျှော့ပေးမှုဟာ နောင်နှစ် ရွေးကောက်ပွဲမှာ ပြိုင်ခွင့်မရှိတဲ့ အောင်ဆန်းစုကြည် နဲ့ နိုင်ငံရေးအကျဉ်းသားများကို လွှတ်ပေးခြင်းနဲ့ စတင်ရပါမယ်။ အခုတော့ ဒီမိုကရေစီဟာ ဝေး .. နေဆဲပါပဲ။ .. အားလုံးက ပြန်လည်ပေါင်းစည်းခြင်းကို တောင်းဆိုနေကြတယ် .. ဒါပေမဲ့ သန်းရွှေကတော့ ဒါကို အရေးကြီးတယ်လို့ မစဉ်းစားဘူး .. ... "သူ.. မြင်ကွင်းက ပျောက်မသွားမချင်း ဘာတခုမှ အပြောင်းအလဲ ဖြစ်မှာ မဟုတ်ပါဘူး" .. လို့ ဆီးကင်စ် ကပြောပါတယ်။ လူတယောက်ဟာ အရာရာကို ထိန်းချုပ်ထားခြင်းဟာ မြန်မာပြည်မှာ ဖြစ်နေပါတယ်။

Read "Inside Burma's War."
Read "Why the Omens Are Not Auspicious for the Burma's Junta."

တိုင်းမဂ္ဂဇင်းရဲ့ အင်ဒရူးမာရှယ်ဆောင်းပါးကို ပြန်ဆိုခြင်းဖြစ်ပါတယ်။

ဆန်းသစ်

The End...

Translated from 19-Oct-2009 Times Magazine's article "Getting to know Burma rulling General" by Andrew Marshell

http://www.time.com/time/magazine/article/0,9171,1929130,00.html



## ရက်စက်တဲ့နေရာနဲ့ ညစ်ပတ်စုတ်ပဲ့တဲ့နေရာမှာလည်း အသွင်တူကြတယ်

မင်းဆိုးမင်းညစ်သန်းရွှေ nUnmasking Burma’s Tyrant by Benedict Rogers & Jeremy Woodrum
ဦးအောင်ခင် / ၁၂ စက်တင်ဘာ ၂၀၁၀
လွတ်လပ်ရေးရပြီး မြန်မာပြည်မှာ မင်းဆိုးမင်းညစ် (၂) ဦး ကြီးစိုးတယ်။ ဗိုလ်နေဝင်းနဲ့ ဗိုလ်သန်းရွှေဖြစ်တယ်။ ရက်စက်တဲ့နေရာနဲ့ ညစ်ပတ်စုတ်ပဲ့တဲ့နေရာမှာလည်း အသွင်တူကြတယ်။ တိုက်ဆိုင်ပုံကတော့ (၂) ဦးစလုံး စာတိုက်စာရေးဘဝက အာဏာရှင် မင်းဆိုးမင်းညစ်ဖြစ်လာတာပဲ။ အသက် (၉၀) အရွယ် ဗိုလ်နေဝင်းဟာ နေအိမ်မှာ အကျယ်ချုပ်နဲ့နေရင်း သေဆုံးသွားတယ်။ ပြည်သူပြည်သားတွေ အကြီးအကျယ် ဒုက္ခရောက်အောင် လုပ်ရာမှာလည်း အသွင်တူကြတယ်။ ဗိုလ်သန်းရွှေလက်ထက်မှာ အစိုးရတပ်ဟာ မုဒိမ်းတပ်မတော်ဆိုတဲ့ အမည်သစ်ကို ရလိုက်တယ်။ အစိုးရအမှုထမ်းအားလုံးကို သူခိုးဖြစ်အောင် လုပ်တဲ့နေရာမှာလည်း ဗိုလ်နေဝင်းနဲ့ ဗိုလ်သန်းရွှေဟာ အသွင်တူကြတယ်။

ဗိုလ်နေဝင်း အတ္ထုပ္ပတ္တိကို တပည့်ကျော်ကပ်ဖားကြီး ဒေါက်တာမောင်မောင်ကရေးပြီး မြှောက်ပင့်ထားတယ်။ ဗိုလ်သန်းရွှေကိုတော့ ရေးမယ့်သူမရှိဘူး။ မယ်မယ်ရရ ဘာမှ စွမ်းဆောင်နိုင်တာမဟုတ်ဘဲ အကြီးအကဲဖြစ်လာတဲ့ ဗိုလ်သန်းရွှေကို ဘယ်သူကမှ အထင်မကြီးကြဘူး။ ဗိုလ်သန်းရွှေလက်ထက်မှာ သေကျေပျက်စီးသူနဲ့ အကြီးအကျယ် ဒုက္ခရောက်ရသူတွေ သန်းချီရှိနေပေမယ့် သူ့အကြောင်းကို ကမ္ဘာက မသိကြဘူး။ ဒါကြောင့်မို့ စာတိုက်စာရေးဘဝက အလွန်ဆိုးဝါးတဲ့ အာဏာရှင်ဖြစ်လာတဲ့ ဗိုလ်သန်းရွှေအကြောင်းကို Benedict Rogers နဲ့ Jeremy Woodrum တို့က စာအုပ်ရေးပြီး မကြာမီက ထုတ်ဝေလိုက်တာပဲ။ စာမျက်နှာသုံးရာကျော်ရှိတဲ့ စာအုပ်ဖြစ်ပေမယ့် ဗိုလ်သန်းရွှေအကြောင်းက နည်းနည်း ဆက်စပ်နေတဲ့ သမိုင်းနောက်ခံကို ဖော်ပြတာက များတယ်။ အင်္ဂလိပ်စာဖတ်ပရိသတ်အတွက် ရည်ရွယ်တာမို့ နောက်ကြောင်းတွေကို ရှင်းပြနေတာ ဖြစ်ပုံရတယ်။

မြန်မာ့နိုင်ငံရေးအရှုပ်အထွေးကို လေ့လာတဲ့ နိုင်ငံခြားသားပညာရှင်တွေရဲ့ အဓိကအားနည်းချက်က မြန်မာစာမြန်မာစကား မတတ်တာပဲ။ မြန်မာလိုထုတ်ဝေတဲ့ ကွန်ပျူတာဂျက်ဘ်ဆိုက်နဲ့ ဘလော့ခ်တွေရှိပေမယ့် မြန်မာစာမတတ်တော့ မသိကြဘူးပေါ့။ ဥပမာ “ဖိုးတရုတ်ဘလော့ခ်” ဆိုရင် စစ်တပ်ရဲ့ အတွင်းသတင်းတွေကို ဖော်ပြနိုင်တယ်။ နိုင်ငံခြားသားပညာရှင်တွေရဲ့ အားသာချက်ကတော့ နိုင်ငံခြားအသိုင်းအဝိုင်းရဲ့ အမြင်ကို တင်ပြနိုင်တာပါပဲ။ ဒါကြောင့် မြန်မာပရိသတ် သိပြီးသားဖြစ်တဲ့ နောက်ကြောင်းကို မတင်ပြဘဲ ဗိုလ်သန်းရွှေနဲ့ ပတ်သက်တာကိုသာ လိုရင်းတိုရှင်း ကောက်နုတ်တင်ပြပါမယ်။
ကျောက်ဆည်မြို့နယ်က ရွာတရွာမှာ ဗိုလ်သန်းရွှေကို ၁၉၃၃ က မွေးဖွားတာမို့ အခုဆိုရင် (၇၇) နှစ်ရှိနေပါပြီ။ လယ်သမားမိဘက ပေါက်ဖွားလာသူဖြစ်လို့ အခြေခံပညာအလယ်တန်း (သို့မဟုတ်) အထက်တန်းလောက်အထိသာ သင်ကြားနိုင်တယ်။

ဒါကြောင့် ကျောက်ဆည်နယ်သားဂန်ကြီးတွေဖြစ်တဲ့ ဦးသောင်းနဲ့ ဦးအောင်သောင်းကို လူရင်းအဖြစ် သတ်မှတ်ထားတာ ဖြစ်ပုံရပါတယ်။ စစ်ဗိုလ်ဘဝမှာ စကားနည်းပြီး အထက်အရာရှိအကြိုက် လိုက်ပြောသူဖြစ်တယ်။ အခြားစစ်ဗိုလ်တွေ တက်တက်ကြွကြွဆွေးနွေးချိန်မှာ ဗိုလ်သန်းရွှေဟာ ငြိမ်ကုတ်နေတတ်တယ်။ မဆလပါတီနဲ့ စစ်တပ်ကို ဗိုလ်သန်းရွှေက အလွန်သစ္စာရှိပြီး အထက်လူကြီးအကြိုက် လုပ်ဖို့သာ အမြဲတမ်းစဉ်းစားနေတာမို့ ရာထူးတက်တာလို့ ဆိုကြတယ်။ မိမိရည်မှန်းချက်ကို ဖုံးဖိထားနိုင်သူဖြစ်တယ်။

၁၉၅၆ မှာ ဒေါ်ကြိုင်ကြိုင်နဲ့ အိမ်ထောင်ကျတယ်။ ပဒို့တိုင်းရင်းသူ ဒေါ်ကြိုင်ကြိုင်ဟာ ခင်ပွန်းစစ်ဗိုလ် ကျဆုံးသွားလို့ မုဆိုးမ ဖြစ်နေသူပါပဲ။ စစ်ဗိုလ်တဦး ကျဆုံးသွားလို့ ကျန်ရစ်သူဇနီးသည်ကို နောက်စစ်ဗိုလ်တဦးက ဆက်ယူတာမျိုးဟာ စစ်တပ်ထဲမှာ ရှားတယ်။ ဒေါ်ကြိုင်ကြိုင်ကိုလက်ထပ်ဖို့ စစ်ဗိုလ်တွေ ကံစမ်းမဲနှိုက်တဲ့အခါ ဗိုလ်သန်းရွှေမဲပေါက်သွားလို့ ယူရတာလို့လည်း ပြောကြတယ်။ တချို့ကလည်း တပ်ရင်းမှူးစီစဉ်တာကို မငြင်းချင်တဲ့အတွက် ဒေါ်ကြိုင်ကြိုင်ကို ယူလိုက်တာလို့ ပြောကြတယ်။ ဒေါ်ကြိုင်ကြိုင်ရဲ့ ငယ်အမည်က အကြိုင်ဖြစ်ပြီး ဗိုလ်သန်းရွှေနဲ့ရပြီးတော့မှ ဒေါ်ကြိုင်ကြိုင် ဖြစ်လာတာလို့လည်း ဆိုတယ်။

ဒေါ်ကြိုင်ကြိုင် ပထမယောကျ်ားရတဲ့ကလေးပါဆိုရင် ဗိုလ်သန်းရွှေမှာ သားသမီး (၈) ယောက်ရှိတယ်။ ဒီ (၈) ယောက်စလုံးကို စစ်အစိုးရနဲ့ စီးပွားရေးသမားတွေက အလုပ်အကျွေးပြုနေရတယ်။ ဗိုလ်သန်းရွှေ မိသားစု စီးပွားရေးသောင်းကျန်းပုံ၊ လောဘကြီးပုံတွေကို လူပြောများလို့ ပြည်သူ့ချဉ်ဖတ် ဖြစ်နေတာ ထင်ရှားတယ်။ ဗိုလ်သန်းရွှေရဲ့သမီး သန္တာရွှေမင်္ဂလာဆောင်မှာဝတ်ဖို့ လက်ဝတ်ရတနာတွေ ငှားလိုက်တဲ့ မိုးကုတ်သူဌေး မိသားစုတစုလုံး ရန်ကုန်မှာ ၂၀၀၈ ခုက အသတ်ခံလိုက်ရတာဟာ ဗိုလ်သန်းရွှေမိသားစု လောဘဇောတိုက်နေတာနဲ့ ပတ်သက်တယ်ဆိုတဲ့ စွပ်ချက်တွေလည်း ရှိတယ်။ သန္တာရွှေ လက်ဝတ်ရတနာတွေ ပြိုးပြိုးပြက်ပြက် ဝတ်စားထားတဲ့ဓာတ်ပုံကို ခရစ်စမတ်သစ်ပင်နဲ့တူတယ်လို့ စင်ကာပူမင်းဆရာ လီကွမ်ယူးက မှတ်ချက်ချတာကိုလည်း ဖော်ပြထားတယ်။

စစ်ပညာဘက်ကကြည့်ရင် ဗိုလ်သန်းရွှေဟာ စစ်ဗိုလ်အညံ့စားထဲမှာပါတယ်။ ရှေ့တန်းစစ်မျက်နှာမှာ အောင်မြင်မှုဆိုလို့ ဗိုလ်သန်းရွှေမှာ ပြစရာတခုမှမရှိဘူး။ ဗိုလ်သန်းရွှေပါဝင်တဲ့ ဗကပစစ်ဆင်ရေးအားလုံး အရှုံးနဲ့ နိဂုံးချုပ်တယ်။ ဗိုလ်အောင်ဖုန်း ဦးစီးတဲ့ မိုင်းရန်တိုက်ပွဲတခုမှာသာ ဗိုလ်သန်းရွှေက ဗကပတပ်ကို နိုင်လိုက်တယ်လို့ ဗကပဟောင်း ဦးအောင်ကျော်ဇော ပြောတာကို ကိုးကားထားတယ်။ ဗိုလ်အောင်ဖုန်းဟာ နောင်အခါမှာ သစ်တောဂန်ကြီးဖြစ်လာတယ်။ ခေါင်းဆောင်မှုညံ့ဖျင်းပြီး လက်နက်အင်အား မကောင်းတာကြောင့် ဗိုလ်သန်းရွှေဟာ တိုက်ပွဲတိုင်းမှာ အရှုံးနဲ့ရင်ဆိုင်ရတယ်။ ၁၉၈၀ ဇွန်လ (၂၀)

မှာ ဗကပနဲ့ဖြစ်ပွားတဲ့ (၆) ရက်တိုက်ပွဲကို ကျိုင်းတုံကနေ စစ်ကူသွားဖို့ ဗိုလ်သန်းရွှေကို အမိန့်ပေးတဲ့အခါ ဗိုလ်သန်းရွှေဟာ (၂) ရက် ရေဒီယိုအဆက်အသွယ် ဖြတ်တောက်ထားတယ်။ ဗိုလ်ချုပ်လှဦး ဒေါသဖြစ်ပြီး ဗိုလ်သန်းရွှေကို ရာထူးက ထွက်ခိုင်းကြောင်း ဦးအောင်ကျော်ဇောက ပြောပြတယ်။ ဗကပက ကြားဖြတ်နားထောင်မှာစိုးလို့ ရေဒီယိုဆက်သွယ်စက်ကို ပိတ်ထားတာဖြစ်တယ်လို့ ဗိုလ်သန်းရွှေက ဆင်ခြေပေးတယ်တဲ့။

စစ်မြေပြင်မှာ အောင်မြင်မှုမရပေမယ့် အထက်ကို အမြဲလေးစားတဲ့ ဗိုလ်သန်းရွှေ အလုပ်မပြုတ်ဘူး။ စစ်တိုက်တော်သူကို ဗိုလ်နေဝင်းက မြှောက်စားတာမဟုတ်ဘဲ ကျိုးနွံသူကိုသာ လက်သပ်မွေးလေ့ရှိတယ်။ ဗိုလ်သန်းရွှေဟာ သူ့ဆရာ ဗိုလ်ချုပ်အေးကိုကြောင့် အလုပ်မပြုတ်ဘဲ တပ်ရင်းမှူးဘဝက တိုင်းမှူးဖြစ်လာတာလည်း ဖြစ်နိုင်တယ်။ သဘောကောင်းတဲ့ တိုင်းမှူးအဖြစ် ဗိုလ်သန်းရွှေကို မှတ်မိသူတွေရှိပါတယ်။ ဗိုလ်သန်းရွှေကို စစ်တပ်နဲ့ မဆလပါတီအား အလွန်သစ္စာရှိသူအဖြစ်လည်း မှတ်မိကြတယ်။ အထက်အကြိုက်လိုက်လုပ်ရင်း ၁၉၈၅ မှာ ဒု-ကာကွယ်ရေးဦးစီးချုပ်နဲ့ ဒု-ကာကွယ်ရေးဝန်ကြီး ဖြစ်လာတာမို့ ရှစ်လေးလုံးအရေးတော်ပုံကာလမှာ ဆန္ဒပြသူတွေကို သတ်ဖြတ်ရာမှာ ဗိုလ်သန်းရွှေလည်း တာဝန်မကင်းဘူးလို့ သိရတယ်။

ဗိုလ်ချုပ်ကြီးစောမောင်နဲ့ ဗိုလ်နေဝင်းရဲ့ကိုယ်စားလှယ် ထောက်လှမ်းရေးအကြီးအကဲ ဗိုလ်ခင်ညွန့်က ဦးဆောင်ပြီး စစ်အာဏာ သိမ်းပေမယ့် ဗိုလ်ခင်ညွန့်ဟာ စစ်တပ်အတွေ့အကြုံ မရင့်ကျက်တာကြောင့် နဝတ ဒု-ဥက္ကဋ္ဌနေရာကို ဗိုလ်သန်းရွှေ ရသွားတာလို့ ဆိုတယ်။ နဝတအစိုးရ တက်လာပြီး မကြာမီ ရွေးကောက်ပွဲ ကျင်းပပြီး အနိုင်ရတဲ့ပါတီကို အာဏာလွှဲပေးမယ်လို့ ဗိုလ်ခင်ညွန့်က ၁၉၈၈ စက်တင်ဘာ (၂၂) ရက်နေ့မှာ ပြောတယ်။ ဗိုလ်ချုပ်ကြီးစောမောင်ကလည်း ရွေးကောက်ပွဲအနိုင်ရတဲ့ ပြည်သူ့ကိုယ်စားလှယ်တွေက အစိုးရဖွဲ့လိမ့်မယ်လို့ ၁၉၈၉ မတ်လ (၂၇) ရက်နေ့က ပြောတယ်။ နောက်တခါ ဇူလိုင်လ (၅) ရက်နေ့မှာ တခါထပ်ပြီး မဲအများဆုံးရသူက အစိုးရဖွဲ့နိုင်မယ်ဆိုရင် အာဏာလွှဲပေးပြီး အစိုးရသစ်ကပဲ အခြေခံဥပဒေသစ်ကို ရေးဆွဲရမယ်လို့ဆိုတယ်။

ဒါပေမယ့် ၁၉၉၀ မေလ (၂၇) ရက်နေ့ကျင်းပတဲ့ ရွေးကောက်ပွဲမှာ အန်အယ်လ်ဒီအနိုင်ရတော့ နဝတအစိုးရဟာ ကတိမတည်နိုင်တော့ပါဘူး။ ဗိုလ်ချုပ်မှူးကြီးစောမောင်နဲ့ ထောက်လှမ်းရေးဦးစီး ဗိုလ်ချုပ်ခင်ညွန့်တို့ ဦးဆောင်နေစဉ် ဗိုလ်ချုပ်ကြီးသန်းရွှေဟာ အစည်းအဝေးမှာ စကားတလုံးမှမပြောဘဲ နေတတ်တယ်လို့ အနောက်တိုင်း သံတမန်တဦးက ပြောတယ်။ ဗိုလ်ချုပ်မှူးကြီးစောမောင် ကျန်းမာရေးကြောင့် စိတ်မမှန်တဲ့အခါမှာ ဖြုတ်ပစ်ဖို့တွက် ဗိုလ်ချုပ်ကြီး သန်းရွှေနဲ့ ဗိုလ်ချုပ်ခင်ညွန့်တို့က ပူးပေါင်းကြံစည်တာ ဖြစ်ပါတယ်တဲ့။ ဗိုလ်ခင်ညွန့်ဟာ မဆလဥက္ကဋ္ဌဟောင်း ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ ကိုယ်စားလှယ်သဘောမျိုးနဲ့ ဆောင်ရွက်နေချိန်ပါပဲ။

၁၉၉၂ ဧပြီလ (၂၃) ရက်နေ့မှာ ဗိုလ်သန်းရွှေဟာ ဗိုလ်ချုပ်မှူးကြီးနဲ့ နဝတဥက္ကဋ္ဌရာထူးကို ဆက်ခံတယ်။ ဗိုလ်သန်းရွှေဟာ ကြာရှည်ခံမှာမဟုတ်ဘူးလို့ အများက မြင်ကြပါတယ်။

ဗိုလ်ချုပ်မောင်အေးနဲ့ ဗိုလ်ချုပ်ခင်ညွန့်ကိုသာ အထင်ကြီးကြတယ်။ သစ္စာရှိ ကျွန်ယုံသဘောမျိုးလို လုပ်ပြနေတဲ့ ဗိုလ်သန်းရွှေကို ဗိုလ်ချုပ်နေဝင်းကိုယ်တိုင် ယုံကြည်သွားပုံရတယ်လို့ ထိုင်းသံအမ္ဘာဟောင်းတဦးက အကဲဖြတ်တယ်။ နဂတဥက္ကဋ္ဌဖြစ်လာပြီး မကြာမီမှာ ညစဉ်ညတိုင်း နဂတအဖွဲ့ဟာ လျှို့ပုက်အစည်းအဝေးထိုင်ပြီး ဗိုလ်သန်းရွှေရဲ့စကားကို နာခံကြရပါတယ်တဲ့။ ဒီအချိန်မှာ ဗိုလ်ချုပ်ကြီးနေဝင်းရဲ့ အရှိန်အဝါ ကျန်နေဆဲဖြစ်ပါတယ်။

အန်အယ်လ်ဒီဥက္ကဋ္ဌ ဦးအောင်ရွှေဟာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေဆီကို ၁၉၉၇ မတ်လအထိ စာတွေရေးပြီး တွေ့ဆုံဆွေးနွေးဖို့ ကမ်းလှမ်းနေပေမယ့် ဗိုလ်သန်းရွှေကတော့ အန်အယ်လ်ဒီ လွှတ်တော်ကိုယ်စားလှယ်တွေကို ဖမ်းဆီးပြီး အမျိုးသားညီလာခံကို စိတ်ကြိုက်ကျင်းပဖို့ စီစဉ်ပါတယ်။ ဗိုလ်သန်းရွှေဟာ အန်အယ်လ်ဒီရဲ့ တောင်းဆိုမှုတွေကို အမြဲတမ်းလျစ်လျူရှုထားပါတယ်။ ဒီမိုကရေစီစနစ်ကျင့်သုံးဖို့ လုံးဝစိတ်မကူးပါဘူး။ နဂတဥက္ကဋ္ဌဖြစ်ပြီး မကြာမီ တိုင်းမှူးတဦးဖြစ်တဲ့ ဗိုလ်ချုပ်မောင်အေးကို စစ်ဦးစီးချုပ်အဖြစ် ခန့်အပ်လိုက်တယ်။ အပြင်လောကမှာ ဗိုလ်ခင်ညွန့်ကို ဒီမိုကရေစီပြုပြင်ရေးသမားလို့ ပြောဆို ရေးသားတာမျိုး ရှိပါတယ်။ တကယ်ကတော့ ဗိုလ်ခင်ညွန့်မှာ ဘာမှလုပ်ပိုင်ခွင့်မရှိပါဘူး။ ဗိုလ်သန်းရွှေသဘောမတူဘဲ ဘာမှလုပ်လို့ မရပါဘူး။ ဗိုလ်ခင်ညွန့်ရဲ့ ထောက်လှမ်းရေးအုပ်စုဟာ နိုင်ငံခြားကို မမှန်တဲ့သတင်းတွေ ပေးလေ့ရှိပါတယ်။ ဥပမာ ထောက်လှမ်းရေး ပြောသမျှယုံတဲ့ David Steinberg လို ပုဂ္ဂိုလ်တွေကို သတင်းပေးလေ့ရှိတယ်လို့ စစ်ဗိုလ်ဟောင်း ဦးအောင်လင်းထွဋ် ပြောတာကိုလည်း ဖော်ပြထားတယ်။

ဗိုလ်ခင်ညွန့်ထောက်လှမ်းရေးနဲ့ ဒေါ်အောင်ဆန်းစုကြည် တွေ့ဆုံဆွေးနွေးတဲ့အဆင့်ကို ရောက်ခဲ့ပေမယ့် ဗိုလ်ခင်ညွန့်မှာ ဆုံးဖြတ်ပိုင်ခွင့်မရှိတာ ထင်ရှားတယ်လို့ ကြားဝင်ဆောင်ရွက်ပေးခဲ့သူ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရာဇာလီက ပြောပါတယ်တဲ့။ ထောက်လှမ်းရေးဗိုလ်ခင်ညွန့်ကို စစ်တပ်ထဲမှာ မထောက်ခံတာဟာလည်း အားနည်းချက်ဖြစ်တယ်လို့ လူ့အခွင့်အရေးကိုယ်စားလှယ် ယိုဇိုယိုကိုတာက မြင်တယ်။ ဗိုလ်နေဝင်းရဲ့ အိပ်ဖန်စောင့်ထောက်လှမ်းရေးဘဝက တက်လာသူဖြစ်တာမို့ ဗိုလ်နေဝင်းသေတာနဲ့ ဗိုလ်ခင်ညွန့်က ကံကုန်တော့တာပဲလို့ ဆိုပါတယ်။ ဗိုလ်ခင်ညွန့်ကို အပြည်ပြည်ဆိုင်ရာက ပိုင်းထောက်ခံနေလို့လည်း ဘာမှလုပ်လို့ရမှာမဟုတ်ပါဘူး။ တကယ်တော့ ဗိုလ်ခင်ညွန့်မှာ နိုင်ငံရေးရည်မှန်းချက် ရှိတဲ့အတွက် ဗိုလ်သန်းရွှေက ဖြုတ်ပစ်လိုက်တာပါ။ ဗိုလ်သန်းရွှေရှေ့မှာဆိုရင် ဗိုလ်ခင်ညွန့်ဟာ ကျောင်းသားလေးတဦးလို ဖြစ်နေတယ်လို့ ကိုယ်တွေ့ကြုံခဲ့ရသာ ကုလသမဂ္ဂအထူးကိုယ်စားလှယ် ရာဇာလီက ပြောပါတယ်တဲ့။

ဗိုလ်သန်းရွှေဟာ သူ့အမိန့်ကို လုံးဝနာခဲ့တဲ့ တပည့်တွေကို ခန့်ထားတဲ့နည်းနဲ့ အာဏာတည်မြဲနေတာလို့ ဆိုပါတယ်။ လူယုံတွေကို မြှောက်စားပြီး မယုံကြည်သူတွေကို ထုတ်ပစ်တဲ့နည်းပါပဲ။ ဗိုလ်နေဝင်းကလည်း ဒီနည်းကိုပဲသုံးပါတယ်။ ဗိုလ်နေဝင်းရဲ့မြေးတွေကို အာဏာသိမ်းရန် ကြံစည်မှုနဲ့ဖမ်းတဲ့အခါမှာ ဗိုလ်နေဝင်းပါ အကျယ်ချုပ်ဘဝကို

ရောက်သွားပါတယ်။ ၂၀၀၂ ဒီဇင်ဘာမှာ ဗိုလ်နေဝင်းသေတော့ စစ်မှုထမ်းမှန်သမျှ မသာမပို့ရလို့ ဗိုလ်သန်းရွှေက အမိန့်ထုတ်တယ်။ အန္တရာယ်ကို ကာကွယ်ရာမှာ ကျူပင်ခုတ်ကျူငုတ်ပါမကျန်ဆိုတဲ့ စကားအတိုင်း အကုန်ရှင်းပစ်နိုင်တာကြောင့် တပ်တွင်းက အာဏာသိမ်းဖို့ဆိုတာ မဖြစ်နိုင်သလောက်ပဲလို့ ဆိုတယ်။ ရက်စက်ကြမ်းကြုတ်တဲ့ အစိုးရဆီက ထွက်ပြေးသူဦးရေဟာ တလမှာ အနည်းဆုံး (၁,၅၀၀) လောက်ရှိပါတယ်။ ၂၀၀၆ မေလက ဩဂုတ်လအထိ (၄) လအတွင်း တပ်သား ကိုးထောင်ကျော် ထွက်ပြေးကြတယ်။

ဒေါ်အောင်ဆန်းစုကြည်ကို ထမင်းဖိတ်ကျွေးတုန်းက အိမ်ရှင် ဗိုလ်သန်းရွှေကစပြီး စကားပြောရမှာ ဖြစ်ပေမယ့် စကားတလုံးမှ မပြောတဲ့အတွက် ဇွန်းသံ ခက်ရင်းသံတွေပဲ ကြားနေရတယ်လို့ ဒေါ်အောင်ဆန်းစုကြည်က ပြန်ပြောပါတယ်တဲ့။ ဒေါ်စုကို စကားစပြောသူဟာ ဗိုလ်မောင်အေးဖြစ်ပြီး တောပြန်းတဲ့အကြောင်း ပြောတယ်လို့ဆိုပါတယ်။ အာဏာရှိပေမယ့် ဗိုလ်သန်းရွှေဟာ ချက်ချင်းဆုံးဖြတ်ချက်ပေးနိုင်သူ မဟုတ်ပါဘူး။ ဒါကို အခြေအနေ စောင့်ကြည့်တာလို့ တချို့ကဆိုပါတယ်။ ဗိုလ်သန်းရွှေဟာ အချိန်မီဆုံးဖြတ်ချက်မချနိုင်ဘဲ အမြဲတမ်းနောက်ကျနေတာကိုကြည့်ရင် မိမိကိုယ်မိမိ ယုံကြည်မှုမရှိတာ သိသာတယ်လို့ ရန်ကုန်နေ လေ့လာသူတဦးက ပြောပြတယ်။ ဆုံးဖြတ်ချက်ချလိုက်ရင်လည်း သူ့အိုးနဲ့သူ့ဆန် တန်ရုံမဟုတ်ဘဲ အလွန်အကျွံဖြစ်နေတတ်တာဟာ ဗိုလ်သန်းရွှေရဲ့ အကျင့်ပဲလို့ ဆိုပါတယ်။

ဗိုလ်မောင်အေးကို ဗိုလ်သန်းရွှေရဲ့ ပြိုင်ဘက်အဖြစ်မြင်တာဟာလည်း အတွေးချော်နေတာဖြစ်တယ်လို့ ဆိုပါတယ်။ တိုင်းမှူးသက်တမ်းအနုဆုံး ဗိုလ်မောင်အေးဟာ ဗိုလ်သန်းရွှေမြှောက်စားလို့ လက်ရှိအခြေအနေကို ရောက်လာတာပါတဲ့။ ဗိုလ်မောင်အေးဟာ အရက်နဲ့အဂတ်အစားကိုသာ စိတ်ဝင်စားသူဖြစ်ပြီး နိုင်ငံရေး ရည်မှန်းချက် ကင်းမဲ့သူဖြစ်ပါတယ်။ ဘန်ကောက်ကိုအသွား လေယာဉ်ပေါ်မှာ ဗိုလ်မောင်အေးနဲ့ တပည့်လုပ်သူဟာ Kentucky Fried Chicken စားရတော့အကြောင်း ပြောဆိုနေတာကို ကြားလိုက်ရသူလည်း ရှိတယ်။ ဗိုလ်မောင်အေးဟာ နံပါတ် (၂) နေရာယူထားပေမယ့် နံပါတ် (၁) ကို မလှန်နိုင်သူဖြစ်တယ်။ ဗိုလ်သန်းရွှေသေရင် ဗိုလ်မောင်အေး တက်လာနိုင်ပေမယ့် ဗိုလ်သန်းရွှေက အာဏာလွှဲပေးမယ့်သူကတော့ သူ့ရွှေမန်းပါပဲ။

၁၉၉၃ မှာ တည်ထောင်တဲ့ ကြံ့ခိုင်ရေးနဲ့ ဖွံ့ဖြိုးရေးအသင်းဟာ ဗိုလ်သန်းရွှေရဲ့ ခါးပိုက်ဆောင်အသင်းပဲဖြစ်တယ်။ ဒီမိုကရေစီအင်အားစုတွေကို တိုက်ခိုက်ရာမှာ ဒီအသင်းကို သုံးပါတယ်။ လိုအပ်လာရင် ကြံ့ဖွံ့ကို ပြည်သူ့စစ်အဖြစ် အသုံးပြုမယ်လို့လည်း ရည်ရွယ်ပါတယ်။ ကြံ့ဖွံ့အသင်းဥက္ကဋ္ဌက ဗိုလ်သန်းရွှေဖြစ်တာမို့ ပါတီအဖြစ် အသွင်ပြောင်းတဲ့အခါမှာလည်း ပါတီဥက္ကဋ္ဌ ဆက်လုပ်နိုင်ပါတယ်။ ကြံ့ဖွံ့ပါတီ ရွေးကောက်ပွဲနိုင်လို့ အစိုးရဖွဲ့နိုင်ရင် ဗိုလ်နေဝင်းရဲ့ မဆလအာဏာရှင်ခေတ်ကို ပြန်ရောက်သွားသလို ဖြစ်နေတယ်။ ကြံ့ဖွံ့ လက်အောက်မှာ ရာဇဝတ်သားတွေနဲ့ ဖွဲ့စည်းထားတဲ့ စွမ်းအားရှင်ဆိုတဲ့ လူမိုက်အဖွဲ့ရှိတယ်။ မိခင်နဲ့ကလေးများစောင့်ရှောက်ရေးအသင်း၊ အမျိုးသမီးရေးရာဖက်ဒရေးရှင်း၊

မြန်မာ့ကြက်ခြေနီအသင်း စတာတွေကိုလည်း ဗိုလ်သန်းရွှေက ကြိုးကိုင်ထားတယ်။

ဗိုလ်သန်းရွှေရဲ့ လက်သုံးတော် စီးပွားရေးသမားတွေထဲမှာ တေဇ၊ ထွန်းမြင့်နိုင် (ခေါ်) စတီဗင်လော၊ အောင်ကိုဂင်း၊ ဆပ်ချ်ပန်း၊ မောင်ဂိတ်၊ ဌေးမြင့်၊ ခင်ရွှေ၊ ဇော်ဇော်၊ အိုက်ထွန်းနဲ့ ချစ်ခိုင်တို့က ထင်ရှားတယ်။ ဒီအထဲမှာ တေဇဟာ ဩဇာအရှိန်အဝါ အကြီးဆုံးလို့ဆိုတယ်။ ဗိုလ်သန်းရွှေရဲ့သမီး မင်္ဂလာဆောင်ကို တေဇကပဲ အကုန်ခံတယ်လို့ ကြားရတယ်။ အရေးကြီးတဲ့ ဆုံးဖြတ်ချက်တွေကို ချမှတ်ရာမှာ ဗိုလ်သန်းရွှေဟာ တေဇကိုသာ တိုင်ပင်တယ်လို့ သိရတယ်။ ဗိုလ်သန်းရွှေ ဘုရင်ရူးဖြစ်သွားအောင် ပတ်ဝန်းကျင်က ဖန်တီးပေးတာ ထင်ရှားတယ်။ အမိန့်နာခံမှုကို အဓိကထားတဲ့ စစ်တပ်ဓလေ့ကလည်း ဘုရင်ရူးဖြစ်အောင် ထောက်ခံအားပေးသလို ဖြစ်နေတယ်။ ဂေါက်သီးမရိုက်တတ်ဘဲ ဂေါက်သီးကစားတဲ့ သန်းရွှေ ရိုက်လိုက်တဲ့ ဂေါက်သီးဟာ ဘယ်ရောက်မှန်း ဘယ်သူမှမသိနိုင်ပါဘူးတဲ့။ ဒါပေမယ့် သန်းရွှေ ဘယ်လိုရိုက်ရိုက် သူ့ဂေါက်သီးဟာ ကျင်းနားမှာ အမြဲရောက်နေတာ တွေ့ရတယ်လို့ အမေရိကန်သံတမန်က မှတ်ချက်ချဖူးတယ်။ သူ့ဂေါက်သီးကို အစောင့်စစ်သားတွေက နေရာရွှေ့ပေးတဲ့အတွက် အမြဲတမ်း ကျင်းနားရောက်နေတာပါပဲ။ ဂေါက်သီးကစားရာမှာတောင် စည်းကမ်းမလိုက်နာဘဲ အာဏာပြတဲ့ မင်းဆိုးမင်းညစ် အရူးကြီးပါတကား။

# “ဗိုလ်ချုပ်မှူးကြီးသေမှ အပြောင်းအလဲဆိုတာမြင်တယ်”

ဦးအောင်လင်းထွဋ်သည် ရန်ကုန်မြို့တွင် မွေးဖွားခဲ့ပြီး ၁၉၇၈ ခုနှစ် ဇန်နဝါရီ ၂၆ တွင် တပ်မတော် ပြန်တမ်းဝင် အရာရှိအဖြစ် ခန့်အပ်ခြင်းခံရသည်။ ၁၉၉၉ ခုနှစ် စက်တင်ဘာတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနသို့ လွှဲပြောင်း အမှုထမ်းဆောင်ခဲ့သည်။ ၂၀၀၀ ပြည့်နှစ်တွင် စစ်တပ်မှ အငြိမ်းစား ယူခဲ့သည်။ အမေရိကန် နိုင်ငံ ဝါရှင်တန်မြို့ရှိ မြန်မာသံရုံး၌ သံမှူးကြီး အဖြစ် တာဝန် ထမ်းဆောင်ခဲ့ပြီး ၂၀၀၅ ခုနှစ်တွင် အမေရိကန် ပြည်ထောင်စုတွင် နိုင်ငံရေး ခိုလှုံခွင့် တောင်းခံခဲ့သည်။ မကြာသေးမီက ခရစ္စတီးကျွန်း လူသတ်မှုနှင့်ပတ်သက်၍ ကိုယ်တွေ့ကြုံခဲ့ရသည့် ဦးအောင်လင်းထွဋ်၏ ထုတ်ဖော်ပြောကြားချက်များမှာ အင်တာနက်ပေါ်တွင် ပျံ့နှံ့ခဲ့သည်။



ဦးအောင်လင်းထွဋ် (ဓါတ်ပုံ - www.photayokeking.org)

ခရစ္စတီးကျွန်း လူသတ်မှုတွင် ပါဝင်ခဲ့သည့် ဗိုလ်မှူးချုပ်သူရမြင့်အောင်မှာ ကာကွယ်ရေးဦးစီးချုပ် ရာထူးကို လွှဲပြောင်းရယူ မည့်သူဟု သတင်းကြီးနေပြီး ၎င်းမှာ ဦးအောင်လင်းထွဋ်နှင့် စစ်တက္ကသိုလ်တွင် ဆုံခဲ့သူလည်း ဖြစ်သောကြောင့် ခရစ္စတီးကျွန်း လူသတ်မှု အတွေ့အကြုံအပါအဝင် လက်ရှိ စစ်အစိုးရ အပြောင်းအလဲကိစ္စရပ်များနှင့် ပတ်သက်၍ ဧရာဝတီသတင်းထောက် ကိုထွေးက မေးမြန်းထားပါသည်။

**မေး**။ ။ ၁၉၉၈ ခုနှစ်က ခရစ္စတီးကျွန်း လူသတ်မှု ဖြစ်စဉ် အကြောင်း ပြောပြပေးပါလား။

**ဖြေ**။ ။ အိန္ဒိယထောက်လှမ်းရေးတွေနဲ့ ပတ်သက်တယ်။ အိန္ဒိယထောက်လှမ်းရေးကနေပြီးတော့မှ စစ်တပ်ချင်း သတင်း ဖလှယ်တဲ့ စနစ် လုပ်ကြတာကိုး။ အဲဒီမှာ အိန္ဒိယ ထောက်လှမ်းရေးက မြန်မာပြည်ဖွား၊ ဗမာနာမည်က မျိုးမြင့်ဆိုတဲ့ ကာနယ် ဂရိတ် ဝေါက ကျနော်တို့ကို ဆက်သွယ်တယ်။

သူတို့က မြန်မာပြည်နဲ့ ယိုးဒယားနယ်စပ်က ကျွန်းပေါ်မှာ သေနတ်တွေရှိတယ် ဆိုပြီး ကျနော်တို့ စစ်တပ်ကို သတင်းပေးတယ်ဗျ။ အဲဒါကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေက စစ်ဆင်ရေး ကြည်းတပ် တခု လုပ်ခိုင်းတယ်။ ဗိုလ်မှူးချုပ်သူရမြင့်အောင်ရဲ့ ကွပ်ကဲမှုနဲ့ ကော့သောင်းမှာ အခြေချ စစ်ဗျူဟာမှူးလုပ်တဲ့ ဗိုလ်မှူးကြီးဇော်မင်း၊ အခု ကြံ့ဖွံ့တွဲဘက် အထွေထွေ အတွင်းရေးမှူး၊ လျှပ်စစ် ဝန်ကြီးဇော်မင်းပေါ့။ သူက အဲဒီအချိန်တုန်းက ဗျူဟာမှူး။ သူနဲ့ တပ်ရင်းတရင်းပါတယ်။ အဲဒီမှာ ကျွန်းတွေကို တက်ပြီးတော့ ရှင်းတယ် ဆိုပါတော့ဗျာ။

ရှင်းတဲ့အခါကျတော့ အဲဒီကျွန်းပေါ်မှာ မီးကြိုးမောင်းပစ်သေနတ်တော့ တွေ့တယ်။ အလက် ၂၀၊ ၃၀ လောက်ပေါ့။ သူတို့ သတင်းပေးသလို ရာနဲ့ချီတဲ့ အကောင်းတွေ မရှိဘူး။ ဘယ်တုန်းက သေနတ်တွေလည်း မသိဘူး။ ဒါပေမယ့် ဖြစ်ချင်တော့ ကျွန်းပေါ်မှာက အရပ်သားတွေချည်းပဲ ၅၉ ယောက်ကို ဖမ်းမိတယ်။ အဲဒီ အရပ်သားတွေကို ရှင်းပစ်ရတယ်။ ကျနော်စိတ်မကောင်းတာက ၄၊ ၅၊ ၆ နှစ် အရွယ်ကလေးလေးတွေ ပါတယ်။ မိန်းမတစ်ယောက်ဆိုဗျာ၊ ကလေးမွေးပြီးတာ သိပ်မကြာသေးဘူး။ တကယ်တော့ အဲဒီအရပ်သားတွေက သစ်ခုတ်ပြီးတော့ ထိုင်းဘက်ကိုသွားရောင်းစားတဲ့ သူတွေပါ။

မေး။ ။ အဲဒီမှာ ဗိုလ်မှူးချုပ်သူရမြင့်အောင်ရဲ့ ပါဝင်ပတ်သက်မှုက ခေါင်းဆောင်တယောက် နေရာကလား။

ဖြေ။ ။ ကွပ်ကဲမှုအဖွဲ့မှာ သူက ကြည်းတပ်ရဲ့ ခေါင်းဆောင်ပေါ့ဗျာ။ တကယ် ကိုယ်ထိလက်ရောက် သတ်ရတာက ဗိုလ်မှူးကြီးဇော်မင်းပေါ့။ ရေတပ်ကခေါင်းဆောင်က ကြည်မင်းပေါ့။ လေတပ်ကခေါင်းဆောင်က မြင့်ဆွေပေါ့လေ။

မေး။ ။ ကာကွယ်ရေး ဦးစီးချုပ်ခန့်အပ်ဖို့အတွက် သတင်းတွေထွက်နေတဲ့ ဗိုလ်ချုပ်ကြီး သူရမြင့်အောင်နဲ့ အတူတူ ဖြတ်သန်းခဲ့တဲ့ အတွေ့အကြုံကို ပြောပြပေးပါ။

ဖြေ။ ။ ကိုသူရမြင့်အောင်က စစ်တက္ကသိုလ် အပတ်စဉ် ၁၈၊ ကျနော်က အပတ်စဉ် ၂၀ ဗျ။ ကျနော်တို့ စစ် တက္ကသိုလ်မှာ တပ်ခွဲ ၄ ခွဲရှိတယ်။ အောင်ဇေယျရယ်၊ အောင်ဆန်းရယ်၊ ဘုရင့်နောင်ရယ်၊ အနော်ရထာရယ်။ အဲဒီမှာ ကိုသူရမြင့်အောင်နဲ့ ကျနော်တို့က အောင်ဇေယျ တပ်ခွဲက၊ တခွဲထဲပဲ။ အဲဒီတပ်ခွဲမှာ ပထမနှစ်၊ ဒုတိယနှစ်၊ တတိယနှစ်၊ စတုတ္ထနှစ် လေးနှစ်လုံးကို အတူတူ ထားတယ်။ ၂ နှစ်အတူ တပ်ခွဲ တခွဲတည်းမှာ နေခဲ့ရတယ်။ ကျနော်တို့ အောင်ဇေယျမှာ မြင့်အောင် ၂ အောင်ရှိတယ်။ ကိုသူရမြင့်အောင်ကို ဒူကြီးလို့ ခေါ်တယ်ဗျာ။ ဖင်လုံးက ကြီးကြီးနဲ့ပေါ့ဗျာ။ သူ့ဖင်ကို ကျောင်းသားတွေက ဆိတ်ကြတာပေါ့။ သူက ပင်ကိုယ်ကတော့ ရိုင်းတာ မဟုတ်ဘူး။ လူချစ်လူခင်များတယ်။

၁၉၈၃၊ ၈၄ လောက်က ကရင်ပြည်နယ် မဲသဝေါမှာ တိုက်ပွဲတွေ အကြီးအကျယ် တိုက်ကြတဲ့ အချိန်မှာ ဗိုလ်ကြီးဘဝကနေ သူရဘွဲ့ကိုရတယ်။ သူရဘွဲ့ ရပြီးတဲ့ အခါကျ ဗိုလ်ကြီးဘဝမှာပဲ ခြေဆင်းမှူး တတိယတန်း ဆိုပြီးမှ သူက ဗိုလ်ချုပ်ကြီး ချစ်သူရဲ့ ကစထ ပေါ့လေ။ အဝေး စစ်ဆင်ရေး ဌာန အထူးဖွဲ့မှာ ကစထ ဗိုလ်ကြီးနဲ့ရောက်တယ်ဗျာ။ အဲဒီကနေပြီတော့ တပ်ခွဲမှူးနဲ့ ခြေလျင်ပြန်ဆင်း သွားရသေးတယ်။ စစ်ဦးစီးမှူး ဒုတိယတန်းနဲ့ ကစထ ဗိုလ်ချုပ်ကြီး ချစ်သူဆီ ပြန်ရောက်တယ်။ သူက ငယ်တဲ့အချိန်မှာ စိတ်ဓာတ်ကောင်းပါတယ်။ သူရမြင့်အောင်ကတော့ ဦးနှောက်တွေ၊ ဉာဏ်တွေဘာတွေ သုံးတဲ့လူမျိုး မဟုတ်ဘူး။ သိပ်ပြီးတော့မှ စဉ်းစား ဆင်ခြင်တဲ့လူမဟုတ်ဘူး။ အထက်က သတ်ဆိုသတ် လိုက်တာပဲ။

မေး။ ။ အခုရက်ပိုင်းအတွင်းက စစ်တပ်အတွင်း ရာထူးအပြောင်းအလဲနဲ့ ပတ်သက်ပြီး ဘယ်လိုယူဆပါသလဲ။

ဖြေ။ ။ ၁၉၉၇ ခုနှစ် ကျနော် စစ်ရုံးမှာ ရှိစဉ်တုန်းက နဝတ ဗိုလ်ချုပ်တွေကို ဖြုတ်ပြီး နအဖ ဖြစ်လာတဲ့ ဖြစ်စဉ်လေးတခု ရှိပါတယ်။ အဲဒီတုန်းက ဖြစ်စဉ်လေးကို အကြမ်းဖျင်း ပြန်ပြောရရင် မိန်းမနဲ့ ပတ်သက်တာကော၊ လာဘ်စားတဲ့ ကိစ္စတွေကော တော်တော်လေး နာမည်ထွက်တဲ့ ဗိုလ်ချုပ် ထွန်းကြည်၊ ဗိုလ်ချုပ် မြင့်အောင်၊ ဗိုလ်ချုပ်ကျော်ဘတို့ ကို ဖြုတ်မယ်ဆိုပြီး သတင်းတွေ ကြိုပြီး ထွက်ပါတယ်။ ရာထူး မဖြုတ်ခင်နေ့ မနက်မှာ ကျနော် တာဝန်မှူး တာဝန်ကျတယ်ဗျ။ မနက် ၄ နာရီမှာ ဗိုလ်ချုပ်တင်ဦးနဲ့ ဗိုလ်ချုပ်ခင်ညွန့်ကို ဖုန်းခေါ်တယ်ဗျ။ ဗိုလ်ချုပ်မှူးကြီးက ခေါ်ခိုင်းလို့ဆိုပြီးတော့ ခေါ်တာ။ ကျနော်တို့ကလည်း အဲဒီမှာ ထူးထူး ခြားခြား ဖြစ်တာပေါ့လေ။

မနက် ၄ နာရီ ခေါ်တယ်ဆိုတော့ ဘယ်လိုမှ ဒါ မဖြစ်နိုင်တဲ့ အနေအထားလေ။ ကျနော်တို့ အားလုံး ရှိတယ်ပေါ့လေ။ ဗိုလ်ချုပ်ခင်ညွန့်နဲ့ ဗိုလ်ချုပ်တင်ဦးတို့ အပေါ်တက်သွားတယ်။ အပေါ်ထပ်မှာ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရယ်၊ ဗိုလ်ချုပ် မောင်အေးရယ်။ အားလုံး ၄ ယောက်ပေါ့လေ။ အဲဒီ ၄ ယောက် အစည်းအဝေး လုပ်ပြီးတော့ မနက်မိုးလင်းတဲ့အခါမှာ ၈ နာရီ အရောက် အဲဒီ နဝတ အဖွဲ့ဝင်တွေအားလုံးကို အရေးပေါ်အစည်းအဝေး ဆိုပြီးတော့ ခေါ်လိုက်တယ်။

ဗိုလ်ချုပ်ကြီးတွေလည်း ကတိုက်ကရိုက် ရောက်ချလာတယ်ဗျ။ သူတို့အားလုံးကို အခန်း ၁ ခန်းမှာ ထည့်ထားလိုက်တယ်။ အဲဒီမှာ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ ဗိုလ်ချုပ်ကြီးမောင်အေး၊ ဗိုလ်ချုပ်တင်ဦးနဲ့ ဗိုလ်ချုပ်ခင်ညွန့်တို့ ၄ ယောက်က တခြား

အခန်းတခန်း ထဲမှာ။ သူတို့ကို တယောက်ပြီးတယောက် အခန်းထဲ ဝင်ခိုင်းတယ်။ နောက်ပိုင်း ကျနော်တို့ပြန်သိတာ ဘာလဲဆိုတော့ မင်းတို့ကို ဒီနေ့ကစပြီး အနားပေးမယ်၊ မင်းတို့ရုတ်ရုတ် ရုတ်ရုတ်လုပ်ရင် ဂျေးထဲထည့်ထားမယ်ဆိုပြီးပြောတာ။ သိပ်ကြာကြာ မပြောဘူး။ ကြိမ်းတာပေါ့ဗျာ။ မင်းတို့ အိမ်မှာပဲနေ၊ မင်းတို့ဘယ်မှ မသွားနဲ့၊ လိုအပ်ရင်မေးမယ်၊ မြန်းမယ်။ ပြီးတာနဲ့ တခါတည်း ပြန်ခိုင်းလိုက်တယ်။ ပြန်ခိုင်းပြီးတော့ သူတို့ရဲ့ လုံခြုံရေးအစောင့်တွေ အားလုံး သိမ်းလိုက်တယ်။ သိမ်းပြီးတော့မှ အိမ်ထဲက အိမ်ပြင် မထွက်ရဘူးဆိုပြီး ကျန်တဲ့လုံခြုံရေးတွေနဲ့ ပိတ်ထားလိုက်တော့တယ်။

ကျနော်ပြောချင်တာက အဲဒီတုန်းကလည်း ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ဘယ်သူ့မှကို မတိုင်ပင်ဘဲနဲ့ လုပ်ချလိုက်တဲ့ အနေအထား မျိုးပေါ့ဗျာ။ အခုလည်း သတင်းတော့ ထွက်တာပေါ့ဗျာ။ သူ့ရဲ့ လုပ်နည်း လုပ်ဟန်ကလည်းကြိုပြီးတော့မှ အမြဲတမ်း  အနံ့လေး ထုတ်ပေးလိုက်တယ်။ ဒီအနံ့ပေါ်မှာ မူတည်ပြီးတော့ ဘယ်လိုပြန်လာသလဲဆိုတာ နားထောင်တယ်။ ကျနော်တို့ တုန်းကတော့ ဗိုလ်ချုပ်ကျော်ဝင်းတို့ ပြောလိုက်ရင် ယုံတာဗျ။ ဒါပေမယ့် တကယ့်တကယ်ကျတော့ ဒီအတိုင်းဖြစ်ချင်မှ ဖြစ်မယ်။

ကျနော့်အမြင်ကတော့ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက အလုပ်တခုလုပ်ရင် အရမ်းမလုပ်ဘူး။ အခု ကိစ္စမှာလည်း သူတယောက်တည်း လုပ်လိုက်တာပဲ။ ကျန်တဲ့ ဗိုလ်ချုပ်ကြီးတွေ ဘာဖြစ်လာမလဲ ဆိုတဲ့ဥစ္စာက သူ့စိတ်ထဲမှာပဲ ရှိဦးမယ်။ အဓိက ကတော့ သူ့ရဲ့ အသက်အရွယ်အရ၊ သူ့ရဲ့အနာဂတ်အရ သူဟာ ဒီတပ်ကိုတော့ အခုအချိန်မှာ သူစိတ်ချရတဲ့ လူကို လွှဲအပ်ပေး မထားရင် သူ့အတွက်အန္တရာယ်ရှိတယ်။ ဒါကြောင့်မို့လို့လည်း ကိုသူရမြင့်အောင်လို လူမျိုးကို ပေးခဲ့လိုက်တယ်။ ကိုကိုလိုလူမျိုးကိုပေးခဲ့တယ်။

သူရမြင့်အောင်ကတော့ ကျနော်ပြောဖူးပါတယ်။ ဦးနောက်တွေ၊ ဉာဏ်တွေ သိပ်သုံးတဲ့လူမျိုးမဟုတ်ဘူး။ သိပ်ပြီးတော့မှ စဉ်းစား ဆင်ခြင်တဲ့လူမဟုတ်ဘူး။ အထက်က သတ်ဆိုသတ် အဲဒီလို သိပ်ပြီးတော့မှ အကြင်နာ တရားမရှိဘူး။ အဲဒါမျိုးလူတွေကို ထားခဲ့တယ်။

ပတ်သက်ရာ ပတ်သက်ကြောင်းတွေပဲ ထားခဲ့တယ်။ မင်းအောင်နိုင်ကို ရွှေမန်းနေရာ ပေးလိုက်တာကတော့ သူ ပြောင်ကြီး လုပ်ချလိုက်တာပဲ။ မင်းအောင်နိုင်က ကျနော်နဲ့ ၁၀ တန်းအတူတူအောင်တယ်။ ဒါပေမယ့် ဗိုလ်သင်တန်း အပတ်စဉ် သူက တနှစ်စောတယ်။
စိတ်ဓာတ်မကောင်းဘူး။ ညစ်တတ်တဲ့ စိတ်ရှိတယ်။

ကိုရွှေမန်းမှာကတော့ တခုပြောစရာ ရှိတယ်။ ၂၀၀၈ ခုနှစ်အတွင်းမှာတုန်းက သူမြောက်ကိုရီးယားကို ခရီးစဉ်ကိစ္စတွေ နောက်ပိုင်း နာမည်လေး ထွက်လာတွေ ရှိတယ်။ ဒါက ကျနော့်သူငယ်ချင်း ကိုဝင်းနိုင်ကျော်နဲ့ ထောင်ထဲမရောက်ခင် ပြောခဲ့ကြတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီ လူငယ်ပိုင်းနဲ့ စီးပွားရေးသမားဗျာ။ ဖော်ဖော်တို့ဘာတို့ဆိုတာ သူ့အနားက လူတွေ။ သတင်းတွေ ထွက်လာတာက ဒီအသိုးကြီးနှစ်ယောက်နဲ့တော့ ဗမာပြည် ရှေ့ဆက်လုပ်ရင် သိပ်ပြီးတော့ အခြေအနေတော့ မကောင်းဘူး၊ တကယ်လို့ ကိုရွှေမန်းများဆိုရင် ဘယ်လိုဖြစ်မလဲ ဆိုတာ စဉ်းစားတာပါ။ ကိုရွှေမန်းကိုယ်တိုင် သိတာမဟုတ်ဘူး။ ဒါမျိုးသတင်းတွေပေါ်မှာ မူတည်ပြီးတော့ ကိုရွှေမန်းအပေါ်မှာ အဘွားကြီးဒေါ်ကြိုင်ကြိုင်နဲ့ အဘိုးကြီးတို့ ပြုံပြင်တာလေးတွေ ရှိကြတယ်ဗျ။ ဒါတွေကလည်း သူတို့ထဲမှာ၊ အတွင်းထဲမှာလည်း အရှုပ်အရှင်းတွေ ရှိတယ်။ ဗိုလ်ချုပ်တင်အောင်မြင့်ဦးသားနဲ့ သူ့မြေး နေရွှေသွေးအောင်တို့ ဖြစ်တဲ့ ကိစ္စတွေလည်း ဒီမိသားစုတွေ ကြားထဲမှာရှိတယ်။

အဓိကကတော့ ဗိုလ်ချုပ်ကြီးမောင်အေး။ ဗိုလ်ချုပ်ကြီးမောင်အေးနဲ့ ဗိုလ်ချုပ်မှူးကြီးကြားမှာ လူတွေမသိတဲ့ ပြဿနာတွေ အများကြီးရှိတယ်ဗျ။ ဗိုလ်ချုပ်ကြီးမောင်အေးက တကယ်တော့ စစ်သား။ ချမယ်၊ တိုက်မယ်။ အဲဒီလိုလူမျိုး။ သူက DSA တော့ DSA ပဲ။ ဒါပေမယ့် DSA တိုင်းကတော့ ဗိုလ်ချုပ်မောင်eA ။ရဲ့ တပည့်တော့မဟုတ်ကြဘူး။ A`ဒီမှာ ဗိုလ်ချုပ်မောင်eA ။ရဲ့ A ဂဏာက ဘာမှ သိပ်မရှိဘူး။ ဗိုလ်ချုပ်မောင်eA ။ကလည်း နဂိုကတည်းကမှ A ရက်သောက်တတ်တဲ့လူဆိုတော့ A ရက်ကြီးပဲ ဖိသောက်တယ်။ နောက်ပိုင်း ၂၀၀၈၊ ၂၀၀၉ လောက်မှာဆိုရင် ဗိုလ်ချုပ် မောင်eA ။က နေ့လယ်ဘက်မှာ A ရက်သောက်တဲ့ A နေA ထားမျိုး ဖြစ်လာတယ်။

A ကျိုးA ကြောင်းရှိရင်၊ သတင်းသွားပို့ရင်တောင်မှ ဗိုလ်ချုပ်မောင်cA းက ဗိုလ်ချုပ်မှူးကြီးသန်းရွှေခေါ်မှ လာရတယ်။ ဒီA တိုင်း A ကြောင်းမဲ့သွားပြီး သတင်းပို့ခွင့်မရှိတော့ဘူး။ နေပြည်တော် ရောက်သွားပြီးတဲ့A ခါမှာ A ခြေA နေက တော်တော်လေး ဆိုးလာတော့ ဗိုလ်ချုပ်မောင်cA းက A စည်းA ဝေးမှာ ငါလည်း ဦးစီးချုပ်လုပ်နိုင်ပါတယ်ဆိုပြီး A ရက်ထွေထွေနဲ့ ရင်ဖွင့်တာတွေ ရှိလာတယ်။ သို့သော်၊ ဗမာ့ တပ်မတော်မှာ လှုပ်လို့မရဘူးဗျ။ ဗိုလ်ချုပ်မောင်cA းလည်း လှုပ်လိုက်ရင် ဗိုလ်ချုပ်ခင်ညွှန့် နောက်လိုက်သွားရမှာပဲ။ ဘာဖြစ်လို့လဲဆိုတော့ A ရေးကြီးတဲ့ လက်နက်ကိုင်A ဒးလုံးက ဗိုလ်ချုပ်မှူးကြီး လက်ထဲမှာ ရှိတာကိုး။ ပါဝါA ဒးလုံးက သူကိုင်ထားတယ်။

A ခု A ခြေA နေကလည်း ဗိုလ်ချုပ်မှူးကြီးက သူ့A တွက်ပဲ A ဒးလုံး သူစီစဉ်ပြီး လုပ်သွားခဲ့တာပဲ။ စစ်တပ်ကို သူပဲလုပ်မယ်။ A ခု ဒုတိယ ဗိုလ်ချုပ်ကြီးလုပ်တဲ့သူတွေ ဂန့်နေပြီ။ A ရင်လိုလည်း ဝန်ကြီးဖြစ်ဖို့မရှိဘူးဗျာ။ ရွေးကောက်ပွဲ ဝင်ဖို့ကကျတော့လည်း ဒီA ချိန်ကျမှ ဘယ်လိုလုပ်ပြီး မဲဆွယ်မလဲ။ A ရေးယူမခံရရင်ပြီးရော နေရမယ်ဆိုတဲ့ A နေA ထားမျိုးလေးနဲ့ သူတို့နေကြတာ။ မျှော်လင့်ချက်ကတော့ ၂၅ ရာခိုင်နှုန်းထဲမှာ သူတို့ကို ထည့်မလား ဆိုတာတော့ရှိတာပေ့ါ။

တပ်A တွင်းမှာတော့ ကျနော့်A မြင် ပြောရရင် A ဂဏကို ရှင်းထုတ်လိုက်တာပဲ။ နိုင်ငံရေး A ဖွဲ့ပိုင်း ကျတော့ ဦးသိန်းစိန်က ဗိုလ်ချုပ်မှူးကြီးနဲ့ ၈ လကြာ A တူတူနေခဲ့တာဗျ။ ဦးသိန်းစိန်နဲ့ ဗိုလ်ချုပ်မှူးကြီး ကြားမှာ ဘာပြဿနာမှ မရှိဘူး။ မိသားစုလိုက်ကော ကပ္ပတိန်လောက်ကတည်းက A တူနေခဲ့ကြတဲ့ လူဆိုတော့လေ။ ဒါကြောင့်မို့လို့ ဦးသိန်းစိန်ကို မထင်မှတ်ဘဲ ဝန်ကြီးချုပ်ကနေ ပါတီ ဉက္ကဋ္ဌ လုပ်ခိုင်းလိုက်တယ်။

A ဒးလုံးကို ခြုံပြီးတော့ ကျနော်ပြန်သုံးသပ်ရရင်တော့ ဒီလိုလုပ်လိုက်တဲ့ဉစ္စာက စစ်ဘက် စစ်ရေးဆိုင်ရာ ကိစ္စတွေမှာသူ ရှင်းထုတ်ပြီးတော့မှ သူကိုယှဉ်နိုင်မယ့်သူတယောက်မှ မရှိတော့ဘူးဗျာ။

A`ဒီမှာမှ ကျနော်ထောက်ပြရရင် ဗိုလ်ချုပ်ကြီးရဲမြင့်ပေ့ါ။ သူက ဗိုလ်ချုပ်ကြီးမောင်cA းရဲ့ တစ်ချိန်က ပီcA ဗျ။ ဗိုလ်ချုပ်ရဲမြင့်ဆို ငြိမ်းချမ်းရေးကိစ္စတွေ၊ နယ်ခြားစောင့်တပ် ကိစ္စတွေနဲ့ ပတ်သတ်ပြီးတော့ သူ့A ပေါ်မှ A မြင်မကြည်တာတွေ ရှိတယ်လို့ ကြားရတယ်။ cA ဒင်မှမcA ဒင်မြင်တာ။ A ခုလက်ရှိတက်လာတဲ့ A တန်းတွေကတော့ တိုင်းမှူးတန်းတွေ ဆိုရင်တောင် ကျနော်တို့ထက် နှစ်နှစ်လောက် ငယ်သွားပြီ။ A ပတ်စဉ် ၂၂ တို့ဘာတို့ A`ဒီA တန်းလောက်ဖြစ်သွားပြီ။ ၂၃၊ ၂၄ တန်းလောက်ဖြစ်သွားပြီ။ ဒါက new blood တွေA ဒးလုံးကို ရွေးကောက်ပွဲ မတိုင်ခင် တင်ပေးလိုက်တဲ့ သဘောမျိုးပဲ။

မေး။ ။ ဒီလိုA ပြောင်းA လဲက တိုင်းပြည်A ပေါ် ဘယ်လို A ကျိုးသက်ရောက်မှုတွေ ရှိလာနိုင်မယ်လို့ ထင်ပါသလဲ။

ဖြေ။ ။ A ကျိုးသက်ရောက်မှု A နေနဲ့ကတော့ A ခုလက်ရှိ တက်လာတဲ့ စစ်ခေါင်းဆောင်ပိုင်းမှာ A သက် ၅၀ တန်းတွေ ဖြစ်လာတယ်။ တချိန်တခါကတော့ ကျနော်တို့နဲ့ ညီA စ်ကိုတွေပဲပေ့ါဗျာ။ ကျနော် ဆိုလိုချင်တာက ပြောင်းလဲချင်တဲ့ စိတ်ဓာတ်က A ခုတက်လာမယ့် ခေါင်းဆောင် A သစ်တွေမှာ ရှိကြတယ်ဗျ။ ဒါက ငယ်စဉ်တုန်းက ရှိတဲ့စိတ်ဓာတ်ပေ့ါဗျာ။ A ခု ကြီးလာတဲ့ စိတ်ဓာတ်ကတော့ သူ့A ပေါ်မှာ A ုပ်ထားတဲ့ လောင်းရိပ်ပေါ်မှာပဲ မူတည်တယ်။ နောက်ဆုံး ဗိုလ်ချုပ်မှူးကြီးသန်းရွှေ သေသွားမှသာ A ပြောင်းA လဲဆိုတဲ့ ဟာမျိုးတွေ ကျနော်မြင်တယ်ဗျ။

မေး။ ။ ခုနကပြောသလိုပဲ ဗိုလ်ချုပ်ကြီး သူရမြင့်cA ဒင်က A ကြင်နာတရား သိပ်မရှိဘူး၊ စစ်ဆိုစစ်ပဲ သိတဲ့ လူတယောက်A နေနဲ့ ဒီပြောင်းA လဲမျိုးကို ဖော်ဆောင်နိုင်ပ့ါမလား။

ဖြေ။ ။ ကျနော်ဆိုချင်တာက ဒီပုဂ္ဂိုလ်မှာက ဒီလောက်နိုင်ငံရေးကော၊ နိုင်ငံတကာရေးရော သိပ်မရှိဘူးဗျ။ ဒါပေမယ့် ကျနော်လက်ခံတာက သူ့cA ဒက်မှာ ရှိတဲ့ ကိုကိုတို့ဘာတို့ကျတော့ ရှိတယ်။ သဘော သဘာဝ လူကြမ်းတွေပေ့ါလေ။ သူရမြင့်cA ဒင်ဆိုရင် လူကြမ်းပဲ လိုပြောရမယ်ဗျ။ လူကြမ်းတွေရဲ့ သဘော သဘာဝက သူတို့ပျော့သွားပြီဆိုရင်လည်း ခုနကပြောသလို သူများထက်ပိုပြီးတော့မှ လုပ်လို့လွယ်တယ်။ A`ဒီတော့ ကိုမြင့်cA ဒင်လို လူမျိုးက လူကြမ်းတော့ လူကြမ်းပဲ။ ဒါပေမယ့် ခုနကပြောသလို ကိုင်တတ် တွယ်တတ်တယ်ဆိုရင်တော့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေလို ဉာဏ်များတဲ့လူမျိုးတော့

မဟုတ်ဘူး။

မေး။ ။ ရှင်းထုတ်လိုက်တဲ့A ထဲမှာ ၃၊ ၄၊ ၅ ယောက်လောက် ပြောပြပေးပါလား။

ဖြေ။ ။ ရှင်းထုတ်လိုက်တဲ့A ထဲမှာ ထောက်လှမ်းရေးကပေါ့လေ။ ဗိုလ်ချုပ်ကြီးရဲမြင့်က တချိန်ကဗိုလ်ချုပ်ကြီးမောင်ေA းရဲ့ ပီေA ဗျ။ နောက်တယောက် ဗိုလ်ချုပ်ကြီးမြင့်လှိုင်တယောက်ရှိမယ်၊ လေကြောင်းကာကွယ်ရေးက။ ၂ ယောက်ရှိတာပေါ့နော်။ သူတို့က ၂၅ ရာခိုင်နှုန်းထဲမှာပဲ ပါမလား၊ လုံး၀ A ငြိမ်းစားပေးတာလား၊ ဒါမှမဟုတ်လည်း ထုတ်ပစ်တာလား။ A ကုန်လုံးက shock ဖြစ်နေကြတယ်။ သူတို့ကိုယ် သူတို့ ဘာဖြစ်မယ်ဆိုတာ ပြောလို့မရဘူး။ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက တယောက်တည်း လုပ်တာကိုး။ A တည်ပြုဖို့က ခက်တာပေါ့။

နောက် ရှင်းထုတ်တဲ့ A ထဲမှာ သီဟသူရ တင်ေA ာင်မြင့်ဦးကော၊ ရွှေမန်းကော ပါသွားတယ်။ ကျနော် သိရသလောက်ကတော့ သီဟသူရတင်ေA ာင်မြင့်ဦးကတော့ ဗိုလ်ချုပ်ကြီးမောင်ေA းနဲ့ ပိုနီးစပ်တယ်ဗျ။ ဗိုလ်ချုပ်တင်ေA ာင်မြင့်ဦးသားနဲ့ A ဘိုးကြီးမြေးနဲ့ ငြိပြီးနောက်ပိုင်းမှာ သူ့ကို စစ်ထောက်ချုပ် မခိုင်းတော့ဘူးပြောတယ်။ မခိုင်းတော့ဘဲနဲ့ A တွင်းရေးမှူး ၁ ပဲ လုပ်ခိုင်းတယ်လို့ ပြောတယ်။ တေ့တေ့လေး ထားတာပေါ့ဗျာ။ သူ့ကို တရားဝင်ထုတ်ပြီး မင်းကို စစ်ထောက်ချုပ်က ဖြုတ်တယ် ဆိုတာမျိုးတော့ မဟုတ်ဘူးဗျ။ ကျနော်တို့ထဲမှာက နှုတ်မိန့်နဲ့သွားတာဗျ။

# မြန်မာ့အလင်း

၁၂၇၃ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁၀ ရက်၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ် ၂၉ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၂)၊ အမှတ် (၃၃၀)


နိုင်ငံရေးဦးတည်ချက်(၄)ရပ် | စီးပွားရေးဦးတည်ချက်(၄)ရပ် | လူမှုရေးဦးတည်ချက်(၄)ရပ်

# နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကျန်းကျန်းမာမာဖြင့် နိုင်ငံတော်တာဝန်များ ထမ်းဆောင်လျက်ရှိ ၂၃-၈-၂၀၀၅ရက် ဘီဘီစီ၏ထုတ်လွှင့်ချက်များ လုံးဝမှန်ကန်ခြင်းမရှိ ကောလာဟလများနှင့်စပ်လျဉ်းပြီး အခြေအနေမှန်သိလိုက ဆက်သွယ်မေးမြန်းနိုင်



ရန်ကုန် ဩဂုတ် ၂၈

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ (၆/၂၀၀၅)တွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ အကြမ်းဖက် အဖျက်သမားအဖွဲ့များက ပြည်တွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ ဖော်ထုတ်ရရှိခဲ့မှုများ၊ ၇-၅-၂၀၀၅ ရက်နေ့ အကြမ်းဖက်ဗုံးဖောက်ခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့်စပ်လျဉ်း၍ ဖြည့်စွက်ရှင်းလင်းပြောကြားချက်မှာ အောက်ပါအတိုင်းဖြစ်သည်-**

**သတင်းစာဆရာကြီးများနဲ့ ဂျာနယ်၊ မဂ္ဂဇင်း သတင်းထောက်များခင်ဗျား-**

ယနေ့သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော့်အနေနဲ့ ပြည်ထဲရေးဝန်ကြီးနဲ့ ရဲချုပ်တို့ရဲ့ ရှင်းလင်းပြောကြားချက်များနဲ့ စပ်လျဉ်း၍လည်းကောင်း၊ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်များနဲ့စပ်လျဉ်း၍လည်းကောင်း၊ ယနေ့မိမိတို့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှုအခြေအနေ သဘောထားများနဲ့ စပ်လျဉ်း၍လည်းကောင်း ဖြည့်စွက်ရှင်းလင်း ပြောကြားသွားမှာ ဖြစ်ပါတယ်။ ***စာမျက်နှာ ၄ ကော်လံ ၁*** ✡

**နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)တွင် ရှင်းလင်းပြောကြားစဉ်။**

(သတင်းစဉ်)





## နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅) ကျင်းပ

**ရန်ကုန် ဩဂုတ် ၂၈**

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီက အကြမ်းဖက်အဖျက်သမားအဖွဲ့များက ပြည်တွင်း မတည်မငြိမ်ဖြစ်စေရန်နှင့် လူထုအုံကြွမှုဖြစ်စေရန် ကြံစည်လုပ်ဆောင်မှုနှင့်စပ်လျဉ်း၍ ဖော်ထုတ်ဖမ်းဆီးရမိခဲ့မှုများ၊ ရန်ကုန်မြို့တော် အကြမ်းဖက်ဗုံးခွဲမှု၌ ပါဝင်ကျူးလွန်ပတ်သက်ခဲ့သူများနှင့်စပ်လျဉ်း၍လည်းကောင်း၊ ရန်ကုန်မြို့ ဗုဒ္ဓစွယ်တော်မြတ်စေတီတော်မှ စွယ်တော်ပွားပျောက်ဆုံးမှုနှင့် စုံစမ်းဖော်ထုတ်ချက်များကိုလည်းကောင်း၊ ပြည်တွင်းပြည်ပ အကြမ်းဖက်အဖျက်သမားအဖွဲ့များအပေါ် နိုင်ငံတော်က ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များနှင့်စပ်လျဉ်း၍လည်းကောင်း၊ ယနေ့ကျင့်သုံးနေသော သတင်းထုတ်ပြန်မှု အခြေအနေသဘောထားများနှင့်စပ်လျဉ်း၍လည်းကောင်း သတင်းစာရှင်းလင်းပွဲ(၆/၂၀၀၅)ကို ယနေ့နံနက် ၉နာရီခွဲတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ***စာမျက်နှာ ၃ ကော်လံ ၁*** ■

**နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

# မြန်မာ့အလင်း

၁၂၇၉ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၇ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၁ ရက်၊ ၂၀၀၅ ခုနှစ်၊ ဩဂုတ် ၂၀ရက်၊ စနေနေ့၊ အတွဲ(၄၂)၊ အမှတ်(၃၂၁)


## နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဟန်ဂေရီသမ္မတနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

ရန်ကုန် ဩဂုတ် ၂၀

၂၀၀၅ ခုနှစ် ဩဂုတ် ၂၀ရက်တွင်ကျရောက်သော ဟန်ဂေရီသမ္မတနိုင်ငံ၏ အမျိုးသားနေ့တွင် ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ဟန်ဂေရီသမ္မတနိုင်ငံ သမ္မတ မစ္စတာဖယ်ရန့်မာဒီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

# နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ်အား လက်ခံတွေ့ဆုံ



ရန်ကုန် ဩဂုတ် ၁၉

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ကုလသမဂ္ဂပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့် ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော် အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

ထိုသို့လက်ခံတွေ့ဆုံရာတွင် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်အတူ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးသူရ ရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၊ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံး ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးကျော်ကျော်ဝင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန သံတမန်ရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် သူရ ဦးအောင်ထက်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

**ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကုလသမဂ္ဂ ပြုပြင်ပြောင်းလဲရေးဆိုင်ရာ အာရှနှင့်ပစိဖိတ်ဒေသအတွက် ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ အထူးကိုယ်စားလှယ် H.E. Mr. Ali Alatas အား ရန်ကုန်မြို့ ပြည်လမ်း ပြည်သူ့လွှတ်တော်အဆောက်အအုံရှိ သံတမန်ခန်းမ၌ လက်ခံတွေ့ဆုံစဉ်** (အပေါ်ပုံ) **နှင့် ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။** (အောက်ပုံ) **(သတင်းစဉ်)**



**နိုင်ငံတော်ပွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။**

# ဗိုလ်ချုပ်သန်းရွှေရဲ့ ချွေးမနဲ့ မြေးတို့ တောင်ကိုရီးယားနိုင်ငံတွင် အပန်းဖြေ ဆေးကုသရန် ရောက်ရှိခဲ့

ဇော်မိုးအောင်။ ဇူလိုင် ၃၀ ရက်၊ ၂၀၁၀

မြန်မာနိုင်ငံ နအဖ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ ချွေးမနဲ့ မြေးတစု ၅ ဦးဟာ ပြီးခဲ့တဲ့ ဇူလိုင်လ ၂၇ ရက် အင်္ဂါနေ့က ဆိုးလ်မြို့ကို ရောက်ရှိပြီးနောက် ဂျဲဂျူကျွန်းကို အနားယူ အပန်းဖြေရန်အတွက် သွားရောက်ခဲ့ပါတယ်။ ဗိုလ်ချုပ်သန်းရွှေရဲ့ ချွေးမနဲ့ မြေးတစုဟာ ဇူလိုင် ၂၇ ရက်နေ့မှ ၂၉ ရက်နေ့အထိ ကင်းမ်ဟဲ လေဆိပ်မှတဆင့် ကိုရီးယားနိုင်ငံ၏ တောင်ဘက်ပိုင်းရှိ ပူဆန်းမြို့ ဟဲအု(န်)ဒဲ ကမ်းခြေမှာ ရေကူးကြပြီး အပျော်စီး လှေများ စီးကြပါတယ်။

ထို့နောက် မြန်မာ့ တော်ဝင် မိသားစုလို့ နားထင်ရောက်နေကြတဲ့ အဆိုပါမိသားစုဟာ ပူဆန်မြို့ ဘူဂျောန်မြို့နယ် အို(န်) အထွေထွေကု ဆေးရုံကြီးမှာ အထွေထွေရောဂါများ စစ်ဆေးမှု ခံယူကြပါတယ်။ ထို့အပြင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့ မြေးဟာ မြန်မာနိုင်ငံမှာ ပျောက်ကင်းအောင် ကုသရန်ခက်ခဲတဲ့ သူ့ရဲ့မျက်နှာမှာရှိတဲ့ မှဲ့ခြောက်များကို ခွဲစိတ်ကုသရန်နဲ့ အသားအရည် လှပရေးအတွက်နဲ့ မျက်စေ့ ကုသရေးတို့ကိုလည်း ဆွေးနွေးပြီး ဆေးကုသ ခံယူဦးမှာ ဖြစ်ပါတယ်။

ဗိုလ်ချုပ်သန်းရွှေရဲ့ ချွေးမနဲ့ မြေးတစုကို ဖိတ်ကြားတဲ့ ပုဂ္ဂိုလ်တွေကတော့ ဟန်နာလာဒါန် The Grand National Party က လွှတ်တော်အမတ် ၅ ဦး ဖြစ်ပါတယ်။ အဆိုပါ လွှတ်တော် အမတ် ၅ ဦးဟာ ဇွန်လတုန်းက မြန်မာနိုင်ငံကို သွားရောက်ပြီး မြန်မာနိုင်ငံရှိ ကုန်းတွင်းနဲ့ ပင်လယ်ထဲက ထွက်ရှိတဲ့ ရေနံနဲ့ သဘာဝဓါတ်ငွေ့ ပူးတွဲ တူးဖော်ရေးအတွက် နအဖ တာဝန်ရှိသူများနဲ့ တွေ့ဆုံ ဆွေးနွေး သဘောတူ လက်မှတ်များ ရေးထိုးခဲ့ကြသူများ ဖြစ်ပါတယ်။



၂၀၁၀ ခုနှစ် ဇွန်လ ၉ ရက်မှ ၁၂ ရက်နေ့အထိ မြန်မာနိုင်ငံသို့ သွားရောက်ခဲ့ကြသော The Grand National Party လွှတ်တော်အမတ် ၅ ဦးနှင့် စွမ်းအင် ဝန်ကြီး ဦးလွန်းတင် (ဓာတ်ပုံ - Yonhap News Agency)

လွှတ်တော်အမတ် ၅ ဦးက ဗိုလ်ချုပ်သန်းရွှေရဲ့ ချွေးမနဲ့ မြေးတစုကို ဖိတ်ကြားခြင်းဟာ မြန်မာနဲ့ ကိုရီးယား အစိုးရတို့ ဆထက်တပိုး အပြန်အလှန် ကူးသန်းရောင်းဝယ် ဖောက်ကားရေး အတွက် ဖိတ်ကြားခြင်းဖြစ်ကြောင်း Heraldm သတင်းက ဖော်ပြထားပါတယ်။ အဆိုပါ သတင်းတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေနှင့် မိသားစုကို တော်ဝင်မိသားစုအဖြစ် နားထင်ရောက်နေသူနဲ့ နိုင်ငံ့ရန်သူ (သို့) ပြည်သူ့ ရန်သူ အဖြစ် သုံးစွဲ ဖော်ပြထားပါတယ်။

ဗိုလ်ချုပ်သန်းရွှေရဲ့ ချွေးမနဲ့ မြေးတစုက ထို ခရီးစဉ်နဲ့ ပတ်သက်ပြီး "ပူဆန်ရဲ့ အကောင်းဆုံး ဆေးကုသမှုနဲ့ ကြင်နာ ဖော်ရွေတဲ့ လုပ်ငန်းဆောင်ရွက်မှုတွေဟာ အလွန်ကောင်းမွန်ကြောင်းနဲ့ ထိုသို့ ဆေးကုသခံယူမှု အလွန်ကောင်းမွန်ကြောင်းကို မြန်မာပြည်ကို ပြန်ရောက်တဲ့အခါ သေချာစွာ အသိပေးသွားပါ့မယ်၊" လို့ ပြောသွားသလို ပူဆန် လူမှုရေးအဖွဲ့ ဥက္ကဋ္ဌ ဂျောန်ဂီ(န်) ကလည်း "ပူဆန်မြို့ကို ဖိတ်ကြားခြင်းခံရတဲ့ မြန်မာဧည့်သည်တော်များအနေနဲ့ ပူဆန်း ဆေးကုသမှုနဲ့ ပတ်သက်ပြီး ကျေနပ်ကြတဲ့အတွက် အလွန်ဝမ်းသာမှုရှိကြောင်း၊ စက်တင်ဘာလမှာ မြန်မာနိုင်ငံသို့ လာရောက်ဖို့ ဖတ်ကြားခံထားရတဲ့အတွက် မြန်မာနိုင်ငံကို ရောက်တဲ့အခါ ပူဆန်းရဲ့ အကောင်းဆုံး ဆေးကုသခံယူမှုများကို အသိပေးကြော်ငြာသွားမှာ ဖြစ်သလို အရှေ့တောင် အာရှအတွင်း ကိုရီးယား ကျန်းမာရေး ဆေး ဈေးကွက်ကို ဆထက်တပိုး တိုးတက်အောင် ရှေ့ဆောင် လုပ်ဆောင်သွားဖို့ ရည်ရွယ်ချက်များ ရှိကြောင်း၊" ပြောသွားပါတယ်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေရဲ့မိသားစုဟာ သူတို့ကို ဧည့်ခံ ကျွေးမွေး ဆေးကုသပေးခဲ့ကြတဲ့ Green Doctors ၊ ပူဆန်း လူမှုရေးအဖွဲ့၊ အု(န်) အထွေထွေ ဆေးရုံးကြီးက တာဝန်ရှိသူများကို လာမည့် စက်တင်ဘာလတွင် မြန်မာနိုင်ငံသို့ လာရောက် လည်ပတ်ရန် ဖိတ်ကြားထားကြောင်း သိရပါတယ်။




# လက်ရှိ ကမ္ဘာ့ခေါင်းဆောင်များနှင့် ဗိုလ်သန်းရွှေ

ကျွန်တော် သာမန်မြန်မာလူမျိုးတစ်ယောက်အနေနဲ့ ကမ္ဘာမှာမြန်မာလို့ ထင်ပေါ်စေခဲ့တဲ့ ဗိုလ်သန်းရွှေနဲ့ လက်ရှိ ကမ္ဘာကျော်ခေါင်းဆောင်များကို ကိုယ်ပိုင်အမြင် နှိုင်းယှဉ်ချက်ဖြစ်ပါတယ်။

အိမ်ထောင်တစ်ခုကို ပညာရေး၊ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေး အားဖြင့် ကိုယ်နိုင်ငံတွင်းမှာပဲ ထိပ်တန်းရောက်လာအောင် 7 Habits ဆိုတဲ့ နည်းလမ်းမျိုးကို လက်တွေ့ကျင့်သုံးနိုင်ရင် နိုင်ငံတစ်နိုင်ငံ လူတစ်ယောက်အားဖြင့် လုပ်ဆောင်နိုင်ပါတယ်။ ပညာရေးအားဖြင့်ဆိုရင် ပါမေက္ခချုပ်၊ ဘာသာရေးအားဖြင့်ဆိုရင် သာသနာပိုင်၊ စီးပွားရေးအားဖြင့်ဆိုရင် နိုင်ငံကျော်သူဌေး၊ နိုင်ငံရေးအားဖြင့်ဆိုရင် ဝန်ကြီး (သို့မဟုတ်) ယခုခေတ် မြန်မာနိုင်ငံရေးအရ ဗိုလ်ချုပ်ကြီးဘဝ ဆိုပါတော့။ လူတစ်ယောက် စီးရုံးရေးကောင်းရင် မာဖီးယားမူရစ်ဆေးခေါင်းဆောင်၊ သူပုန်ခေါင်းဆောင် ဖြစ်လာမှာပါ။ တယောက်အားဖြင့် ကိုယ်အိမ်ထောင်၊ဆွေမျိုးများကို တစ်ပင်ကောင်းတော့ ငှက်တစ်သောင်းနားနိုင်တယ် စကားပုံအတိုင်း ထိပ်တန်းရောက်လာစေပါတယ်။

ငွေကြေးအားဖြင့် သာမန်လူဘဝက အရမ်းချမ်းသာလာသူကို သူဌေးလို့ခေါ်ပါတယ်။ တရုပ်စကားပုံအရ သူဌေးတစ်ယောက်ဟာ ဂျင်နရေးရှင်း၃ဆက်တိုင် ငွေချမ်းသာနေအောင် ထိမ်းထားဖို့မလွယ်ပါဘူး။ မျိုးဆက်၃ဆက်ဆိုတာ အနှစ် ၁၀၀လောက် ကြာသွားနိုင်တယ်။ ဆက်တိုက်ထိမ်းထားနိုင်မှ သူကြွယ်လို့ခေါ်တယ် ..ဆိုပဲ။ ဒီလိုပဲ  ပညာရေး၊ ဘာသာရေး၊ စီးပွားရေး၊ နိုင်ငံရေးတွေမှာ လူ့မှာအမျိုး၊ ကြက်မှာအရိုး ဆိုသလို မျိုးရိုးကို

ထိန်းသိမ်းဖို့ ကြိုးစားရတယ်။ စီးပွားရေး ထိပ်တန်းရောက်လာရင် နိုင်ငံရေးထိပ်တန်းသမားနဲ့ သွေးသားစပ်ယှက်ကြတယ်။ ပညာရေးထိပ်တန်းသမားနဲ့ သွေးသားစပ်ကြတယ်။ ဒီလိုနဲ့ ပညာရေး၊ စီးပွားရေး၊ နိုင်ငံရေး ထိပ်တန်းလူများ အမျိုးစပ်၊ သားသမီးများ အပြန်အလှန်လက်ထပ်ရာကနေ မွေးဖွားလာတဲ့ သွေးသစ်တွေကိုတော့ Elites အီလိုက်လို့ ခေါ်ပါတယ်။

အဲဒီ အီလိုက်များက တိုင်းပြည်ကို ထိန်းချုပ်ထားတယ်။ ပြည်သူလူထု အုံကြွမှုတွေကို နည်းအမျိုးမျိုးနဲ့ ချေမှုန်းပစ်တယ်။ နောက်ဆုံး မချေမှုန်းနိုင်ရင် ခေတ်ပြောင်းတော်လှန်ရေး လုပ်ခံရပြီး ပစ္စည်းမဲ့လူတန်းစာတွေ အာဏာရသွားတယ်။ ဒီလိုနဲ့ မြေရှင်ပဒေသရာဇ်၊ ဘုရင်စနစ်၊ အရင်းရှင်စနစ်၊ ဆိုရှယ်လစ်စနစ် .. စသဖြင့် နိုင်ငံများဖြစ်လာပါတယ်။ မြန်မာပြည်လည်း အရင်းရှင် အင်္ဂလိပ်အုပ်ချုပ်ရာကနေ အရင်းရှင်စနစ်မြန်မာအုပ်ချုပ်တဲ့စနစ်ကို တော်လှန်ရေးအားဖြင့် ပြောင်းခဲ့တယ်။ နောက်တစ်ခါ တော်လှန်ရေးကတော့ ဦးနေဝင်းရဲ့ စစ်အာဏာသိမ်းမှုနဲ့ ဂါဒရယ်လို့ မယ်မယ်ရရမရှိတဲ့ စစ်အစိုးရတက်လာတယ်။ အခုထိထိ နှစ်ပေါင်း ၅၀ စစ်အစိုးရအောက်မှာရှိလာပါတယ်။ ဗိုလ်နေဝင်းခေတ်၊ ဗိုလ်သန်းရွှေခေတ် တွေမှာတော့ အီလိုက်လူတန်းစား မပေါ်သေးဘူးဆိုရမယ်။ အခုတော့ ဦးနုခေတ်က သူဌေးများ ဟာ ၂၀၁၀ မှာ ပြန်လည်စီးပွားကောင်းလာခဲ့ပါတယ်။ ဈေးကွက်စီးပွားကြောင့် သူတို့ပိုင်တဲ့ မြေအိမ်ယာတွေ ဈေးပြန်တက်လာတော့ ယခင်သူကြွယ်များ အခုဆက်လက်ကြွယ်ဝလာတယ် ပြောရပါမယ်။

နိုင်ငံကြွယ်ဝ၊ထင်ပေါ်လာတဲ့ ဥပမာထဲမှာ ဂျပန်၊ အမေရိကန်၊ ဂျာမဏီ၊ ပြင်သစ် တွေကိုတော့ သိပ်ပြောစရာမရှိပါဘူး။ သူတို့က နဂိုကတည်းက ချမ်းသာအဆင့်မှာရှိကြပါတယ်။ အာရှက တောင်ကိုးရီးယား၊ ထိုင်းလင်း၊ မလေးရှား၊ စင်ကာပူ တို့ကိုပဲ မြန်မာနဲ့နှိုင်းယှဉ်ချင်ပါတယ်။

ညံ့ဖျင်းတဲ့ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်၊ ဗီယက်နမ် တွေကို နှိုင်းယှဉ်နေလဲ အလကားပဲ။ ရုရှားနဲ့ အရှေ့ဥရောပခေါင်းတောင်များ၊ မြောက်ကိုးရီးယားခေါင်းဆောင်များ၊ ကျူးဘားခေါင်းဆောင်များကတော့ သိပ်မဆိုးလှပါဘူး။ ပြည်သူများ မွဲတေဆင်းရဲပေမဲ့ ကမ္ဘာကဲ့ လက်နက်စွမ်းအားရှင်အဖြစ် အရေးတယူလုပ်ရတဲ့အတွက်ဖြစ်ပါတယ်။

တောင်ကိုးရီးယား၊ ထိုင်းလင်း၊ မလေးရှား၊ စင်ကာပူ ခေါင်းဆောင်များကိုကြည့်ရင် တူညီတဲ့အချက်များကတော့
၁။ တက္ကသိုလ်ပညာအဆင့် တတ်မြောက်ကြပါတယ်။ (10 points)
၂။ သူတို့မိသားစုများမှာ ထိပ်တန်း Top 10, ငွေကြေးချမ်းသာမှု မရှိပါဘူး။ (10 points)
၃။ လိင်ကိစ္စ ရှင်းကြပါတယ်။ ခေါင်းဆောင်ရဲ့ သွေးချင်းနီးသူများလည်း လိင်ပြဿနာနည်းပါတယ်။ (20 points)
၄။ ခေါင်းဆောင်ကိုယ်တိုင်က ဘာသာရေး အထူးမကိုင်းရှိုင်းပါ။ သို့သော် ဇနီးမိသားစုဟာ ဘာသာတစ်ခု အရိပ်အောက် နေထိုင်ကြပါတယ်။ (10 points)
၅။ လပ်စားမှု မရှိသလောက်ပါပဲ။ (20 points)
၆။ လောင်းကစား၊ မူးရစ်ဆေးဝါး၊ ပြိုင်ဖက်တွေကို မတရား ထောင်ချ၊ သတ်ဖြတ်ခြင်းမရှိပါဘူး။ (10 points)
၇။ အစိုးရခေါင်းဆောင်များ နိုင်ငံခြားနဲ့ ပလူပျံ၊ သွားလာ၊ ဆက်ဆံရေးရှိပါတယ်။ (10 points)

၈။ လက်တဆုပ်စာလူတစ်စုထဲ အာဏာကိုင်ထားပါတယ်။ ..

Formula ကိုတော့ အားလုံးကောင်းရင် အမှတ် 10 points အပြည့်ရပါမယ်။ အမှတ် ၈၀ အထက်ရမှ ခေါင်းဆောင်ကောင်း သတ်မှတ်ပါမယ်။ အမှတ် ၈၀ နဲ့ အောက်ဆိုရင် သာမန်ခေါင်းဆောင်လို့ သတ်မှတ်ပါမယ်။ အမှတ် ၅၀အောက်အစိုးရကိုတော့ ဆိုးဝါးတဲ့ခေါင်းဆောင်လို့ သတ်မှတ်ရပါမယ်။ လိင်ပြဿနာနဲ့ လပ်စားခြင်း တို့ကို 20 Points စီပေးထားတော့ တခုခု ချိုးဖေါက်တာနဲ့ သာမန်ခေါင်းဆောင်တစ်ယောက်ဖြစ်သွားပါတယ်။ လိင်ပြဿနာ နဲ့ လပ်စားခြင်းဟာ စာရိတ္တမကောင်းခြင်း ဖြစ်တဲ့အတွက် ဒီလူခေါင်းဆောင်ကောင်း မဟုတ်တော့ပါဘူး။ သူတို့အုပ်ချုပ်တဲ့တိုင်းပြည်က စီးပွားရေးကောင်းရင်ကောင်းမယ်။ သို့သော်လည်း ဘုရားတရားမသိတဲ့နိုင်ငံသားတွေဖြစ်လာမှာပါ။ နောက်ဆုံး နံပါတ်၈ အချက်ကတော့ အမှတ်ပေးစနစ်မှာ မထည့်တော့ပါဘူး။ အာဏာအရင်ရပြီး ရနစ်ကျော်မှ တဖြေးဖြေးနဲ့အာဏာရှင်ဖြစ်ရတယ်။ ဒီမိုကရေစီနိုင်ငံတွေမှာ ကြာကြာအာဏာကိုင်ခွင့်မရအောင်ကို စနစ်နဲ့ ချုပ်ထားကြတယ်။

### .. ဒီ အချက် (၇)ချက်နဲ့ပဲ ယှဉ်ကြည့်ရင်

ဗိုလ်ချုပ်အောင်ဆန်း … အချက် (၇)ချက်စလုံးနဲ့ ကိုက်ညီသူဖြစ်ပါတယ်။
ဦးနု .. ဘာသာရေး (၄) နဲ့ လပ်စားမှု (၅) တွေမှာအမှတ်မရတော့ ၇၀ မှတ်ရပါတယ်။ ဘာသာရေး အရမ်းကိုင်းရှိုင်းလွန်းတော့ ဦးနေဝင်း စစ်အာဏာသိမ်းခံရပါတယ်။
ဗိုလ်နေဝင်း .. နံပါတ် (၁)၊ (၂)၊ (၅) တွေမှာပဲ အမှတ်ရပါတယ်။ အမှတ်၄၀ပဲ ရတဲ့အတွက် ဆိုးဝါးတဲ့ခေါင်းဆောင်လို့ပြောရပါမယ်။
ဗိုလ်သန်းရွှေ .. ပညာသိပ်မတတ်။ လပ်စားမှုကြီးပြီး၊ ပြိုင်ဖက်တွေကို ချေမှုန်းတယ်။ နိုင်ငံတကာမသွားဘူး။ အမှတ်၅၀ပဲ ရပါတယ်။ ဗိုလ်နေဝင်းထက်တော့ သာပါတယ်။
ဒေါ်အောင်ဆန်းစုကြည် …အချက် (၇)ချက်စလုံးနဲ့ကိုက်ညီတာတွေ့ရပါတယ်။

ဒေါ်အောင်ဆန်းစုကြည်၊ ဗိုလ်ချုပ်အောင်ဆန်းတို့သာ တိုင်းပြည်အုပ်ချုပ်ရင် နှစ်၄၀အတွင် တိုင်းပြည်ကြွယ်ဝလာမှာ သေချာသလောက်ရှိပါတယ်။ သို့သော် ဘယ်လောက်ကြာကြာ အုပ်ချုပ်နိုင်မလဲဆိုတာ မပြောနိုင်ပါဘူး။ ဗိုလ်ချုပ်အောင်ဆန်းကတော့ ၃နှစ်လောက်ပဲ အုပ်ချုပ်ခဲ့ပြီး အသတ်ခံခဲ့ရပါတယ်။

အချက် (၇) ချက်စလုံး ပြည့်စုံတဲ့ စင်ကာပူက လီကွမ်းယူဆိုရင် ကြာကြာအုပ်ချုပ်နိုင်တဲ့အတွက် တိုင်းပြည်ဟာ နှစ်၄၀အတွင်း အာရှထိပ်တန်းဖြစ်လာခဲ့ပါတယ်။
ကိုးရီးယားခေါင်းဆောင်တွေဟာ အချက် (၇)ချက်စလုံးနဲ့ ကိုက်ညီကြပေမဲ့ စနစ်အခြေအနေကြောင့် ကြာကြာမအုပ်ချုပ်နိုင်ပါဘူး။

တစ်ချို့တွေက မျိုးချစ်စိတ် ထက်သန်သူများ အုပ်ချုပ်ရင် တိုင်းပြည်တိုးတက်မယ် ခံယူကြတယ်။

ကျွန်တော့အမြင်ကတော့ တိုင်းပြည်ခေါင်းဆောင်တိုင်း မျိုးချစ်စိတ် ရှိကြတာချည်းပါပဲ။ မျက်ကန်းတဇွဲ မျိုးချစ်တွေ အုပ်ချုပ်ရင်တော့ မြောက်ကိုးရီးယား၊ ကျူးဘား၊ မြန်မာ၊ ဇမ်ဘာဘွေ၊ အီရတ် တွေလို ဖြစ်သွားမှာပါ။ တိုင်းပြည်စစ်တပ်ကတော့ ကြီးထွားလာပြီး လူများစုကြီးကတော့ ဆင်းရဲမွဲတေသွားပါတယ်။

**အီလိုက်များခေတ်**

၂၁ ရာစုဟာ စီးပွားရေးနဲ့ အင်ပါယာချဲ့ထွင်တဲ့ခေတ်ဖြစ်နေပါပြီ။ အမေရိကန်၊ ဂျပန်၊ တရုပ်၊ ဂျာမဏီ၊ ပြင်သစ် နိုင်ငံတွေဟာ စီးပွားရေးသိပ်ကောင်းတဲ့နိုင်ငံတွေဖြစ်လာပါတယ်။ သူတို့ရဲ့ ကုမဏ္ဍီကြီးတွေ ကမ္ဘာအနှံ့ နိုင်ငံအားလုံးမှာ စီးပွားရေးလုပ်နေကြတယ်။ အထူးသဖြင့် Banking, Oil & Gas, Technology Manufacturing, Telecommunication စတဲ့ ငွေရတဲ့လုပ်ငန်းကြီးတွေကို ကြီးစိုးထားပါတယ်။ အဲဒီ နိုင်ငံကြီးများမှာ အီလိုက်ဆိုတဲ့ ဆွေစဉ်မျိုးဆက် ချမ်းသာတဲ့ လူ့မလိုင်လူတန်းစားတွေကပဲ အဲဒီ ငွေရတဲ့ကုမဏ္ဍီကြီးတွေရဲ့ ရှယ်ရာအများစုကို ပိုင်ဆိုင်ကြပါတယ်။ ရုတ်တရက် စင်ပေါ်တက်လာတဲ့ သူဌေးကြီးမိသားစုလည်း သူတို့သားသမီးတွေကို ပညာတတ်အောင်၊ အာဏာရအောင် လုပ်ပေးနိုင်ရင် သူကြွယ်ဖြစ်လာမယ်။ အီလိုက်လူတန်းစားဖြစ်လာပါမယ်။

အခုခေတ်ကတော့ အီလိုက်ဆိုတဲ့ ပညာတတ်၊ စီးပွားချမ်းသာ၊ အာဏာရှိ .. ဒီ(၃)မျိုး ပြည့်စုံသူများကို ခေါ်ပါတယ်။

**ဘာသာရေး နဲ့ တိုင်းပြည်ကြွယ်ဝမှု**

ထုံးစံအတိုင်း တိုင်းပြည်ချမ်းသာလာရင်၊ ဖရီးသင့်ကား ဘာသာမဲ့တွေ များလာပါတယ်။ လူတွေ အလုပ်မရှိရင် အစိုးရက ကျွေးမွေးထားမယ်။ စားဝတ်နေရေး ပူစရာမရှိဘူး။ သူတောင်းစား ထမင်းဝတော့ လိင်စိတ်ကြွလာတယ်။ ဒီတော့ စာရိတ္တပိုင်းမှာ ပျက်စီးလာမယ်။ လူတွေ တိရိစ္ဆာန်သာသာ အတ္တသမားတွေဖြစ်လာလေ့ရှိပါတယ်။ ကျွန်တော့အမြင်ကတော့ ဘာသာရေးသမားတွေအပေါ် ဖရီးသင့်ကား ဘာသာမဲ့တွေက တနေ့မှာ အနိုင်ယူသွားပါမယ်။ တိုင်းပြည်ကြွယ်ဝတယ်၊ အေးချမ်းသာယာတယ် လို့အမြင်မှာထင်ရပေမဲ့ လူနည်းစုလေးက ကမ္ဘာကြီးကို ထိမ်းချုပ်ဖို့ ကြိုးစားလာမယ်လို့ ဘာသာတရားအားလုံးက နမိတ်ဖတ်ထားပါတယ်။

လူတစ်ယောက်ရဲ့ Body, Mind and Sprit ၃ခုစလုံး ကြွယ်ဝချမ်းသာဖို့ဆိုတာ မလွယ်လှပါဘူး။ စစ်မှန်တဲ့ ဘာသာရေးသမားတစ်ယောက်ဟာ လောကစည်းစိမ်၊ ငွေကြေးကို မတပ်မက်ပါဘူး။ ဒီတော့ ဘာသာရေးကြီးစိုးတဲ့နိုင်ငံသားများဟာ အေးဆေးစွာနေရပါမယ်။ အခြားတိုင်းပြည်များကို ဩဇာလွှမ်းမိုးဖို့ကတော့ ခနပစ္စည်း ကြွယ်ဝရမယ်ဖြစ်ပါတယ်။ ကြွယ်ဝချမ်းသာတဲ့နိုင်ငံကြီးတွေ ဥပမာ .. ဥရောပနိုင်ငံကြီးများကို ကြည့်ပါ။ ဘာသာတရား နည်းသွားပါပြီ။ အခု အမေရိကားလည်း စစ်မှန်တဲ့ဘာသာရေးသမားတွေ နည်းနည်းလာပါပြီ၊ ကြွယ်ဝလာတော့ ဘုရားကို မေ့သွားတာ သဘာဝကျပါတယ်။

**မြန်မာနိုင်ငံ အနာဂါတ်ခေါင်းဆောင်အခြေအနေ**

ဗိုလ်သန်းရွှေဟာ ခေါင်းဆောင်ညံ့ဖြစ်ပေမဲ့လဲ အာဏာထိန်းတဲ့နေရာမှာတော့ ထုံသလိုနေပြီး အကြွင်းမဲ့အာဏာရှင်ဖြစ်နေပါတယ်။ ကွယ်လွန်သွားတဲ့ အင်ဒိုနီရှားသမ္မတဟောင်း ဆူဟာတိုပုံစံ ပြောင်းချင်ပုံ ရပါတယ်။ သူကတော့ လပ်မစားပေမဲ့ သူ့သာသမီးတွေက လပ်စားလွန်းပြီး၊ ချမ်းသာလွန်းနေတယ်။ ငယ်ရွယ်သူ မြန်မာစစ်ခေါင်းဆောင်များကလည်း ထိုင်းနိုင်ငံ လွန်ခဲ့တဲ့ အနှစ်၄၀တုန်းက စစ်ဗိုလ်ကြီးတွေလိုဖြစ်နေတယ်။ နေရာရလာတော့ လပ်မစားဘဲမနေနိုင်အောင် သူတို့ဆွေမျိုးတွေကို လပ်ထိုးခံရမယ်။ ငွေချမ်းသာအောင်လုပ်ရဦးမယ်။ ဒေါ်အောင်ဆန်းစုကြည်လို ထက်မြက်၊ လပ်မစားတဲ့ ခေါင်းဆောင်တစ်ယောက် စစ်တပ်နဲ့ တွဲအုပ်ချုပ်နိုင်ရင် တောင်ကိုးရီးယားလို အနှစ်၄၀လောက် ထပ်ကြာဦးမယ်မှန်ပါတယ်။ ဒီတော့ နိုင်ငံခြားရောက် မြန်မာများ ပြည်တော်ပြန်ဖို့ မလွယ်သေးပါဘူး။

**ကောင်းတာလေးတွေရေးရမယ်ဆိုရင်**

၁။ ပိုက်ဆံပေး၊ လူသတ်တာမျိုးတွေ မလုပ်ရဲဘူး၊

၂။ ရေနံနဲ့ဓါတ်ငွေ Oil and Gas Production တခုတော့ လပ်ပေးမှုနဲတယ်။

၃။ ဘာသာရေးနဲ့ လူတွေမစုအောင်လုပ်ထားတယ်။ မူဆလင်အကြမ်းဖက်သမားရန်ကို ကမ္ဘာနိုင်ငံများစွာကာကွယ်ရတယ်။ အေးဆေးတဲ့ မူဆလင်များကို အမေရိကန်နိုင်ငံနယူးယောက်မြို့မှာတောင် ရဲတွေလမ်းပိတ်ပေးပြီး ဘုရားရှိခိုးခွင့်ပေးရတယ်။ အကြမ်းဖက်သမားတွေကလည်း အခွင့်ကောင်းယူပြီး ချနေလို့ တကမ္ဘာလုံးကြောက်နေရတယ်။ မြန်မာပြည်မှာ မွတ်ဆလင်အကြမ်းဖက်သမား မနေနိုင်ပါ။ (စစ်အစိုးရကို အားလုံးကြောက်ရတယ်).....

ကိုကို (အာဏာရှင်)



New York City on Madison Avenue Photo @ 2010
Friday afternoon in several locations throughout NYC where there are mosques with a large number of Muslims that cannot fit into the mosque

# စစ်ဗိုလ်ချုပ်နှင့် နိုင်ငံရေးသိုင်းကွက်

**ဘိုဘိုကျော်ငြိမ်း** | တနင်္လာနေ့၊ ဩဂုတ်လ ၃၀ ရက် ၂၀၁၀ ခုနှစ် ၁၈ နာရီ ၂၉ မိနစ်

ဩဂုတ်လ ၂၇ ရက်နေ့က ပြန့်ထွက်လာတဲ့ စစ်တပ်အရာရှိကြီးများ အပြောင်းအလဲသတင်းဟာ လာမဲ့ရွေးကောက်ပွဲထက် အရေးပါတယ်လို့ သုံးသပ်ရမှာဖြစ်ပါတယ်။ ၁၉၆၂ နှစ် ကတည်းက စစ်အာဏာရှင် အလွှမ်းမိုးခံရတဲ့ နိုင်ငံဖြစ်ခဲ့ရတော့ စစ်တပ်ဟာ အဓိကမဏ္ဍိုင် ဖြစ်လာရတယ်။ စစ်တပ်ရဲ့ အနေအထားနဲ့ စစ်တပ်ကို ကိုင်တွယ်အုပ်ချုပ်ရမဲ့ စစ်ဗိုလ်ချုပ်တွေကို ရွေးချယ်ခန့်ထားမှုအပေါ် အများကြီး မူတည်နေပါတယ်။

ဘာကြောင့်လဲဆိုတော့ စစ်အာဏာရှင်တွေအကြိုက် စစ်အာဏာရှင်တည်မြဲရေးနဲ့ ရေရှည်တည်တံ့ခိုင်မြဲရေး အတွက် စောင့်ရှောက်ရမှာက ဒီစစ်တပ်ပဲဖြစ်သလို လိုအပ်လာရင် တဖန် အာဏာပြန်သိမ်း ပေးရမှာကလည်း ဒီစစ်တပ်ပဲ ဖြစ်တာကြောင့်ပါ။

ဗိုလ်ချုပ်သန်းရွှေဟာ ဗိုလ်ချုပ်နေဝင်း ပြဌာန်းခဲ့တဲ့ "စစ်အာဏါရှင်ဋီကာ" ကို နောကြေရုံမက ဗိုလ်ချုပ်နေဝင်း မှားခဲ့တဲ့ အမှားတွေကိုရှောင်ဖို့ သတိရှိခဲ့တယ်။ အာဏာရှင် တယောက်အတွက် နံပတ် ၁ အဓိကတာဝန်ဟာ (မိမိ အာဏာတည်မြဲရေး) ဆိုတာကို ဗိုလ်ချုပ်သန်းရွှေတယောက် ကောင်းကောင်းသိတယ်။

မော်စီတုန်း ခေတ်ကိုပြန်လှေ့လာကြည့်ရင် မော်စီတုန်းဟာ တိုင်းပြည်အုပ်ချုပ်ရေးကို ဝန်ကြီးချုပ် ချောင်အင်လိုင်းကိုလွှဲထားတယ် ကွန်မြူနစ်နိုင်ငံဖြစ်တာကြောင့် ပါတီဥက္ကဋ္ဌ အနေနဲ့ ပါတီကိုပဲ ကိုင်ထားတယ်။ ဒါတောင် သတိနည်းနည်းလျော့တာနဲ့ လျူရှောက်ချီနဲ့ တိန်ချောက်ပိန်တို့က ပါတီကို ဦးစီးထားလိုက် နိုင်တယ်။

ဒါကြောင့် အသိဉာဏ်နတဲ့ ကျောင်းသားလူငယ်လေးတွေကို မြှောက်ပေးပြီး "ဌာနချုပ်ကိုဝိုင်းကြ" ဆိုပြီး "ယဉ်ကျေးမှုတော်လှန်ရေး" ကို ဆင်နွှဲခဲ့ရတယ် အမှန်က ယဉ်ကျေးမှုတော်လှန်ရေး ဆိုတာဟာ တကယ်တော့ မော်စီတုန်း ရဲ့ ပါတီတွင်းအာဏာသိမ်းပွဲကို ထုံးသုတ်ပြီး အလှခြယ်ပြထားတာပါ။

ယဉ်ကျေးမှုတော်လှန်ရေးမှာ တော်လှန်ရေးအတွင်းက ရှုပ်ရှုပ်ချွံချွံ တိုက်ခဲ့ကြတဲ့ သူရဲကောင်း တော်လှန်ရေးသမား ရဲဘော်ဟောင်း မြောက်မြားစွာကို ရက်ရက်စက်စက် ခြေမှုန်း သတ်ပစ် ခဲ့တာပဲ။ အာဏာရှင်မှန်ရင်၊ ရက်စက်ဖို့ ဝန်မလေးရဘူး။ ဟစ်တလာ၊ စတာလင်၊ ပိုပေါ့ (Pol Pot) တို့ဟာ လူတွေကို သန်းနဲ့ချီစတေးဖို့ လက်ရွံ့ ခဲ့ကြတာမှ မဟုတ်တာဘဲ။

ထိုနည်းတူ ဗိုလ်ချုပ်နေဝင်းသည်လည်းကောင်း၊ ဗိုလ်ချုပ်သန်းရွှေသည်လည်းကောင်း မိမိတို့၏ အာဏာကို ထိပါးလာလျှင် (ပစ်) မိန့်ပေးရန် လက်မတွန့်ခဲ့ကြပါ။ ဘုရားဒကာ၊ ကျောင်းဒကာ အယောင်ဆောင်ကာ ဘာသာရေးဦးထိပ်ထား ပုံသဏ္ဍာန်ဆောင်နေသော ဗိုလ်ချုပ် သန်းရွှေဟာ မိမိအာဏာကို ထိပါးလာသောအခါ ၂၀၀၇ ရွှေဝါရောင် တော်လှန်ရေးတွင် ဘုရားသားတော် ရဟန်းသံဃာမြတ်တို့ကို ပစ်သတ်ရန် ဝန်မလေးခဲ့သလို ပခုက္ကူတွင် သံဃာ တော်တချို့ကို တိုင်တွင်ကြိုးချည်၍ ရက်ရက်စက်စက် ရိုက်နှက်ခဲ့သည် မဟုတ်ပါလား။

ဗိုလ်ချုပ်သန်းရွှေရဲ့ အားသာချက်က ဦးနု၊ ဦးနေဝင်းတို့ကဲ့သို့ ဉပဓိရုပ်မကောင်းပါ။ ထို့ကြောင့် ရုတ်တရက် ကြည့်လိုက်လျှင် ရုပ်ဆိုးဆိုး၊ မှုန်ထိုင်းထိုင်းနှင့် ခပ်နုံချာချာရုပ် ထွက်လျက်ရှိသည်။ သွက်သွက်လက်လက်နှင့် ထက်မြက်မည့်ပုံ သဏ္ဍာန် မပေါ်ပါ။ ထို့အပြင် ကြီးပွားတိုးတက်ချင်သည့်ပုံ၊ အာဏာမက်မည့် ပုံ သဏ္ဍာန် လုံးဝ မပေါ်လွင်၊ မဆလခေတ် အစည်းအဝေးများတွင်လည်း စကားများများမပြော အဆိပ်မရှိသည့် ရေမြွေပမာ နေပြနိုင်ခဲ့သည်။

အာဏာရှင် စံနစ်အောက်တွင် ခစားရသော၊ မင်းအခစားအစိုးရ အရာရှိများသည် ခိုင်းရာလုပ်၊ စေရာသွား ပြန်မပြောမည့်သူများဖြစ်မှ အာဏာရှင်များက နှစ်သက်ကြသည်။ အန္တရာယ်ပေးမည့်သူများ မဖြစ်အောင် နေပြကြရသည်။ ဉပဓိရုပ်က နုံချာ၊ ကျားသေကြီးပမာ အနေတတ်သော ဗိုလ်ချုပ်သန်းရွှေကို ဦးနေဝင်းက ဒုစစ်ဦးစီးချုပ် ခန့်လိုက်သည်။ သို့သော် ဦးနေဝင်း မသိလိုက်သည်က ဗိုလ်ချုပ်သန်းရွှေခေါင်းထဲမှာ (ဉာဏ်) အပြည့် ဉာဏ်နီ၊ ဉာဏ်နက်ဟု ဆိုရလျှင်ပိုမှန်လေမလား မသိ။

ဗိုလ်ချုပ်သန်းရွှေက ဦးနေဝင်းထက် ပိုစိတ်ရှည်သည်ဟု ပြောနိုင်မည်ထင်သည်။ ဗိုလ်ချုပ်သန်းရွှေ စစ်ဦးစီးချုပ်ဖြစ်တော့ ရာထူးသာရှိသည်၊ အမှန်တကယ် ပကတိအာဏာ မရှိရှာ။ ဦးနေဝင်း လက်ဝေခံ (proxy) များကတဆင့် ချုပ်ကိုင်ထားဆဲ ဗိုလ်ချုပ်ခင်ညွန့်တို့က အဖေကြီး (ဦးနေဝင်း) အရှိန်နှင့် လက်ဝါးဖောင်း ထက်နေဆဲ။ တနစ်ခန့် ဒုချုပ်ရာထူးကို လစ်လပ်အောင်ဆွဲထားပြီး ဗိုလ်ချုပ်ခင်ညွန့်နှင့် ရန်ဘက် ဗိုလ်ချုပ်မောင်အေးကို ရအောင်ရှာလာသည်။

ဒါကိုက နိုင်ငံရေးနားလည်တာနဲ့ နိုင်နင်းတာကိုပြတာပါ ဗိုလ်ချုပ်ခင်ညွန့်တို့ နေရာတကာမှာ ဩဇာ ပြနေတုန်းကလည်း ဗိုလ်ချုပ်သန်းရွှေက တစက်ကလေးမှ အပြုံးမပျက်ခဲ့။ ကက(လှမ်း) ကို ကက(ကြည်း) နဲ့ တော့ပေးထားပြီး၊ မိမိ (လူ) တွေကို ဖြည်းဖြည်းချင်းထည့်ကာ ကြိတ်ပြီး မိမိအာဏာ အုတ်မြစ် (base) ကို တည်ဆောက်ခဲ့သည်။ ပိုင်မှ၊ နိုင်မှ၊ ဦးနေဝင်းကို ဆွဲစေ့လိုက်သည်။ ဗိုလ်ချုပ်ခင်ညွန့်ကို ဝန်ကြီးချုပ်ရာထူးပေးကာ ကြိုးရှည်ရှည်လှန်ပေးသည်။ အချိန်ကျမှ ကက(ကြည်း)ကို မျက်ရိပ်ပြလိုက်သည်။

ဗိုလ်ချုပ်သန်းရွှေဟာ ဗိုလ်ချုပ်ခင်ညွန့်ရဲ့ အန္တရာယ်ကို ကောင်းကောင်းသိတာပေါ့။ သို့သော် အဖေကြီးရဲ့ အရှိန်ကို မလှန်နိုင်ခင် နေသေးသပ၊ ချုံထဲက ဆိုကလို၊ မိမိအချိန်ကို စောင့်နေနိုင်ခဲ့တယ်။ ဒီလိုအချိန်ကို စောင့်နေတုန်းမှာတောင် ဗိုလ်ချုပ်ခင်ညွန့်ကို ကောင်းကောင်းအသုံးချနိုင်ခဲ့တယ်။ အနောက်နိုင်ငံတွေရဲ့ စီးပွားရေးပိတ်ဆို့မှု (sanction)ကို ကျော်နိုင်ဖို့ တရုတ်၊ အာစီယံ၊ အိန္ဒိယတို့နဲ့ ပေါင်းစည်းတာ၊ ခွန်ဆာ၊ လော်စစ်ဟန်၊ လက်နက်ချတွေကိုကိုင်တွဲတာ ၈၈၈၈ ကျောင်းသားအုပ်စုနဲ့ အတိုက်ခံတွေကိုနှိမ်နင်းဖို့ ဗိုလ်ချုပ်ခင်ညွန့်နဲ့ ကက(လှမ်း) ကို ကောင်းကောင်းအသုံးချခဲ့တယ်။

အားပါးရ၊ အသုံးချပြီးမှ၊ တချီတည်း ဆွဲချပစ်လိုက်တယ် ဦးနေဝင်းလက်ထက်က ဗိုလ်ချုပ်တင်ဦး (မျက်မှန်) ကို ဖြုတ်ခဲ့စဉ်က (လူ) ကိုပဲဖြုတ်ခဲ့တာ၊ တပည့်အများကို တခြားတပ်တွေဆီ ပြန်ပို့ခဲ့တာပဲ။ ထောက်လှမ်းရေး ကက(လှမ်း) ကို မဖျက်ပစ်ဘူး။ ဗိုလ်ချုပ်ခင်ညွန့်ကိုဖြုတ်တော့ တပည့်တွေကိုလည်း ထောင်ချ၊ ညဦးပန်း ကက(လှမ်း)ကိုပါ ဖျက်ပစ်တာပဲ။ အတူလုပ်လာတဲ့ ရဲဘော်စိတ်မထား အန္တရာယ်ကိုဖယ်ရှားရန် လက်မနေး ကြူပြင်ခုတ်၊ ကြူငုတ် မကျန်စေရ။ ဒါ အာဏာရှင် စစ်စစ်ဆိုတာ ထင်ရှားနေတာပဲ။

ဗိုလ်ချုပ်နေဝင်းဟာ မိမိအာဏာ ထူထောင်စဉ်ကာလမှာ စစ်တပ်ကလွဲပြီး ကျန်တဲ့ မဏ္ဍိုင်မှန်သမျှကို စနစ်တကျ ဖျက်စီးရိုက်ချိုးခဲ့တယ်။ စစ်တပ်ကြောင့်သာ တိုင်းပြည် ချောက်ထဲမကျရတာဆိုပြီး စစ်တပ်ကို သိဒ္ဓိ တင်ခဲ့ပြန်တယ်။ တဘက်က ဆိုရှယ်လစ်စနစ်ဆိုပြီး (မဆလ) ပါတီကိုထောင် ဗဟိုဦးစီးစနစ်ကို ကွန်မြူနစ်စနစ်ကခိုးချ စစ်အာဏာရှင်စနစ်ကို ရုပ်ပြကောင်းအောင် ဥပဒေဘောင်ဝင်အောင် ကြိုးစားခဲ့ပေမဲ့ ဆင်သေကို ခွေးသရေနဲ့ဖုံးလို့မရသလို ၈၈၈၈ အရေးအခင်းမှာ ဗူးပေါ်သလို ပေါ်ခဲ့ရပါတယ်။

ဗိုလ်ချုပ်သန်းရွှေခေတ်ရောက်တော့ ဟန်ဆောင်စရာမလိုတော့ဘူး၊ ရဲရဲတင်းတင်း ဘောင်းဘီပြန်ဝတ် ခဲ့ကြပြန်တယ်။ ငါတို့စစ်တပ်၊ ငါတို့စစ်သားဆိုပြီး ရဲဆေးပြန်တင်ပေးခဲ့ပြန်တယ်။ ဆိုရှယ်လစ် စီးပွားရေးစနစ်ကနေ ဈေးကွက်စီးပွားရေးစနစ်ကို ပြောင်းလဲလိုက်တဲ့အတွက် (စား)ကွက်တွေ ပိုပေါ်လာပါတယ်။

အမှန်တကယ် မြန်မာနိုင်ငံရဲ့ စစ်တပ်အခြေအနေကို အနုလုံ၊ပဋိလုံ လေ့လာကြည့်ရင် စစ်တပ်ဆိုတာ လက်နက်အားကိုးနဲ့ နယ်မြေသိမ်းထားပြီး အခွင်အရေးလိုချင်ရင် ငွေပေးဆိုတဲ့ တရားဝင် ဓားပြ တိုက်စားနေကြတာပါပဲ။ အခွင့်အရေးပေးနိုင်တဲ့အာဏာက စစ်ဗိုလ်တွေလက်ထဲမှာပဲ ရှိတယ်မဟုတ်လား။ ရာထူးနဲ့အတူ အာဏာ ပါလာတယ်၊ ဒီအာဏာကြောင့် ငွေ ရတယ်လေ။

စစ်တိုင်းမှူးဆိုတာ စစ်တပ်ကိုအုပ်ချုပ်ရသလို၊ မိမိနယ်မြေအတွင်းမှာရှိတဲ့ စီးပွားရေး၊ သာသနာရေး၊ လူမှုရေး အားလုံးကို ကိုင်ရတယ်။ မိမိနယ်မြေထဲမှာတော့ မိမိဟာ ဘုရားငယ်ပဲလေ။ လက်လက်ညှိုးထိုးရာ (ရေ) ဖြစ်နိုင်တာကိုး ရာထူးရရင်၊ အာဏာရော၊ ငွေပါမရှားပေ့၊ ရာထူးလိုချင်ရင်၊ ဗိုလ်ချုပ်သန်းရွှေနဲ့ စစ်တပ်အပေါ် သစ္စာရှိ၊ နောက်ဆုံးသစ္စာ (Loyalty)ကို (ရာထူး)၊ (အာဏာ)၊ (ငွေ)နဲ့ အလဲအလှယ်လုပ်တာပါပဲ။ ဒါကြောင့် ဗိုလ်ချုပ်သန်းရွှေလက်ထက်မှာ (လာဒ်)စားခြင်းဟာ မကောင်းမှုဒုစရိုက်မမြောက် စနစ်၏ အစိတ်အပိုင်း ယဉ်ကျေးမှုပင်ဖြစ်လာပါတော့တယ်။

ဒါကြောင့် ခိုင်းတာလုပ် စေရာသွား (ပစ်)ဆို(ပစ်) ငြိမ်ငြိမ်လေးထိုင်(စား) (သစ္စာ)သာရှိ ကိုယ့်အလှည့် ရောက်လာလိမ့်မယ်ဆိုတဲ့ တိုင်းပြည်ကို မိမိကိုယ်ကျိုးအတွက်(ရောင်းစား)တဲ့ (စနစ်) ဆိုးကြီးပါပဲ။ ဒီနည်းနဲ့ ဗိုလ်ချုပ်သန်းရွှေဟာ စစ်တပ်ကိုထိန်းထားတယ်လို့ပဲ သုံးသပ်ရမှာပါ။

စစ်သားတယောက်ရဲ့ သစ္စာဆိုတာကလည်း တိုင်းပြည်အပေါ် မဟုတ်(စစ်တပ်)နဲ့ (တပ်ချုပ်) ကြီးအပေါ် သစ္စာတည်ရမှာကိုး။ ဒီမှာသတိပြုစရာတခုရှိတာက ဗိုလ်ချုပ်နေဝင်း လက်ထက်က စစ်ဗိုလ်အများဟာ ဒီချုပ် (NLD) ဗိုလ်ချုပ်တင်ဦး၊ ဗိုလ်မှူးကြီးကြည်မောင်တို့လို တော်လှန်ရေးကာလမှာ စစ်ထဲဝင်ခဲ့ကြတဲ့ စစ်ဗိုလ်တွေဖြစ်တာကြောင့် တိုင်းပြည်ချစ်စိတ်ရှိကြသေးတယ် ခုခေတ်ဗိုလ်ချုပ်တွေက ဦးနေဝင်းရဲ့ မဆလခေတ်မှာမှ စစ်ထဲဝင်ခဲ့ကြတာကြောင့် စစ်ဗိုလ်ဆိုရင်အာဏာရှိတာ အစားရချောင်တာကြည့်ပြီး စစ်ထဲဝင်ခဲ့သူတွေများမှာပါ နောက်တက်မည့် စစ်ဗိုလ်ချုပ်တွေဆိုရင်(စား) ရအောင်သက်သက် ဝင်လာတဲ့ စစ်ဗိုလ်တွေဖြစ်ကြလိမ့်မယ်။

ဦးနေဝင်း လက်ထက်ကလည်း အလှည့်ကျ (နေရာ)ပေးပြီး နောက်ဆုံးထိပ်မှာ ဦးနေဝင်းပဲ ကျန်ခဲ့တာပါပဲ။ ဦးနေဝင်းလက်ထက်က စစ်တပ်မှာနေရာတွေရှိတယ် မဆလ ပါတီမှာနေရာတွေရှိတယ် အုပ်ချုပ်ရေးအတွက် ကောင်စီမှာနေရာတွေရှိတယ်။ ဗိုလ်ချုပ်သန်းရွှေလက်ထက်မှာ စစ်တပ်အာဏာနဲ့ပဲ အုပ်ချုပ်တာမို့ (နေရာ)သိပ်မရှိလှ။ ဒါကြောင့် စကခ (Military Operation Command) တို့ ဒကစ (Regional Operational Command) ဆိုတဲ့တပ်မအဆင့်ရှိတဲ့တပ်တွေကို ထပ်ချဲ့လာရတာပါ။

ခုတော့ ရာဇဝင်တပတ်ပြန်လည်လာပြီး မဆလခေတ်ကလိုပဲ (အရပ်သား) စစ်သားနဲ့ (စစ်တပ်)စစ်သားရယ်လို့ ခွဲခြားလိုက်ပြန်တာပေ့ါ။ စစ်သားဘဝပြောင်း အရပ်သားက ပါလီမန်ထဲမှာနဲ့ ဝန်ကြီးအဖွဲ့မှာနေရာယူကြ စစ်တပ်ထဲကစစ်သားကတော့ တပ်မှာနေခဲ့ ထိပ်ကဒီလူကြီးတွေကပဲ အာဏာယူ ထိန်းကျောင်းပေးသွားမှာပေ့ါ။
ဒီနေရာမှာ ဗိုလ်ချုပ်သန်းရွှေ သတိပြုမိလားမသိပါ။

တသက်လုံး အာဏာယူထားတဲ့ အာဏာရှင်မြောက်မြားစွာဟာ မိမိကိုဆက်ခံမဲ့လူရွေးရာမှာ အခက်တွေ့တတ်ကြတယ်။ မော်စီတုန်းဟာ ပထမလျူရှောက်ချီနောက် လင်ပြောင်နောက်ဆုံး ဘယ်ကမှန်းမသိတဲ့ ဟွာဂိုဖန်း (Hua Guofeng)ကို ချောင်ထဲက ဆွဲထုတ်လာခဲ့ရတယ်။ မော်သေသွားအပြီး တိန်ရှောက်ပိန်ကို ဉာဏ်ချင်းမယှဉ်နိုင်တော့ တိန်ရှောက်ပိန်ပဲ အာဏာရခဲ့ရတယ် မဟုတ်ပါလား။

တိန်ရှောက်ပိန် အလှည့်ရောက်တော့လည်း ဟူရောင်ဘန်း (Hu Yaobang)နောက် ကျောက်ဆီယန်း (Zhao Ziyang) ၂ ယောက်စလုံးကိုဖယ်ပြီးမှ နောက်ဆုံးချောင်ထဲက ရန်ဆီမင်း (Jiang Zemin)ကို ဆွဲတင်ခဲ့ရတယ် မဟုတ်ပါလား။

ဦးနေဝင်းကိုယ်တိုင် အသေအချာမသိတဲ့ ဗိုလ်ချုပ်သန်းရွှေကိုရွေးမိခဲ့လို့ အလောင်းတောင်မဆုံ့တဆုံ့ အခေါင်းထဲထည့်ခံရပြီး မြေမြှုပ်ခံခဲ့ရတယ်မဟုတ်ပါလား။

ဒါကြောင့် ဘုရားတဆူလောက်ဖြစ်အောင် ဗိုင်းကိုးကွယ်ခဲ့ကြတဲ့ မြောက်ကိုရီးယားကခေါင်းဆောင်ကြီး ကီအင်စွန်း (Great Leader)ဟာ သုံးလို့မရတဲ့ သားတော်မောင်ကို ခေါင်းဆောင်လေး (Dear Leader)အဖြစ် ဖန်ဆင်းခဲ့ပြီး တိုင်းပြည်ခေါင်းဆောင်တင်ခဲ့ရတယ် မဟုတ်ပါလား။ ထို့နည်းတူစွာ ကျူးဘားမှ ကက်စရိုတောင် ညီကိုပဲအာဏာလွှဲရတာပဲ ကွန်မြူနစ်တွေလည်း ပဒေသရာဇ်ဖြစ်ကုန်ကြရရှာတာပေ့ါ။ ကျနော့် အမြင်အရတော့ ဗိုလ်ချုပ်သန်းရွှေဟာ ဦးနေဝင်းရဲ့ အမှားမျိုးမဖြစ်ရအောင် သတိရှိတယ် အမှားခံလိမ့်မယ် မထင်ဘူး။

ဦးနေဝင်းဟာ တသက်လုံးအာဏာရှိလာတော့ မင်းလုပ်အုပ်ချုပ်ရတာကို ငြီးငွေ့သွားပုံရတယ်။ လက်ဆင့်ခံ (proxy) တွေကတဆင့်ပဲ အုပ်ချုပ်တော့တယ်။ ဗိုလ်ချုပ်ကျော်ထင်၊ ဗိုလ်ချုပ်အေးကို၊ ဗိုလ်ချုပ်စိန်လွင်တို့ဆီက တဆင့်ခံပဲ လက်လွှဲအုပ်ချုပ်စေတော့တယ် တပ်ကိုဗိုလ်ချုပ်တင်ဦး (S2) လက်ထဲထားပြီး ထောက်လှမ်းရေးကို ဗိုလ်ချုပ်ခင်ညွန့်လက်ထဲထည့်ထား၊ တပ်ချုပ်နဲ့ ဒုတပ်ချုပ်တွေက နေရာရှိပေမဲ့ ပကတိအာဏာမရှိကြတော့ ဘယ်သူမှအာဏာကို မစုစည်းနိုင်အောင် လုပ်ထားတာပါပဲ။

သို့ပေမဲ့ဦးနေဝင်းဝဠ်လည်ချင်တော့ တပည့်ရင်းတွေက ဆရာထက်အရင် လူ့လောကကြီးကို ခွဲခွာသွားကုန်တော့ ဦးနေဝင်းစစ်တပ်ကို လက်လွှတ်သွားတယ်။ ကျားသေကြီးလို ရှိးရှိအအ ဟန်ဆောင်နေတဲ့ ဗိုလ်ချုပ်သန်းရွှေဟာ တကယ်တော့ တခေါင်းလုံး (ဉာဏ်) ချည်းပဲဆိုတာ ဦးနေဝင်းမသိလိုက်ရှာဘူး။ နောက်ကျောကိုဓါးနဲ့ အထိုးခံရမှ ဓါးပြမှန်းသိလိုက်ရတော့ နောက်ကျသွားပြီး ဝဠ်လည်တယ်လို့ပဲပြောရမှာပါ။ ဦးနေဝင်း ဘယ်လောက်ဒေါသထွက် ခံစားပြီးမှ အသက်ထွက်သွားရမှာလဲ။

ဒါကြောင့်ပြောရဲတယ် ဗိုလ်ချုပ်သန်းရွှေတဆင့်ခံ(proxy)နဲ့ ကိုင်မှာ မဟုတ်ဘူး။ စစ်တပ်ကို အနီးကပ် တိုက်ရိုက်ကိုင်မှာပဲ။ နောက်

ဗိုလ်ချုပ်သန်းရွှေဟာ ရာထူးတွေမခွဲဝေခင် ဘယ်သူ့ကိုမှ အကုန်မပြောဘူး။ ထိပ်ပိုင်းဗိုလ်ချုပ်တွေတောင် ဗိုလ်ချုပ်သန်းရွှေ ဘာစီမံမယ်ဆိုတာ အတိအကျမသိကြရှာဘူး။ တယေက်ကို နည်းနည်းစီ တစိပ်စီပဲ အသိပေးထားတယ်။ ဒါ အာဏာရှင် ကျမ်းအခြေခံ ၁၀၁ ပဲ။

ဒီတော့မှ အာဏာရှင်ကျမ်းမကျေတဲ့ ဗိုလ်ချုပ်တွေရဲ့ လက်ဝေခံစီးပွားရေးသမားတွေက ကျုပ်တို့ ဗိုလ်ချုပ်ကတော့ ဘာဖြစ်မှာ၊ ဘယ်လိုတော်တာ ချီးမွမ်းခန်းဖွင့်လိုက် ဆော်ဩကြတော့တာပေါ့။ အမှန်က (ဟ) ပေးလိုက်တာပါ။ အာဏာရှင်အကြောင်း ကောင်းကောင်းနားလည်တာက တရုတ်ဝန်ကြီးချုပ်ချောင်အင်လိုင်းပဲ တရုတ်တွေဟာ ကွန်မြူနစ်ဆိုပေမဲ့ အနောက်တိုင်းယဉ်ကျေးမှုဖြစ်တဲ့ ဘောဒန့် (Ball-room-dance)ကို ခုံမင်ကြတယ်။

အထူးသဖြင့် ချောင်အင်လိုင်းဟာ သိပ်နှစ်သက်တယ် အကလည်းတော်တယ် ဒါပေမဲ့ က,နေတုန်း မော်စီတုန်းဝင်လာရင် ဝန်ကြီးချုပ်ပျောက်သွားပြီ မော်ကိုပြိုင်တယ် အထင်ခံရမှာစိုးလို့။ အာဏာရှင်အောက်မှာ တိတ်တိတ်လေးနေ ငြိမ်ငြိမ်လေးထိုင်နေတတ်သူဟာ နေရာရမယ်၊ နေရာမြဲမှာပဲ၊ အာဏာဆိုတာ တပ်မက်စရာကောင်းသလို ကြောက်စရာလည်း ကောင်းပါတယ်။ အခုလည်းမထင်သူတွေကို ဆွဲတင်လာတာပဲ မဟုတ်လား။

ဗိုလ်ချုပ်သန်းရွှေရဲ့စစ်တပ်မှာ ရာထူးမတက်နိုင်လို့ ပွက်စိပွက်စိအသံတွေ ထွက်လာတယ်မဟုတ်လား။ ခုတော့တပြုံကြီး ရာထူးတိုးပေးလိုက်တော့ ဗိုလ်ချုပ်သန်းရွှေကို ကျေးဇူးတင်လို့ဘယ်ဆုံးပါ့မလဲ ပါလီမန် သက်တန်းတခုတော့ စိတ်အေးနိုင်ပြီ။ ကျနော်ကတော့ နောက်တဆင့် စစ်ဗိုလ်တွေကို ဘယ်ပုံကိုင်မယ်ဆိုတာကို စိတ်ဝင်စားတယ်။

ဗိုလ်ချုပ်သန်းရွှေရဲ့ အဓိကအားနဲချက်က သူ့မိသားစုပဲလို့ထင်မိတယ်။ သူ့မိသားစုကို သူနိုင်ပုံမရဘူး။ နိုင်ငံရေးနဲ့ အုပ်ချုပ်ရေးမှာ မိသားစုပါလာရင် အန္တရာယ်ရှိနိုင်တယ်။ ဒါကြောင့် ဗိုလ်ချုပ်သန်းရွှေအတွက် အဓိကအရေးကြီးတာက သူမရှိတဲ့နောက်ပိုင်း သူ့မိသားစု လုံခြုံရေးနဲ့ ဥစ္စာတည်မြဲရေးအတွက်ပဲ ဖြစ်ရမယ်လို့ ကျနော် တွေးလို့ရတယ်။

ဒီအတွက်ပြင်ဆင်မှုလိုတယ်၊ အစီအစဉ်လိုတယ်၊ သူ့လိုလူမျိုးရွေးမိရင် အကျိုးနဲရချည်ရဲ့ ဝဋ်ဆိုကလည်း လည်တတ်တယ်မဟုတ်လား။ ကံလိုက်လာရင် ယတြာလည်းနိုင်ပါ့မလားမသိ။

ဗိုလ်ချုပ်သန်းရွှေဟာ စစ်တိုက်တာတော်ပုံမပေါက်ပေမဲ့ နိုင်ငံရေးကစားကွက်မှာတော့ (လျင်) တယ်လို့ အသိမှတ်ပြုရမယ်။ ဦးနေဝင်းလက်ထက်က တပါတီအာဏါရှင်စံနစ် ရှုံးစရာမရှိ။ အခုခေတ်က ပါတီစုံခေတ်။ ၁၉၉၀ ရွေးကောက်ပွဲမှာ မလည်မဝယ်နဲ့ မလုပ်တတ်တော့ NLD နိုင်သွားတယ်။

လာပြန်ပြီ ပါတီစုံရွေးကေက်ပွဲ။ ဒီတခါတော့ NLD မဝင်ရင် နိုင်ချေရှိတဲ့ ပြိုင်ဘက်မရှိတော့။ ပထမဦးဆုံး အမာခံဦးဝင်းတင်ကို အစော ကြီးကြိုလွှတ်ပေးလိုက်တယ်။ တဘက်က အီးစီ အဖိုးကြီးတွေကို မျက်စပြစ်ပြလိုက်တယ်။ တဘက်နဲ့တဘက် ရန်စောင်ရင်း ကွဲသွားကြရင်အပိုဘောက်ဆူးပဲ။

တခါ ရွေးကောက်ပွဲဥပဒေကိုကိုင်ပြီး မာနကလေးတွေကို ကလိပေးလိုက်တယ် ဝင်ချင်ရင် အောက်ကျို့ပြီး ဝင်ကြလေ။ အီဖေကိုယ်ကတော့ စင်ပေါ်ကပဲ။ ဒီချုပ်မဝင်တော့ ပြောင်မည်စ်ရတော့ဘူးပေါ့။ ဇင်ဘာဘွေမှာလို ကြံ့ဖွတ်တွေနဲ့ ဝင်မရိုက်ရတော့ဖူးပေါ့။ ကျန်တဲ့ပါတီတွေကတော့ အသေးအဖွဲ့တွေပါ။

လိုရမယ်ရ ဥပဒေဘောင်အတွင်းက ရွေးကောက်ပွဲဝင်ခွင့် မှတ်ပုံတင်ကြေးကိုမြှင့်ထားလိုက်တယ်။  အုတ်ရောရောရော ကျောက်ရောရောရော ပါတီတွေဖေါင်းပွလာမှာစိုးလို့ (ငွေ)ဆိုတာက စစ်ဗိုလ်တွေဆီမှာပဲ ရှိတာမဟုတ်လား။

တချိန်ထဲမှာ ရွေးကောက်ပွဲဥပဒေနဲ့ ဒီချုပ် (NLD)ကို ဇာတ်သိမ်းလိုက်တယ်။ ၁၉၉၀ ရလဒ်ကိုကိုင်ပြီး မကြွေးကျော်နိုင်အောင် ကြိုကန်ထားလိုက်တာ ပါတီစုံရွေးကောက်ပွဲ လုပ်ပေးတာပဲ ဒါပေမဲ့ ဥပဒေနဲ့ စည်းဝိုင်းကိုကျပ်လိုက်တော့ရလဒ်ကို (လို)သလို ပုံဖေါ်လို့ရနိုင်တာပေါ့။ ဥရောပ ကလူတွေက ငမ်းငမ်းတက်ဖြစ်နေပြီ။ နောက်ဆုံးအမေရိကန်လည်း ဆူပူအပြစ်ရှာရင်း အစိုးရသစ်ကို ပန်ကုံးလာစွပ် မှာပါပဲ။
ဗိုလ်ချုပ်သန်းရွှေအတွက်ကရှင်းတယ် မော်စီတုန်းပြောခဲ့တဲ့ "အာဏာဆိုတာ သေနပ်ပြောင်းဝက လာတာ" ဆိုတာကို

ကောင်းကောင်းသဘောပေါက်တယ် ယုံကြည်ပုံလည်းရတယ်။

စစ်တပ်ကိုနိုင်အောင်ကိုင် (ဆူ)ရင် (ပစ်) ခိုင်း သစ္စာစောင့်ရင် (ဆု)ပေး၊ သစ္စာ ဖေါက်ရင် (ထုတ်) လွှတ်တော် ကြီးတွေဆောက် ရွှေရည်စိမ်ဒီမိုကရေစီပေးပြီး စစ်အာဏာရှင်စံနစ်ကို ခေါင်းပေါင်းဆောင်းပြီး တောင်ရှည်ဝတ်ခိုင်းမှာပဲ။ ဗိုလ်ချုပ်သန်းရွှေဆီမှာ အစီအစဉ် (Plan)ရှိတယ် (အချိန်)ကို (လက်နက်)အဖြစ်သုံး ပြီး အနိုင်ယူမှာပဲ လျှော့မတွက်သင့်။ ကျနော်တို့ အတိုက်ခံတွေမှာကော ဗျူဟာတွေ၊ အစီအစဉ်တွေ၊ ရှိကြပါရဲ့လား။ အချိန်က လူကိုစောင့်မည်မဟုတ်ပါ။

ကမ္ဘာကျော်စစ်ဗျူဟာမှူး ဆန်ဇူးကပြောသွားခဲ့တယ် မဟုတ်ပါလား သင်၏ရန်သူကို သိအောင်လုပ်ပါ သင့်ကိုယ်သင်လည်း သိပါစေတဲ့။ စစ်သားကို ရင်ဆိုင်ချင်ရင်၊ စစ်သားတွေးလည်း တွေးတတ်ရမှာပေါ့၊ အာဏာဆိုတာ ကြောက်ဖို့အလွန်ကောင်းပေမဲ့ နိုင်ငံရေးမှာ နိုင်ငံရေးအာဏာမရှိပဲ နိုင်ငံကိုမထူထောင်နိုင် ပြန်ဘူး။ ဒီမိုကရေစီကို ပြန်မဖေါ်ထုတ်နိုင်ဘူး။ အာဏာရှင်အများဟာလည်း အာဏာယကို လွယ်လွယ်နဲ့ လက်မလွှတ်လိုကြဘူး။

နိုင်ငံရေးမှာ စာအုပ်ကြီးတွေဖတ်ပြီး တရားသေမှတ်ထားလို့မရတာတွေရှိပါတယ်။ မာက်စ် (Karl Marx)ဟာ စက်မှုတော်လှန်ရေးဖြစ်ခဲ့တဲ့ အင်္ဂလန်ကို နောက်ခံထားပြီး သူ့ကျမ်းကြီးကိုရေးခဲ့တာပါ။

သခင်စိုးနဲ့ လက်ဝဲဝါဒသမားတွေဟာ ဒီလက်ဝဲကျမ်းကြီးတွေကိုဖတ်ပြီး စက်မှုလက်မှု မတိုးတက်သေးတဲ့မြန်မာ နိုင်ငံမှာ ပစ္စည်းမဲ့တော်လှန်ရေးကြီးကို အတင်းအဓမ္မဆင်နွှဲဖို့ ကြိုးစားကြတာကြောင့် မအောင်မြင်ခဲ့ကြရှာဘူး။ စိတ်ကူးယဉ် နိုင်ငံရေးသမားတွေအဖြစ် ဇာတ်သိမ်းခဲ့ကြရရှာတယ်။

ဗိုလ်ချုပ်အောင်ဆန်းတို့လည်း ဒီလက်ဝဲကျမ်းကြီးတွေကိုဖတ်တာပဲ ဒါပေမဲ့ ဉာဏ်ရှိတော့ တယူသန် ဝါဒစွဲသမားတွေ မဖြစ်ခဲ့ကြဘူး။ ဗိုလ်ချုပ်အောင်ဆန်းတို့က ရိုးရိုးလေးတိုင်းပြည်ချစ်စိတ်ကို အခြေခံပြီး လွပ်လပ်ရေးရရှိရေးကိုပဲ စူးစူးစိုက်စိုက် ဆောင်ရွက်ခဲ့တာကြောင့် အောင်ပွဲခံခဲ့ကြရတယ်။ လက်တွေ့ နိုင်ငံရေးသမားတွေလို့ ပြောလို့ရမယ်ထင်ပါတယ်။

မော်စီတုန်းဟာ လက်ဝဲကျမ်းကြီးတွေ ပြီးပြည့်စုံအောင် မဖတ်ဖူးရှာပါဘူး။ သို့သော် စက်မှုလက်မှု မတိုးတက်သေးတဲ့ တရုတ်နိုင်ငံမှာ ဆင်ရဲသားလယ်သမားကိုပဲ အားကိုးရမယ်ဆိုတာကို သဘောပေါက်တယ်။ ဒါကြောင့် (နယ်) ကိုသိမ်း (မြို့)ကိုဝိုင်း ဆိုတဲ့ ဗျူဟာကိုဖေါ်ထုတ်နိုင်ခဲ့လို့ အောင်မြင်ရုံမက ကမ္ဘာကျော်ခဲ့ရတယ်။

စာအုပ်တွေမှာဖေါ်ပြကြတဲ့ (မူ)တွေက သီအိုရီတွေများပါတယ် မိမိတိုင်းပြည်အခြေအနေနဲ့လည်း ကိုက်ဖို့ သတိရှိရပါမယ်။ နိုင်ငံရေးဆိုတာ(မူ) ကြီးကိုအသေကိုင်စွဲပြီး စိတ်ကူးယဉ်နေလို့မရပါဘူး။ လက်တွေ့ကျဖို့လည်း လိုလိမ့်မယ်ထင်တယ်။ ကျနော့် ထင်မြင်ချက်ကိုပြောရမယ်ဆိုရင် (ခံ)ရဲတာ (သေ)ရဲတာပဲ (သတ္တိ)လို့ မပြောနိုင်ပါဘူး။ (သတ်)ရဲတာလည်း (သတ္တိ)ပါပဲ (တိုက်) စစ်ဟာအကောင်းဆုံး(ခံ)စစ်လို့ ဆိုကြတယ် မဟုတ်လား။ ကျနော့်အမြင် သက်သက်ပါ။

မြန်မာပြည်ကြီး စစ်အာဏာရှင်အောက်က လွတ်ကင်းပါစေသား
ဘိုဘိုကျော်ငြိမ်း
ဇင်းမယ်

0
tweets
9
shares
tweet
Share



http://mizzimaburmese.com/edop/songpa/5945-2010-08-30-12-06-07.html?tmpl=compon... 11/09/2010

# ဂန္ဓာလရာဇ်သွား ဗိုလ်သန်းရွှေ

ရဲဘော်ဖိုးသံချောင်း / ၁၇ စက်တင်ဘာ ၂၀၁၀

ဗိုလ်သန်းရွှေတယောက် ကုလားပြည်သွားပြီးနောက် တရုတ်ပြည်ဆီကိုကူးပြန်ပြီ။ (၇၀) ကျော်၊ (၈၀) နီးပါးကြီး တယ်လဲ ခရီးထွက်လှပါကလား။ ပုံမှန်အခြေအနေဆိုရင်တော့ ကုလားပြည်နဲ့တရုတ်ပြည် ဆိုတဲ့ နိုင်ငံကြီးနှစ်ခုအကြား တည်ရှိနေပြီး အဲဒီအချက်ကို အခွင့်ကောင်းယူ လှုပ်ရှားလုပ်ကိုင်နေသူမို့ ဒီလိုကူးလားသန်းလားလုပ်တာဟာ မဆန်းဘူးလို့ ဆိုနိုင်ပါတယ်။ ဒါပေမယ့် ပြောစရာဖြစ်နေတ အချိန်ကာလပါ။ ရွေးကောက်ပွဲနဲ့ ဒါလောက်နီးနေတဲ့အချိန်ကျမှ သွားတာဖြစ်နေတော့ သံသယဖြစ်မှုတွေ အများကြီး ပေါ်ထွက်တော့တာ လျှို့ဝှက်လုပ်ကိုင်တာ၊ နိုင်ငံတကာနဲ့ ကိုယ့်ပြည်သူလူထုကို အမှန် အတိုင်းမပြောဘဲ စဉ်းစားခိုင်းထားရတာအပေါ်မှာ အကျေနပ်ကြီးကျေနပ်လေ့ရှိတဲ့ နအဖဗိုလ်ချုပ်တွေရဲ့ လုပ်နည်း လုပ်ဟန်အတိုင်းမို့ သို့လော-သို့လောတွေ အပုံအပင်ဖြစ်နေတာ တွေ့ရပါတယ်။

ဒီခရီးမှာ သူတို့ဟာ တရုတ်ခေါင်းဆောင်တွေကို သူတို့ရဲ့ ရွေးကောက်ပွဲအကြောင်း ထုံးစံအတိုင်း ဗာရာဏသီချဲ့ပြီး ရှင်းပြမှာသေချာပါတ ဒါပေမယ့် တရုတ်ခေါင်းဆောင်တွေဟာ ဗိုလ်သန်ရွှေ ရှင်းမပြလည်း ဒီရွေးကောက်ပွဲကို ဆန့်ကျင်မှာ မဟုတ်ဘူးဆိုတာကိုလည်း နအဖခေါင်းဆောင်တွေက သိပြီးသားဖြစ်ပါတယ်။ တခါတရံတော့ သံသမန်လုပ်ငန်းဆိုတာဟာ ဟန်ဆောင်တာတွေချည်းပါလားလို့တော ထင်စရာဖြစ်စေပါတယ်။ ဘာပဲပြောပြော ဗိုလ်သန်းရွှေ အခုလိုသွားလိုက်တော့ ဟိုခေါင်းဆောင်တွေရဲ့ ပါးစပ်ကပြောတာကို နားနဲ့ဆက်ဆက်ကြားရတယ်ဖြစ်မှာပေ့ါ။ ဟိုလူကြီးတွေအဖို့တော့ ဒီရွေးကောက်ပွဲနဲ့ပတ်သက်လို့ ဘာမှမပြောဘဲ မသိလိုက်မသိဘာသာ နေလိုက်မယ်ဆိုတာမျိုး လုပ်လို့မရတော့ဘူး ဖြစ်သွားမှာ သေချာပါတယ်။

ဒီခရီးစဉ်မှာ ဗိုလ်သန်းရွှေအနေနဲ့ တရုတ်ခေါင်းဆောင်တွေကို "ခင်ဗျားတို့စောင့်ကြည့်ပါ၊ ကြံ့ဖွံ့ပဲနိုင်မှာပါ" လို့ ပြောမပြော သိချင်စရာတော ကောင်းပါတယ်။ စကားပြောရင်း လေရလာ၊ အရှိန်ရလာရင်တော့ ပြောထွက်သွားနိုင်ပါတယ်။ ဘာပဲပြောပြော ဗိုလ်သန်းရွှေတို့က ရည်ရွယ်သည်ဖြစ်စေ၊ မရည်ရွယ်သည်ဖြစ်စေ သူ့ရဲ့ခရီးစဉ်ဟာ နောက်တက်မယ့် အစိုးရအတွက် တင်ကြိုပြီး ရွှေလမ်းဖောက်တဲ့ အဓိပ္ပာယ်တော့ မုချဖြစ်မှာပါ။ စဉ်းစားရမှာက "ကျနော်တို့မရှိလည်း နောက်တက်မယ့် ကျနော့်လူတွေကိုလည်း ကျနော့်လိုပဲ သဘောထား အားပေးပါ" လို့ ပြောမလား၊ နောင်မှာ "ကျနော်တို့ကို တောင်ရှည်ပုဆိုးနဲ့ တွေ့ရင်လည်း အခုယူနီဖောင်းဝတ်ထားသလိုပဲ ဆက်ဆံပါ၊ အားပေးပါ" လို့ ပြောလေမလား ဆိုတဲ့အချက်ပါ။ ဒါကြောင့်မို့ ဒီတခေါက် ဗိုလ်သန်းရွှေရဲ့ခရီးစဉ်မှာ ခေါ်သွားသူတွေထဲမှာ နောက်တက်မယ့်အစိုးရရဲ့ ထိပ်သီးတွေပါနိုင်တယ်လို့ အကဲခတ်တွေက တွက်ပြီး စောင့်ကြည့်နေကြပါတယ်။ ဗိုလ်နေဝင်း၊ ဗိုလ်အောင်ကြီးတို့ကအစ မြန်မာပြည်က စစ်အုပ်စုအဆက်ဆက်ရဲ့ သဘောကို လက်ဖဝါးပေါ်တင်ကြည့်သလို သဘောပေါက်နေတဲ့ တရုတ်ခေါင်းဆောင်တွေကတော့ ပြုံးပဲနေလိမ့်မယ်လို့ ယူဆရပါတယ်။

ဗိုလ်သန်းရွှေတို့ဟာ အခုလိုအခြေအနေမှာ အမေရိကန်ရဲ့ထောက်ခံမှုကို အသေအလဲလိုချင်နေတာဖြစ်ပေမယ့် သူတို့ဟာ တရုတ်ဆိုတဲ့ ညာဘက်လက်ထဲက ကိုင်းကို တခဏမှ လက်မလွှတ်ပါကြောင်း၊ အမေရိကန်နဲ့တရုတ်တို့အကြားမှာ ခလောက်ဆန်လိုစိတ်၊ ကစားလိုစိတ်မရှိကြောင်း သိအောင် တရုတ်ခေါင်းဆောင်တွေ သိအောင် တနည်းနည်းနဲ့ပြောမယ်လို့ ယူဆရပါတယ်။ အလားတူပဲ ဗိုလ်သန်းရွှေတို့ဟာ ကုလားနဲ့တရုတ်အကြား အောင်သွယ်တော်အခန်းက ပါမှာလည်း မဟုတ်တာသေချာပါတယ်။ သူ့ကြောင့် အဲဒီနိုင်ငံကြီးနှစ်ခု ပြဿနာတက်တာ မဖြစ်အောင်ပဲ အစွမ်းကုန်ကြိုးစားပါလိမ့်မယ်။

အားလုံးစိတ်ဝင်စားနေကြတဲ့ နောက်တချက်ကတော့ နယ်ခြားစောင့်တပ်လုပ်ရေးကို လက်မခံသေးတဲ့ အပစ်ရပ် အဖွဲ့တွေရဲ့ ကိစ္စဖြစ်ပါဝ ဒီကိစ္စကို တရုတ်ခေါင်းဆောင်တွေ စိုးရိမ်ပူပန်နေကြတာကတော့ အမှန်ပါပဲ။ စက်တင်ဘာ (၁) ရက်နေ့ နောက်ဆုံးဆိုပြီး ပြောလိုက်ကတည်းက နယ်စပ်တလျှောက် တရုတ်ဘက်မှာ ဖြစ်ပေါ်လာနိုင်ကောင်းတဲ့ ဒုက္ခသည်ကိစ္စအတွက် အကြီးအကျယ် အလုပ်တွေရှုပ်ကုန်တာကိုကြည့်ရင် တရုတ်တွေဘက်က ပူပန်မှုကို သဘောပေါက်နိုင်ပါတယ်။ နအဖခေါင်းဆောင်တွေကလည်း တရုတ်ဘက်က ခေါင်းဆောင်တွေ မြန်မာပြည်ကိုလာရင်ဖြစ်စေ၊ သူတို့ ခေါင်းဆောင်တွေ တရုတ်ပြည်ကိုသွားရင်ဖြစ်စေ ဒါဟာ တရုတ်-

မြန်မာနယ်စပ်က အပစ်ရပ်အဖွဲ့တွေကို ချေမှုန်းခွင့် ကိစ္စကို ပြောကြတာပဲ၊ မကြာခင်ချတော့မယ်ဆိုတဲ့ သတင်းမျိုးတွေ လွှင့်လေ့ရှိတာကို
အခုနောက်ပိုင်းမှာ အတော် တွေ့နေ၊ ကြားနေရပါတယ်။

ဒီတော့ ဒီခရီးစဉ်မှာ အဲဒီကိစ္စကို ဗိုလ်သန်းရွှေတို့အနေနဲ့ တခုခုပြောကိုပြောရမှာ သေချာပါတယ်။ လက်ရှိ အခြေအနေအရတော့
နအဖစစ်ဗိုလ်တွေအနေနဲ့ ပြောတဲ့အခါမှာ မာမာမပြောလောက်ဘူးလို့ပဲတွက်ရပါတယ်။ ဒါကျုပ်တို့ပြည်တွင်းရေး ဖြစ်တယ်ဆိုတာမျိုးတော
ပြောမှာမဟုတ်ပါဘူး။ တရုတ်ခေါင်းဆောင်တွေ စိတ်မပူအောင် ကြောင်ချေးလို အပျော့ဆွဲ ဆွဲပါလိမ့်မယ်။

ဘာပဲပြောပြော နအဖစစ်အုပ်စုကတော့ သူတို့တတွေ နိုင်ငံတကာမှာ လှုပ်ရှားလုပ်ကိုင်နိုင်ကြောင်း တကမ္ဘာလုံးကို ပြသနိုင်တယ်လို့
လက်မထောင်မှာ သေချာပါတယ်။ နောက်ပြီး ဒီနေ့လို သူတို့ခါးပိုက်ဆောင်တပ်နဲ့ ပတ်သက်ပြီး ကောလာဟလသတင်းတွေအမျိုးမျိုး
ထွက်နေချိန်မှာ (သူတို့က တမင်လွှင့်ထားတာတွေ) ဒင်းတို့ထိပ်သီးတွေ "ညီညွတ်ရေးနဲ့ အသက်ရှည်ရှည် ခင်ခင်မင်မင်၊
လက်ရည်တပြင်တည်း၊ ရေးကထက်ပိုချစ်ကြပါကြောင်း ကမ္ဘာကို ကြေညာတာလည်း ဖြစ်ပါတယ်။

နအဖရဲ့ အဲဒီမာနဟာ လာမယ့်ရွေးကောက်ပွဲပြီးလာရင် ပိုလို့သာ ထောင်လာစရာရှိပါတယ်။ ရွေးကောက်ပွဲကိုဂင်ပြီး လွှတ်တော်ထဲကနေ
အဲဒီမာနကို ချိုးဖို့ဆိုတာ လုံးဝမဖြစ်နိုင်ပါဘူး။ စောင့်ကြည့်ပါ။ လွှတ်တော်ထဲ ရောက်သွားသူတွေသာ ခြေသုတ်ပုဆိုး မြွေစွယ်ကျိုး
ဖြစ်ဖို့များပါတယ်။

ပြည်သူတွေအနေနဲ့ကတော့ တထောင့်သုံးရာငါးဆယ်ပြည့်-ရှစ်လေးလုံးအရေးတော်ပုံကြီးက ဗိုလ်နေဝင်းကို မျက်ရည်ပေါက်ပေါက်ကျ၊
ငိုသံပါကြီးနဲ့ ကိုယ့်ယောင်ကိုယ်ဆွဲပြီး နန်းထဲကထွက်သွားစေခဲ့တာကို ဘယ်တော့မှမမေ့ပါဘူး။ အဲဒီအရှိန်နဲ့ တရုတ်သံရုံးအပါ သံရုံးပေါင်
အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို လာတွေ့ကြတာကရော မေ့နိုင်စရာတဲ့လား။
ခေတ်ပြိုင် သတင်းဂျာနယ်



2003 အမြင်သစ်သတင်းစာမှ သန်းရွှေအိပ်မက် အကောင်ထည်ပေါ်ပြီလား




အမြင်သစ်သတင်းစာမှ  2003 ခင်ညွန့်၊ ယခု 2010 သိန်းစိန် (Dr.Mg Mg ဂင်စားသူ)

@MONYWA.org  2010




burmadigest.wordpress.com၊ မှ သန်းရွှေ ရောဘဂဲ




theirrawaddy.blogspot.com မှ မြောက်ကိုးရီးယားနှင့်မြန်မာ

@MONYWA.org 2010



theirrawaddy.blogspot.com မှ သံယာသပိတ်နှင့်သန်းရွှေ




Irrawaddy.org မှ ကုလသမဂ္ဂကိုယ်စားလှယ် ဂန်ဘာရီနှင့်သန်းရွှေ

@MONYWA.org 2010

## "ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ်"

ဟန်လေး | FRIDAY, AUGUST 27, 2010 ကာတွန်း

Share / Save



## ဘယ်သူလာလာ ကြောက်နဲ့ ဝတို့ရှိလယ်

ဟန်လေး | FRIDAY, SEPTEMBER 10, 2010 ကာတွန်း

Share / Save



@MONYWA.org 2010

# ၂၀၁၀ ခုနှစ် မဖျိုမ ကာတွန်းများ







Mizzimaburmese.com မှ အိုဘားမား၊ ဘန်ကီမွန် နှင့် သန်းရွှေ

@MONYWA.org 2010

# ရွေးကောက်ပွဲ ၂၀၁၀ နောက်ပိုင်း

ဆောင်းပါးစာရင်း

၁။ အစိုးရသစ်စာရင်း The Voice မဂ္ဂဇင်း
၂။ စစ်ထောက်လှမ်းရေးချုပ် အသစ်ခန့်ခြင်း
၃။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကိုယ်တိုင်ရေးအထုပ္ပတိ အကျဉ်း
၄။ အနားယူပြီး တနစ်အတွင်း သတင်းများ
၅။ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့်ဒေါ်အောင်ဆန်းစုကြည် ဓါတ်ပုံ

## ၂၀၁၀ ရွေးကောက်ပွဲအခြေအနေ (NLD သပိတ်မှောက်၊ မပါဝင်)

| No | Party | Amyotha Hluttaw % | Amyotha Hluttaw Seats | Pyithu Hluttaw % | Pyithu Hluttaw Seats | Both Hluttaws % | Both Hluttaws Total |
|---|---|---|---|---|---|---|---|
| 1 | Union Solidarity and Development Party | 58% | 129 | 59% | 259 | 58% | 388 |
| 2 | Rakhine Nationalities Development Party | 3% | 7 | 2% | 9 | 2% | 16 |
| 3 | National Unity Party | 2% | 5 | 3% | 12 | 3% | 17 |
| 4 | National Democratic Force | 2% | 4 | 3% | 12 | 2% | 16 |
| 5 | Chin Progressive Party | 2% | 4 | 0% | 2 | 1% | 6 |
| 6 | Shan Nationalities Democratic Party | 1% | 3 | 4% | 18 | 3% | 21 |
| 7 | All Mon Region Democracy Party | 1% | 3 | 1% | 3 | 1% | 6 |
| 8 | Phalon-Sawaw Democratic Party | 1% | 3 | 0% | 2 | 1% | 5 |
| 9 | Chin National Party | 1% | 2 | 0% | 2 | 1% | 4 |
| 10 | Wa Democratic Party | 0% | 1 | 0% | 2 | 0% | 3 |
| 11 | Other Party | 3% | 7 | 2% | 9 | 2% | 16 |
| 12 | Directly Elected | 75% | 168 | 75% | 330 | 75% | 498 |
| 13 | **Appointed from Army** စစ်တပ်အမတ်များ | 25% | 56 | 25% | 110 | 25% | 166 |
| | Grand Total | **100%** | **224** | **100%** | **440** | **100%** | **664** |

**Other Parties:**
*Chin National Party, Chin Progress Party, Phalon-Sawaw Democratic Party, Wa Democratic Party (each 2 seats)*
*Unity & Democracy Party of Kachin State, Kyain People Party, Inn Nationalities Development Party,*
*Taaung (Palaung) National Party (each 1 seat).* By Election: 48 vancies. Amyotha Hluttaw (5) , Pyithu Hluttaw (40), State (3)

## ၂၀၁၂ ကြားဖြတ်ရွေးကောက်ပွဲ

ကြံ့ခိုင်ရေး USDG ၄၅ နေရာတွင် NLD မှ ၄၃နေရာ အနိုင်ရရှိသည်။ ကြံ့ခိုင်ရေး ၁နေရာ၊ ရှမ်းအမျိုးသားဒီမိုကရေစီ - ၁နေရာ ရွေးခံရသည်။ ထို လစ်လပ်နေရာအားလုံးမှာ အစိုးရရာထူးယူသွားသော ကြံ့ခိုင်ရေးပါတီ ၄၅ဦးနေရာဖြစ်သည်။



The VOICE Weekly — Monday, April 4 - 10, 2011

General WATER PURIFIER

POLITICS

## အာဏာရယူပြီး ၂၃ နှစ်အကြာ အရပ်သားအစိုးရထံ ပထမဆုံး အာဏာလွှဲပြောင်း

ရန်ကုန်၊ မတ် ၃၀

၁၉၈၈ ခုနှစ်က စတင်အာဏာလွှဲပြောင်းရယူထားရာမှ ၂၃ နှစ်အကြာ ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် နိုင်ငံတော်အာဏာအရပ်ရပ်ကို အရပ်သားအစိုးရထံသို့ ပထမဆုံး အာဏာလွှဲပြောင်းပေးအပ်ကာ (နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ တစ်ဖြစ်လဲ)နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကို ဖျက်သိမ်းလိုက်ကြောင်း၊ မတ်လ ၃၀ ရက်နေ့ရက်စွဲဖြင့် ထုတ်ပြန်သော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ ကြေညာချက်များအရ သိရသည်။

Reference: Weekly Magazine - publish in Yangon "The VOICE" April4-10, 2011

## အုပ်ချုပ်ရေးအာဏာ

### ပြည်ထောင်စုအစိုးရအဖွဲ့

သမ္မတ ဦးသိန်းစိန်
ဒုတိယသမ္မတ ၁ – သီဟသူရ ဦးတင်အောင်မြင့်ဦး
ဒုတိယသမ္မတ ၂ – ဒေါက်တာ စိုင်းမောက်ခမ်း (ခ) မောင်အုန်း
ပြည်ထောင်စုဝန်ကြီးများ
ပြည်ထောင်စုရှေ့နေချုပ် – ဒေါက်တာထွန်းရှင်

### အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ

သမ္မတ
– ဦးသိန်းစိန်
ဒုတိယသမ္မတများ
– သီဟသူရ ဦးတင်အောင်မြင့်ဦး၊
– ဒေါက်တာ စိုင်းမောက်ခမ်း၊
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ
– သူရဦးရွှေမန်း
အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ
– ဦးခင်အောင်မြင့်
တပ်မတော်ကာကွယ်ရေးဦးစီးချုပ်
– ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်
– ဒုတိယဗိုလ်ချုပ်ကြီးစိုးဝင်း
ကာကွယ်ရေးဝန်ကြီး
– ဗိုလ်ချုပ်လှမင်း
ပြည်ထဲရေးဝန်ကြီး
– ဒုတိယဗိုလ်ချုပ်ကြီးကိုကို
နယ်စပ်ရေးရာဝန်ကြီး
– ဗိုလ်ချုပ်သိန်းဌေး

### တရားရေးတော်မရှင်

- သမ္မတ
- ဒုတိယသမ္မတများ
- ရှေ့နေချုပ်
- ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးလွန်းမောင်
- တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များ
- နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသိန်းညွန့်
- ပြည်ထောင်စုတရားရေးဝန်ကြီး ဦးလှထွန်း

### တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များ

- ဝန်ကြီးချုပ်
- တိုင်းဒေသကြီး (သို့မဟုတ်) ပြည်နယ်ဝန်ကြီးများ
- ဥပဒေချုပ်

### ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသများ၏ ဦးစီးအဖွဲ့များ

# ပြည်ထောင်စုဝန်ကြီးအဖွဲ့

| စဉ် | ဝန်ကြီးဌာနအမည် | ဝန်ကြီးအမည် |
|---|---|---|
| ၁ | ကာကွယ်ရေးဝန်ကြီးဌာန | ဗိုလ်ချုပ်လှမင်း |
| ၂ | ပြည်ထဲရေးဝန်ကြီးဌာန | ဒုတိယဗိုလ်ချုပ်ကြီးကိုကို |
| ၃ | နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာ့စက်မှုဖွံ့ဖြိုးရေး ဝန်ကြီးဌာန | ဗိုလ်ချုပ်သိန်းဌေး |
| ၄ | နိုင်ငံခြားရေးဝန်ကြီးဌာန | ဦးဝဏ္ဏမောင်လွင် |
| ၅ | ပြန်ကြားရေးဝန်ကြီးဌာနနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန | ဦးကျော်ဆန်း |
| ၆ | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန | ဦးမြင့်လှိုင် |
| ၇ | ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန | ဦးလှထွန်း |
| ၈ | စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | ဝဏ္ဏကျော်ထင်ဦးဝင်းမြင့် |
| ၉ | ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန | ဦးသိန်းထွန်း |
| ၁၀ | အလုပ်သမားဝန်ကြီးဌာနနှင့် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန | ဦးအောင်ကြည် |
| ၁၁ | သစ်တောရေးရာဝန်ကြီးဌာန | ဦးဝင်းထွန်း |
| ၁၂ | ပို့ဆောင်ရေးဝန်ကြီးဌာန | ဦးဉာဏ်ထွန်းအောင် |
| ၁၃ | အမှတ် (၁) စက်မှုဝန်ကြီးဌာန | ဦးကျော်စွာခိုင် |
| ၁၄ | အမှတ် (၂) စက်မှုဝန်ကြီးဌာန | ဦးစိုးသိန်း |
| ၁၅ | ရထားပို့ဆောင်ရေးဝန်ကြီးဌာန | ဦးအောင်မင်း |
| ၁၆ | စွမ်းအင်ဝန်ကြီးဌာန | ဦးသန်းဌေး |
| ၁၇ | အမှတ် (၁) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးဇော်မင်း |
| ၁၈ | အမှတ် (၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန | ဦးခင်မောင်စိုး |
| ၁၉ | ပညာရေးဝန်ကြီးဌာန | ဒေါက်တာမြအေး |
| ၂၀ | ကျန်းမာရေးဝန်ကြီးဌာန | ဒေါက်တာဖေသက်ခင် |
| ၂၁ | သာသနာရေးဝန်ကြီးဌာန | သူရဦးမြင့်မောင် |
| ၂၂ | သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန | ဦးအေးမြင့် |
| ၂၃ | လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန | ဦးခင်ရီ |
| ၂၄ | ဆောက်လုပ်ရေးဝန်ကြီးဌာန | ဦးခင်မောင်မြင့် |
| ၂၅ | အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန | ဦးတင်နိုင်သိန်း |
| ၂၆ | သတ္တုတွင်းဝန်ကြီးဌာန | ဦးသိန်းထိုက် |
| ၂၇ | သမဝါယမဝန်ကြီးဌာန | ဦးအုန်းမြင့် |
| ၂၈ | ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနနှင့် အားကစား ဝန်ကြီးဌာန | ဦးတင့်ဆန်း |
| ၂၉ | သမ္မတရုံးဝန်ကြီးဌာန | ဦးစိုးမောင် |
| ၃၀ | သမ္မတရုံးဝန်ကြီးဌာန | ဦးသိန်းညွန့် |

## ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်များ

| စဉ် | ပြည်နယ် သို့မဟုတ် တိုင်းဒေသကြီးအမည် | ဝန်ကြီးချုပ်အမည် |
|---|---|---|
| ၁ | ကချင်ပြည်နယ် | ဦးလဂျွန်ငန်ဆိုင်း |
| ၂ | ကယားပြည်နယ် | ဦးခင်မောင်ဦး (ခ) ဦးဘူးရယ် |
| ၃ | ကရင်ပြည်နယ် | ဗိုလ်မှူးချုပ်ဇော်မင်း |
| ၄ | ချင်းပြည်နယ် | ဦးဟုန်းငိုင်း |
| ၅ | စစ်ကိုင်းတိုင်းဒေသကြီး | ဦးသာအေး |
| ၆ | တနင်္သာရီတိုင်းဒေသကြီး | ဦးခင်ဇော် |
| ၇ | ပဲခူးတိုင်းဒေသကြီး | ဦးညဏ်ဝင်း |
| ၈ | မကွေးတိုင်းဒေသကြီး | ဦးဘုန်းမော်ရွှေ |
| ၉ | မန္တလေးတိုင်းဒေသကြီး | ဦးရဲမြင့် |
| ၁၀ | မွန်ပြည်နယ် | ဦးအုန်းမြင့် |
| ၁၁ | ရခိုင်ပြည်နယ် | ဦးလှမောင်တင် |
| ၁၂ | ရန်ကုန်တိုင်းဒေသကြီး | ဦးမြင့်ဆွေ |
| ၁၃ | ရှမ်းပြည်နယ် | ဦးအောင်မြတ် (ခ) စဝ်အောင်မြတ် |
| ၁၄ | ဧရာဝတီတိုင်းဒေသကြီး | ဦးသိန်းအောင် |






# ဒေါ်အောင်ဆန်းစုကြည် အလုပ်ရုံဆွေးနွေးပွဲတက်ရောက်မှု အစိုးရအဖွဲ့ဝင်ဝန်ကြီးများ လှိုက်လှဲစွာကြိုဆို

**နေပြည်တော်၊ ဩဂုတ် ၂၀**

**မြန်မာအစိုးရမြို့တော်သစ် နေပြည်တော်သို့ ယမန်နေ့က ရောက်ရှိလာသော (ဖျက်သိမ်းပြီး) အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန** (MICC) **တွင်ကျင်းပနေသည့် နိုင်ငံတော်၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ပြုပြင်ပြောင်းလဲမှုဆိုင်ရာ အမျိုးသားအဆင့်အလုပ်ရုံဆွေးနွေးပွဲသို့ ဩဂုတ်လ ၂၀ရက် နံနက် ၉ နာရီတွင် ရောက်ရှိလာခဲ့ရာ အစိုးရအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်နေသည့် ပညာရှင်များနှင့် စီးပွားရေးလုပ်ငန်းရှင်များက ဝမ်းမြောက်ဝမ်းသာလှိုက်လှဲစွာ ကြိုဆိုကြကြောင်း၊ အစည်းအဝေးတက်ရောက်နေသူ** The Voice Weekly **အယ်ဒီတာက သတင်းပေးပို့သည်။**

ဒေါ်အောင်ဆန်းစုကြည်သည် နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးအဖွဲ့ခေါင်းဆောင် ဒေါက်တာဦးမြင့်၊ စီးပွားရေးပညာရှင် ပါမောက္ခဒေါ်ရီရီမြင့်၊ အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနဒုတိယဝန်ကြီးဒေါက်တာကံဇော်တို့နှင့်အတူ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန အလုပ်ရုံဆွေးနွေးပွဲကျင်းပရာခန်းမသို့ ရောက်ရှိလာခဲ့ရာ တာဝန်ရှိသူများက ကြိုဆိုနေရာချထားပေးခဲ့ကြပြီး မြန်မာနိုင်ငံရဲဘပ်ဖွဲ့မှ အရာရှိများက လုံခြုံရေးတာဝန်ယူပေးခဲ့သည်ဟု ၎င်းထံမှသိရသည်။

"အလုပ်ရုံဆွေးနွေးပွဲ တက်လာတဲ့သူတွေ ဒေါ်အောင်ဆန်းစုကြည်ရောက်လာတော့ အံ့ဩဝမ်းသာနေကြတယ်။ အစည်းအဝေးသဘာပတိကိုယ်တိုင်က ဆင်းပြီးနှုတ်ဆက်တယ်" ဟု The Voice Weekly သို့ တိုက်ရိုက်သတင်းပေးပို့သည်။

ဒုတိယနေ့အဖြစ် ဆက်လက်ကျင်းပနေသည့် အလုပ်ရုံဆွေးနွေးပွဲတွင် ဒေါ်အောင်ဆန်းစုကြည်သည် အစည်းအဝေးခန်းမရှေ့ဆုံးတန်း၌ အစိုးရအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးများ၊ ပညာရှင်များနှင့် တစ်ဖက်တစ်ချက်စီ နေရာယူခဲ့ပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်(UMFCCI)ဥက္ကဋ္ဌ ဦးဝင်းအောင်ဖတ်ကြားသည့် စာတမ်းနှင့် မြန်မာ့မီးရထားအထွေထွေမန်နေဂျာ ဦးကြည်အေးဖတ်ကြားသည့် စာတမ်းတို့ကို နားထောင်ခဲ့ကာ ဆွေးနွေးပွဲကို နံနက် ၁၀ နာရီ မိနစ် ၃၀ တွင် ခေတ္တရပ်နားစဉ် အစိုးရအဖွဲ့ဝင်ပြည်ထောင်စုဝန်ကြီးလေးဦးနှင့် သီးခြားရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြောင်း အစည်းအဝေးတက်ရောက်နေသူ စီးပွားရေးလုပ်ငန်းရှင်ကြီးတစ်ဦးက ပြောကြားသည်။

ယင်းနောက် ဒေါ်အောင်ဆန်းစုကြည်သည် မြန်မာနိုင်ငံ၏ထိပ်သီးစီးပွားရေးလုပ်ငန်းရှင်များဖြစ်သည့် ဦးဇော်ဇော်၊ UMFCCI ဥက္ကဋ္ဌဦးဝင်းအောင်၊ ဒုတိယဥက္ကဋ္ဌဦးလှမောင်ရွှေတို့နှင့် ခင်မင်ရင်းနှီးစွာနှုတ်ဆက်ကာ အမှတ်တရဓာတ်ပုံရိုက်ခဲ့ပြီး မော်တော်ယာဉ်ဖြင့် ပြန်လည်ထွက်ခွာသွားခဲ့သည်။



အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုကော်မတီဝင် သတင်းစာဆရာကြီး ဦးဝင်းတင်က ဒေါ်အောင်ဆန်းစုကြည်နှင့် သမ္မတဦးသိန်းစိန်တို့ တွေ့ဆုံမှုအပေါ် တွေ့ဆုံဆွေးနွေးရေး၏ ခြေလှမ်းအစဖြစ်သည်ဟု မှတ်ချက်ပေးပြောကြားခဲ့ကြောင်း ပြည်ပအသံလွှင့်မီဒီယာများ၏ ထုတ်လွှင့်ချက်များအရ သိရှိရသည်။ နှစ်ပေါင်း ၂၃ နှစ်ကျော်ကြာ နိုင်ငံရေးမုန်တိုင်းပြင်းထန်ခဲ့သော မြန်မာနိုင်ငံသည် ယခုအခါ၌ အစိုးရနှင့် အတိုက်အခံများကြား တွေ့ဆုံဆွေးနွေးမှုများကြောင့် မြန်မာ့နိုင်ငံရေးအတွက် ရလဒ်ကောင်းများ သယ်ဆောင်လာသည့် လေပြည်လေညင်းဖြစ်ကြောင်း အိန္ဒိယနိုင်ငံထုတ် ဟင်ဒူသတင်းစာကြီးက ဖော်ပြသည်။

■**Living Color, Associated News**

# နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံခြင်းအပေါ် နိုင်ငံရေးပါတီများ၏သဘောထား

**ဦးခင်မောင်ဆွေ (အမျိုးသားဒီမိုကရေစီအင်အားစု (NDF) ပါတီ နိုင်ငံရေးခေါင်းဆောင်)**

ဒေါ်စုနဲ့ သမ္မတတွေ့ဆုံစကားပြောပြီလို့ ... ဒါဟာ နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးလို့ ဖြစ်ပါတယ်။

အခု သမ္မတနဲ့ ဒေါ်စုတို့ တွေ့ဆုံမှုက ညှိနှိုင်းအဖြေရှာရေးအဆင့်ကိုကျော်ပြီး ပူးပေါင်း

**ဦးဇိုဇမ် [ချင်းအမျိုးသားပါတီ(CNP) ဥက္ကဋ္ဌ]**

မူအားဖြင့် အင်မတန်ကောင်းတဲ့အရာပါ။ အဲဒါကို လက်တွေ့ကျကျလုပ်နိုင်ဖို့ လိုပါတယ်။

ပြီးခဲ့တဲ့ သမ္မတမိန့်ခွန်းမှာလည်း တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရန် Common Ground တွေကို အခြေခံပြီး ဖွံ့ဖြိုးအောင်လုပ်မယ်လို့ပြောသွားတယ်။ ခုတွေ့ဆုံတာက အဲဒီအချက်လည်းပါပါတယ်။

# နိုင်ငံရေးအကျဉ်းသား လွှတ်ရေးအဆို တပ်မတော်သား အမတ်များပါ ထောက်ခံ

မျိုးသန့် | သောကြာနေ့၊ ဩဂုတ်လ ၂၆ ရက် ၂၀၁၁ ခုနှစ် ၂၁ နာရီ ၄၇ မိနစ်

ချင်းမိုင် (မဇ္ဈိမ) ။ ။ သောကြာနေ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန် အစည်းအဝေးတွင် နိုင်ငံရေး အကျဉ်းသားများ လွှတ်မြောက်ရေးနှင့် ပတ်သက်သည့် အဆိုသည် လွှတ်တော် ဆွေးနွေးပွဲများ အတွင်း ထောက်ခံ ဆွေးနွေးသူ အများဆုံးရရှိခဲ့သည့် အဆိုတခုဖြစ်ကာ တပ်မတော်သား လွှတ်တော်အမတ်များပါ ပထမဆုံးအကြိမ် ဝင်ရောက်ထောက်ခံ ဆွေးနွေးသည့် အဆိုတခုဖြစ်ခဲ့သည်ဟု ပြည်သူ့လွှတ်တော် အမတ်များက ပြောသည်။

မတ်လအတွင်းက ကျင်းပခဲ့သည့် လွှတ်တော် စည်းဝေးပွဲများနှင့် ယခု ကျင်းပဆဲ လွှတ်တော် အစည်းအဝေးများတွင် တင်သွင်းခဲ့သည့် အဆိုတခုကို ထောက်ခံဆွေးနွေးမှုမှာ အမတ် ၁ ဦးမှ ၄ ဦး အထိသာ ရှိခဲ့သည်။

သို့သော် ပြည်သူ့လွှတ်တော် အမတ် ဦးသိန်းညွန့် ကြာသပတေးနေ့တွင် တင်သွင်းခဲ့သည့် "ယုံကြည်ချက်ကြောင့် အကျဉ်းကျခံ နေရသူများအတွက် အထွေထွေ လွတ်ငြိမ်းချမ်းသာခွင့် သမ္မတမှ ထုတ်ပြန်ပေးရေး" အဆိုကို ပြည်သူ့ လွှတ်တော်တွင် သောကြာနေ့က ဆွေးနွေးရာ၊ တိုင်းရင်းသားပါတီများမှ လွှတ်တော်အမတ်များ သာမက တပ်မတော်သား အမတ်များ၊ စုစုပေါင်း ၁၅ ဦး ဆွေးနွေး ထောက်ခံခဲ့ကြခြင်းကြောင့် ထောက်ခံမှု အများဆုံးရသည့် အဆိုတခုဟု လွှတ်တော်အမတ်များက ပြောကြသည်။




http://richardaung68.blogspot.com/

ငယ်ရွယ်သူ ဗိုလ်ချုပ်စိုးရိန်



၂၀၁၀ စက်တင်ဘာလ ၆ ရက်နေ့က တရုပ်ပြည်ခရီးစဉ် လေယာဉ်ပေါ်မှ
၎င်း၏ ကိုယ်ရေး အရာရှိ ဗိုလ်မှူးချုပ် စိုးရိန်၏ အကူအညီဖြင့် ဆင်းလာစဉ်။

စစ်ဘက်ရေးရာလုံခြုံရေးအဖွဲ့ (စရဖ)၏ ညွှန်ကြားရေးမှူးချုပ်ရာထူးကို ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ ကိုယ်ရေးအရာရှိ ဖြစ်ခဲ့သူ ဗိုလ်ချုပ် စိုးရိန်အား မကြာသေးမီက ခန့်အပ် လိုက်ကြောင်း သတင်းရရှိသည်။ ယခင် စစ်ဘက်ရေးရာ ညွှန်ကြားရေးမှူးချုပ် ဗိုလ်ချုပ် ကျော်ဆွေအား ရာထူးမှ ပြောင်းရွှေ့ကာ ဗိုလ်ချုပ် စိုးရိန်ကို ယင်း၏ နေရာ၌ ခန့်အပ် ခဲ့ခြင်းဖြစ်သည်။ (Aug -2011)

"ဗိုလ်ချုပ်မှူးကြီး အနားမယူခင်မှာ ဗိုလ်မှူးကြီး စိုးရိန်ကို ဗိုလ်မှူးချုပ် ရာထူးတိုးပေးခဲ့တယ်။ အခု ဗိုလ်ချုပ် ရာထူးတိုးပေးပြီး စစ်ဘက်ရေးရာ လုံခြုံရေး ညွှန်ကြားရေးမှူးချုပ် ရာထူး တိုးပေး လိုက်တာပါ" ဟု နေပြည်တော်အခြေစိုက် စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိတဦးက ပြော သည်။ "ဗိုလ်ချုပ် စိုးရိန်ကို ဗိုလ်ချုပ်မှူးကြီးက အင်မတန် ယုံတယ်။ ချစ်လည်း ချစ်တယ်။ ဘယ်သွားသွား ဗိုလ်ချုပ် စိုးရိန် အမြဲပါတယ်။ သူ့ကို ဒီရာထူးပေးခိုင်းတာဟာ လက်ရှိ အခြေ အနေနဲ့ အဆက်မပြတ်ချင်လို့လို့ ယူဆရတယ်" ဟု သူက ဆိုသည်။

ထောက်လှမ်းရေးခေါင်းဆောင်ဟောင်း ဗိုလ်ချုပ်ကြီး ခင်ညွန့်၏ အမျိုးသား ထောက်လှမ်း ရေးကို ဖျက်သိမ်းပြီးနောက် ထူထောင် ခဲ့သော စစ်ဘက်ရေးရာ လုံခြုံရေးအဖွဲ့သည် မြန်မာ ထောက်လှမ်းရေး အဖွဲ့များအကြားတွင် သြဇာအရှိဆုံး အဖွဲ့ ဖြစ်သည်။

## ငယ်ရွယ်သူ နာဇီဂျာမဏီ စစ်ဗိုလ်ချုပ် (Memorial)

**Erich Bärenfänger**

12 January 1915 – 2 May 1945 (aged 30)



Erich Bärenfänger

| | |
|---|---|
| **Place of birth** | Menden |
| **Place of death** | Berlin |
| **Allegiance** | Nazi Germany |
| **Service/branch** | Heer |
| **Years of service** | 1936 – 1945 |
| **Rank** | Generalmajor |
| **Unit** | 98.InfDiv |
| **Commands held** | III./GrenRgt 123 |
| **Battles/wars** | World War II<br>• Battle of Berlin |
| **Awards** | *Knight's Cross of the Iron Cross with Oak Leaves and Swords* |

ဟစ်တလာ နာဇီဂျာမဏီခေါင်းဆောင်ကြီးလည်း သူ့အင်မတန်ချစ်တဲ့ စစ်ဗိုလ်လေးတစ်ဦးရှိခဲ့ပါတယ်။ ဘာလင်မြို့သိမ်းတိုက်ပွဲမတိုင်မီ အဲဒီ Erich Barenfanger ဆိုတဲ့ အသက်၃၀အရွယ် စစ်ဗိုလ်လေးကို ဗိုလ်မှူးချုပ်ရာထူးကနေ ဗိုလ်ချုပ်ရာထူးတိုးပေးခဲ့ပါတယ်။ (Bärenfänger to Major-General). ဟစ်တလာရဲ့ လက်ထောက်အဖြစ် ဘာလင်တိုက်ပွဲက ဗိုလ်ချုပ်ကြီး၃ဦးနဲ့ ဟစ်တလာကြားမှာ ထမ်းဆောင်ရပါတယ်။ ၁၀ရက်အကြာမှာ ဘာလင်စစ်ပွဲ၊ ရှုံးနိမ့်ပြီး ဟစ်တလာ မိမိကိုယ်သတ်သေသွားခဲ့တယ်။ လူငယ်ဗိုလ်ချုပ်လည်း သူ့ဇနီးသည်နဲ့အတူ မိမိကိုယ်သတ်သေသွားပါတယ်။

Note: ဦးသန်းရွှေကို တိန့်ရှောင်ဖိန်လို့ နောက်ကွယ်မှ ကိုင်တွယ် ထိန်းချုပ် ပေးသည့် ခေါင်းဆောင်ဖြစ်ရန် မျှော်လင့်ပါသည်။

# ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ သစ္စာခံ နှစ်ဦး ကို ရာထူးမှ ဖယ်ရှား

by politics on August 16, 2011



ယခင် မြန်မာ စစ်ခေါင်းဆောင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ အထူးယုံကြည် စိတ်ချရသူများ တွင် ပါဝင်သူများ ဖြစ် သည့် ဗိုလ်ချုပ် ဝေလွင် နှင့် ဗိုလ်ချုပ် ခင်ဇော်ဦး တို့ ကို ၎င်း တို့ ၏ ရာထူးများမှ ခေတ္တ အရာ ချထား ကာ အဆိုပါ တာဝန် များ ကို အခြား စစ် အရာ ရှိ များ နှင့် အစား ထိုး ထားလိုက်သည် ဟု သိရသည်။

ယခင် နေပြည်တော် တိုင်း မှူ အဖြစ် တာဝန်ယူခဲ့ သူ ဗိုလ်ချုပ် ဝေလွင် သည် ယခု စစ်ထောက်ချုပ် အဖြစ် တာဝန် ယူနေ စဉ် အတွင်း လာဘ်ပေး လာဘ်ယူမှု များ အတွက် တာဝန် ရှိ သည်ဟု ဆိုကာ ရာထူး မှ ဖယ်ရှား လိုက် ခြင်း ဖြစ်သည်။

ဗိုလ်ချုပ် ဝေလွင် နှင့် ဗိုလ်ချုပ် ခင်ဇော်ဦး တို့ အား လက်ရှိ ရာထူးများ မှ ဖယ်ရှား ခြင်း ကို ဧပြီလဆန်းက ကာကွယ်ရေး ဦးစီးချုပ် တာဝန် ကို စတင် ထမ်းဆောင် သည့် ဗိုလ်ချုပ်ကြီး မင်းအောင်လှိုင် ၏ ညွှန်ကြား ချက် ဖြင့် ပြုလုပ် ခြင်း ဖြစ်သည်။

ဗိုလ်ချုပ် ဝေလွင် သည် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ၏ အထူး ယုံကြည် စိတ်ချရ သူ တစ်ဦး ဖြစ်ပြီးယမန် နှစ်က အိန္ဒိယ နိုင်ငံ သို့ ဗိုလ်ချုပ်မှူးကြီး သန်းရွှေ သွားရောက် လည်ပတ် စဉ် နေပြည်တော်မြို့ ၏ လုံခြုံ ရေး နှင့် အမိန့် ပေး စေခိုင်း နိုင် ခွင့် အာဏာ အချို့ အဝက် ကို ပင် ဗိုလ်ချုပ် ဝေလွင်အား ဗိုလ်ချုပ်မှူးကြီး သန်းရွှေ က ယုံယုံကြည်ကြည် နှင့် အပ် နှံ ခဲ့ သည် ဟု သိရသည်။

ဗိုလ်ချုပ်ကြီး မင်းအောင် လှိုင် တာဝန်ယူ ချိန် မှ စပြီး ရန်ကုန် တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းသန်း၊ ဗိုလ်ချုပ် တင်ငွေ နှင့် ယခင် တြိဂံ တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဟောင်း နှင့်

ယခု တပ်မတော် စစ်ဆေးရေးနှင့် စာရင်းစစ်ချုပ် ဗိုလ်ချုပ် ကျော်ဖြိုး တို့ ကို တာဝန် မှ အနား ပေး ခဲ့ ပြီး ဖြစ်သည်။

ရာထူးမှ ဖယ်ရှား ခံရသည့် ဗိုလ်ချုပ် ခင်ဇော်ဦး သည် ယခင် ကမ်းရိုးတန်း ဒေသတိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဖြစ်ပြီး၊  ယခု စစ်ရေး ချုပ် နှင့် မြန်မာ့ စီးပွားရေး ဦးပိုင် လီမိတက် ၏ ဥက္ကဌ ရာထူးကို တာဝန် ယူထား ာ သူ ဖြစ်သည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေသည် ဗိုလ်ချုပ် ဝေလွင် နှင့် ဗိုလ်ချုပ် ခင်ဇော်ဦး တို့  နှစ်ဦး ကို မနစ်က ၎င်း တို့  ၏ မူလ ရာထူး ဖြစ်သည့် ဗိုလ်မှူးချုပ် ရာထူးမှ တိုးမြှင့် ပေး ပြီး တာဝန် များ ကို လည်း လွှဲပြောင်း ပေး အပ်ကာ မြန်မာ စစ်တပ် အတွင်း အရေး ပါသည့် ရာထူးများ ဖြစ်သည့် စစ်ရေး ချုပ် နှင့် စစ်ထောက် ချုပ် ရာ ထူး များ ကို ပေး အပ် ခဲ့ ခြင်း ဖြစ်သည်။

ဗိုလ်ချုပ် ဝေလွင် နှင့် ဗိုလ်ချုပ် ခင်ဇော်ဦး တို့  နှစ်ဦး ကို ရာထူးမှ ဖယ်ရှား ခြင်း နှင့် ပတ်သက် ပြီးကာကွယ်ရေး ဝန်ကြီးဌာန မှ အရာ ရှိ တစ်ဦးက ” စစ်ထောက် ချုပ် နဲ့  စစ်ရေး ချုပ် ကို ရာထူးကနေ ဖယ်လိုက် ပြီ ဆိုတော့ Posting နဲ့  Logistic ကို သူလုပ်ချင်တာ လုပ်လို့  ရ သွားတာ ပေ့ါ
ဟု "FNG  သို့ ပြောသည်။

# ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ အတ္ထုပတ္တိ စာအုပ်အဖြစ် ထုတ်ဝေမည်

**by politics on April 27, 2011**



တင်ကျော်ကျော်စိုး ၊ ၊မြန်မာ စစ်ခေါင်းဆောင် တစ်ဦး ဖြစ်ပြီး လက်ရှိ နိုင်ငံ ၏ အမြင့် ဆုံး အာဏာ ကို ရယူ ပိုင်ဆိုင်ထားသည့် ဗိုလ်ချုပ်မှူးကြီး ဟောင်း ဦးသန်းရွှေ သည် ၎င်း ၏

ဘဝ ဖြစ်စဉ် အား မြန်မာနိုင်ငံ တွင်း ရှိ နာမည် ကျော် စာရေး ဆရာ အချို့ နှင့် တိုင်ပင် ပြီး ရေးသား လျှက် ရှိကာ မကြာမီ ထုတ်ဝေနိုင်ရန် စီစဉ် နေသည် ဟု FNG မှ သတင်း ရရှိသည်။

ရက်စက် သော စစ်အာဏာရှင် တစ်ဦး ဟု နိုင်ငံသား များ က သာ မက ကမ္ဘာက ပါ ထင်မြင်ကြသည့်မြန်မာ စစ်ခေါင်းဆောင်၏ ကိုယ်ရေး အတ္ထုပတ္တိ စာ အုပ် တွင် အခန်း ၈ ခန်း ပါရှိပြီး ပထမ ဦးဆုံးအခန်း တွင် မတ်လ ၃၀ ရက်နေ့ မြန်မာ နိုင်ငံ ဦ အရပ်သား အစိုးရ သစ် စတင်ပြီး စစ်ကောင်စီ ဖျက်သိမ်း လိုက်သည် ဆိုသည့် သတင်း ကို ရုပ်သံ မှ ထုတ်လွှင့် ကြေငြာ သည့် အခါ ဗိုလ်ချုပ်မှူးကြီး သန်းရွှေက ထို သတင်း ကို နားထောင် နေ ပုံ နှင့် အစ ချီထား ပြီး သူ့ ငယ်ဘဝ ကို ပြန်လည် ရောက် ရှိသွား ကာ သူ၏ ဇာတိ ကျောက်ဆည် လယ် တွင်း ကိုး ခရိုင် အညာတွင် ရေရှား သဖြင့် လက်ယက်တွင်း မှ ရေ ကို သောက်ရေ အဖြစ် စောင့် ယူ ရ ပုံ တို့ ပါရှိသည်။

Story Highlights

မြန်မာ့ လွတ်မြောက်ရေး တပ်မတော် ခေါင်းဆောင် များ ကို အား ကျပြီး စစ် ထဲဝင်

တိုင်းပြည် ကို ယခု လစ်ဗျား၊ အီရတ် နှင့် ယူဂိုဆလားဗီးယား ကဲ့သို့ မဖြစ်အောင် ကာကွယ် ထိန်းသိမ်း နိုင်

လူထု အုံကြွမှု ကို နှိမ်နင်း ရာနှင့် ဖြုတ် ထုတ် သတ် ပွဲ များ တွင် လိုးလွဲ ဖော်ပြ ထား

အခန်း ၂ တွင် သူ ၏ ကျောင်းသား ဘဝ ၊ စာတိုက် စာရေးဘဝ နှင့် စစ်တပ် တွင်း ဝင်ရောက် ရန် မေးမြန်း စုံစမ်း ပုံ ၊စာအိတ် များ တွင် ထိုခေတ်က မြန်မာ့ တပ်မတော်အရာရှိ များ နှင့် စစ်တပ်များ က စာပေး စာယူလုပ် ပုံရာထူး အဆင့် များ ကို မြင်ရသည့် အခါ အားကျလာပြီး စစ်တပ် ထဲဝင် ချင် လာပုံ ၊ မိဘ ကို လုပ် ကျွေး ပုံ တို့ ကို ဖော်ပြထားသည်။

အခန်း ၃ တွင် စစ်တပ် ထဲ ဝင်ရောက် ပြီး နောက်စစ်သင်တန်း တက် ရောက်သည့် အတွေ့အကြုံ နှင့်ထိုခေတ် က နာမည် ကျော် စစ်အရာ ရှိများ ကိုတွေ့ ရသည့် အခါ နာမည် သာ ကြားဖူးပြီး လူမမြင်ဘူးသည့် အတွက် ယခုကဲ့ သို့ မျက် ကိုယ်တွေ့ ကြုံရသည့် အခါ များ တွင် ကြက်သီး မွေးညင်း ထ သည် အထိ ဖြစ်ရ ပုံ တို့ ကို ဖော်ပြထားသည်။

အခန်း ၅ တွင် စစ်တပ် ၁၉၈၈ စစ်တပ် မှာ အာဏာသိမ်း သည် တွင် စပြီး ဖြစ်ရပ် မှန် များ ပါရှိခြင်း သိပ်မရှိ တော့ ဘဲ နိုင်ငံခြား တပ် များ ဝင်ရောက် လာပြီး ပြည်ထောင် စု ပြို ကွဲ မှာ

ဆိုးသည့် အတွက်ဦးနေဝင်းဗိုလ်ချုပ် ကြီး စော မောင် ၊ ဗိုလ်မှူးချုပ် မျိုးညွန့် နှင့် သူအပါအဝင် ခေါင်းဆောင် စစ်ခေါင်းဆောင် ၁၄ ဦး တို့ တွေ့ ဆုံပြီး အာ ဏာသိမ်း ယူ လိုက် ရပုံ တို့ ကို သဲထိတ် ရင် ဖို ဖွယ်ရာ ဖော်ပြထားသည်။

အခန်း ၆ တွင် တိုင်း ပြည်ကို ပြန်လည် တည်ဆောက် ရာ၌ သူ့ တွင် အစား ပျက် အအိပ် ပျက် ၍ လေရောဂါ ရကာ ကျန်းမာရေး ချို့ ယွင်း လာ ပုံ ကို ဖော်ပြထား ပြီး နဝတ မှ နအဖ စစ်အစိုးရ ပြောင်းလဲလိုက် ပုံ တွင် အာဏာသိမ်းမှု တွင် ပါဝင် ခဲ့သည့် စစ်ဗိုလ်ချုပ် အချို့ ကို ရာထူး မှ အနား ပေး လိုက်ပုံ၊စီးပွားရေး ပိတ် ဆို့ မှုများ နှင့် ပြည်တွင်း ငြိမ်း ချမ်း ရေး အတွက် တိုင်းရင်း သား အဖွဲ့ များ ငြိမ်းချမ်းရေး ရယူ နိုင်ပုံများ တွင် သူက အကွခရာ ကျပုံ များ ကို ဖော်ပြထားသည်။

စာအုပ် ၏ အခန်းစီတိုင်း တွင် ငယ်စဉ် မှ အစ ပုသိမ် မြို့ တွင် တာဝန် ကျပုံ မှ အလယ် နေပြည်တော် ကို ပြောင်း ရွှေ့ သည် ထိ အဆုံး တွင် သူ နှင့် သူ့ မိသား စု မှ ဘာသာရေး ကို သက်ဝင်ကြည်ညို ပုံ နှင့်ကောင်းမွန်သည့် မြန်မာ နှင့် နိုင်ငံတကာ ဆက်ဆံ ရေး ကို သူ ပြန် လည်တည်ဆောက် နိုင်ခဲ့ပုံ တို့ ကိုဖော်ပြထားသည်။

အခန်း ၆ တွင် တိုင်းပြည်အတွက် အရေးကြီးသည့် ကဏ္ဍ နှင့် ဖြစ်ရပ်များ ပါရှိပြီး ဗိုလ်ချုပ်ကြီး ခင်ညွှန် နှင့်ထောက်လှမ်းရေး အဖွဲ့ ၏ မရိုးမသား လုပ်ရပ် များ ကြောင့် တိုင်းပြည် နှင့် လူမျိုး အပေါ်အန္တရာယ် ဖြစ်လာ ၍ ဖယ်ရှား လိုက်ရ ပုံ ၊ ဗိုလ်ချုပ်ကြီး ခင်ညွှန့် သည် ရှမ်းပြည် မှ လက် နက် ကိုင်အချို့ ၏ ကျောထောက် နောက် ခံ ဖြင့် အာဏာသိမ်း ယူရန် ကြံစည် နေသလို ပင် ဖော်ပြထားသည်။

အခန်း ၈ တွင် မူ ရွှေဝါရောင် တော် လှန် ရေး မြန်မာ နိုင်ငံ တွင် ဖြစ်ပွား ခဲ့သည် ကို သူပင် မသိရှိလိုက် သလို ရေးဖွဲ့ ထားပြီး ဆန္ဒခံယူ ပွဲ ၊ နာဂစ် လေမုန် တိုင်း ၊ ဒေါ်အောင်ဆန်းစုကြည် အား သူကသဘောထားကြီး စွာ၊ ထောင် မချ ပုံ သဘောထား ကြီးစွာ ဖြင့် ပင် ပြန်လွှတ် ပေးခဲ့ ပုံ တို့ ကို ဖော်ပြထား သည်။

စာအုပ် ၏ အခန်း စီတိုင်း ၌ အတိုက် အခံ နိုင်ငံ ရေးသမား များ အာဏာလွှဲပေး ချင် သော်လည်းတိုင်းပြည်ကို နိုင်နိုင် နင်းနင်း အုပ် ချုပ် နိုင်စွမ်း ရှိမည့် ပုံ မမြင် သဖြင့် လွှဲချင် သော်လည်း လွှဲမပေးနိုင်ခဲ့ ပုံ တို့ ကို နိုင်ငံ တကာ အခြေ အနေ များ နှင့် ဆက်စပ် ဖော်ပြထားသည်။

အခန်း ၅ တွင် သူသည် ရုံဖန် ရုံခါ ရန် ကုန် နှင့် မန္တလေး အပြင် အခြား မြို့ များ ၌ သူ နှင့် သူ ့ဒရိုင်ဘာတစ်ဦး တည်း မော်တော်ကား ဖြင့် လှည့် လည် ကာ တိုင်းပြည် အခြေ အနေ

လေ့လာ ကြာရာ ၌  တာမွေ လမ်း ဆုံး တွင် လမ်းကြော မှားယူ မိသသည့် အတွက် အမြန်ယာဉ် ငယ် လိုင်း မှ စပယ် ယာ တစ်ဦးက ကြမ်းတမ်း စွာ ဆဲ ဆိုသွား ပုံ ကို နောင် တွင် သူ ၏ ယာဉ်မောင်း နှင့် ကိုယ်ရေးအရာရှိ ကအရေးယူရန် ပြင်ဆင် ခဲ့သော် လည်း သူ က သဘောထား ကြီးစွာ ထား ပုံ တို့ ကို အသေးစိတ် ရေးဖွဲ့ ထားသည်။

သူကြိုက် နှစ် သက် သည့် ရုပ်ရှင် နှင့် ရုပ်သံ ဇာတ်ကား များ ကို လည်း ထည့် သွင်းဖော်ပြထားပြီးတစ်ချိန် က မြန်မာ့ ရုပ်မြင် သံကြား ဇာတ်လမ်း တွဲ တွင် ပြသခဲ့သည့် အမေရိကန် ရုပ်သံ ဇာတ်လမ်း တွက် Combat နှင့် Saving Private Ryan နှင့် We were soldiers ဇာတ်ကား များ ကိုလည်း နှစ်သက် သည် ဟု ပါရှိသည်။

ဝီကီပီဒီးယား ဝဘ်ဆိုက် ကို နှစ်သက် ပြီး ၁၉၉၄ ခုနှစ် ကမ္ဘာ့ ဖလားပွဲ တွင် အသင်း ခေါင်းဆောင်ဘက်ဂီယို ၏ ပယ်နတီ သွင်းဂိုး ချော် ထွက် မှု ကြောင့် အီတလီ အသင်း ဘရာဇီး အသင်း ကို ရှုံးနိမ့်ကာ ဒုတိယ နေရာတွင် ပင် ကျေနပ် လိုက် ရပုံ တို့ ကို သူအမြဲ မျက်စေ့ထဲ တွင် မြင်ယောင်ပြီးသင်ခန်းစာ ယူသည် ဟု ဖော်ပြပါရှိသည်။

အနှစ် ချုပ် တွင် မဟာဗျူဟာ မြောက် အနေအထား တွင် ရှိသည့် မြန်မာ နိုင်ငံမှာ စစ်ရေးအမြင်မရှိသည့် ပုဂ္ဂိုလ် တစ်ယောက် ကို တိုင်းပြည် ခေါင်းဆောင် အဖြစ် တာဝန်ပေး ရန်မှာ လုံးဝ မဖြစ် နိုင်ဟု ကောက် ချက် ဆွဲ ပြီး သုံးသပ် ထားသည်။

ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ၏ ကိုယ်ရေး အတ္ထုပတ္တိမှာ အများ ပြည်သူများ အကြား သို့ မဟုတ် စစ်တပ်တွင်း အရာ ရှိ များ လောက် ပင် ဖတ် ရန် ကန့် သတ် ထား မည် လား ဆိုသည် ကို မူ မည် သူမျှ မသိရှိရသေး ပေ။

သူ့ အား မျိုးချစ် စိတ် ထက်သန် သူ အဖြစ် ၎င်း တိုင်းပြည်ကြီးပွား တိုးတက် အောင် စွမ်းဆောင် သူအဖြစ် ၎င်း ခေတ် မှီ တပ်မတော် အဖြစ် ၎င်း ဖော်ပြထား ခြင်းကြောင့် မျိုးဆက် သစ် အရာရှိ များ ကသူ့ ကို လေးစား အတု ယူ ရအောင် ဟစ်တလာ ၏ မိန်းကမ့် ( ကျွန်ုပ်  ၏ စွန့် စား ခန်းများ) စာအုပ်ကဲ့ သို့ မြန်မာ စစ်တပ် ၏ သမ္မာ ကျမ်းစာ သဖွယ် ဖန် တီး ထား ပြီး နောင် တွင် စစ်တက္ကသိုလ် စသည်တို့ ၌ သင်ရိုးညွှန်းတမ်း အဖြစ် အသုံး ပြုရန် ရည် ရွယ် ထား သည် ဟု  စစ်တပ် အရာ ရှိ တစ်ဦးက ထင်မြင် ချက် ပေးသည်။

မြန်မာ နိုင်ငံ တွင်း မှ သတင်း အယ်ဒီတာ တစ်ဦးက မူ တကယ့် အဖြစ် မှန် တွေ ပါရင် တော့ ကောင်းတာပေ့ါ သူ့ အကြောင်း ကို ဘယ်သူမှ မသိသေးတော့ သိချင် ကြတယ်။ လိမ်တာ ညာတာ တွေ မပါ ရင်တော့ကမ္ဘာ ကျော် နိုင်တယ် ။ သတင်းစာ လို အလိမ် အညာ တွေ ပဲ လာရင် တော့ ဘယ်သူ့ မှ ဖတ်မှ မဟုတ်ဘူး ဟို သုံးသပ် သည်။

မြန်မာ နိုင်ငံ ရေး အကျဉ်းသား တစ်ဦးက မူ ” ဘန်နီဒစ် ရော်ဂျာ တို့ လို နိုင်ငံခြားသားတွေ ကလည်း အခုသူ့ ရေးတယ်လေ အကြောင်း နိုင်ငံ တကာမှာ နဲ့ ပြည်တွင်း မှာ ပျက် နေတဲ့ သူ့ အင်မေ့ချ် ကို ပြန်ထုဆစ်တာပေါ့ ၊ ထင်တာ က ပြည်တွင်း ရော ပြည်ပမှာ ပါ သူ ဖြန့် မယ် ထင်တယ် ဟု ဆိုသည်။

လက်ရှိ မြန်မာ စစ်တပ် နှင့် အစိုးရ ပိုင်းတွင် ဗိုလ်ချုပ်မှူးကြီး သန်းရွှေ မှာ အာဏာချုပ်ကိုင် ထားခြင်း ရှိမရှိ နှင့် ပတ် သက်ပြီး ငြင်းခုံမှု ပြုကြသည် များ နှင့် ပတ်သက် ပြီး မြန်မာ စစ်ခေါင်းဆောင် ၏ အနေအထားကို နိုင်ငံတကာ ရုပ်ရှင် ဆောင်းပါး များ ရေး သူ ကို ငြိမ်းချမ်းငြိမ်း ကို မေးမြန်း ကြည့်ရာ သူက

” ဗိုလ်ချုပ်မှူးကြီး သန်းရွှေ ဟာ အာဏာရှိသေးတယ် မရှိတော့ ဘူး ဆိုတာ ထက်၊ စစ်တပ် က မာဖီးယား ပုံစံ ဖြစ်သွား ပြီး ဗိုလ်ချုပ်မှူး ကြီး သန်းရွှေ ကတော့ ဂေါ့ဖားသား နေရာ ပါ။  ဒါရိုက် တာ ဖရန်စစ် ဖို့ ကော်ပိုလာ ရဲ့  God Father ရုပ်ရှင် ထဲက Marlon Brando ကြီးလိုပေါ့ ဟု ပြောသည်။

Archive: Senior General Than Shwe Autobiography

# No chance of Than Shwe returning': aide

By FRANCIS WADE  Published: 29 February 2012



Little has been heard of Than Shwe since his retirement was announced last year (Reuters)

Burma's former junta strongman has no role in the government, having "totally resigned from politics", an advisor to President Thein Sein claims amid lingering uncertainty over the status of the hermetic one-time leader.

Ko Ko Hlaing told Thai newspaper The Nation in a lengthy interview this week that Than Shwe "is not like Deng Xiao Ping of China or Lee Kuan Yew of Singapore", who both

continued to pull the strings well after their proclaimed retirement. “He doesn’t want to be involved in this new set-up.”

The 79-year-old last year officially stepped down after nearly two decades in power to make way for the nominally civilian administration of Thein Sein, whose Union Solidarity and Development Party swept the November 2010 elections. Little has been heard from him since, although questions have remained about his influence on government policy.

The issue garnered heightened attention in December last year when it emerged that he had met with former Thai prime minister Thaksin Shinawatra during a secretive trip to Burma. That visit was seen as laying the groundwork for a subsequent visit by Thaksin’s sister and current Thai premier, Yingluck Shinawatra.

Speculation centred on whether Thaksin, who had developed strong business-driven relations with the former ruling junta in Burma, had sought Than Shwe’s approval for Yingluck to meet with opposition leader Aung San Suu Kyi. If true, then it would appear to support claims that he still wields clout within the government.

Than Shwe’s iron-fisted rule over Burma had been dominated by efforts to snuff out the political opposition, which culminated in May 2003 when junta-backed thugs made what appeared to have been an assassination attempt on Suu Kyi in the town of Depayin. She survived, but around 70 of her supporters were beaten to death.

According to the Asian Legal Resource Centre, the incident amounted to crimes against humanity – the group claims that government authorities had prior knowledge of the incident, had deliberately lured people to the site of the attack, and that police had quickly rounded up and arrested survivors in the aftermath.

During his 19 years in power Than Shwe rarely left Burma, and when he did it was only to countries with close ties to the junta. Long believed to have been afraid of an indictment for war crimes and crimes against humanity, he remained a reclusive figure throughout his rule, and has now all but disappeared from view.

Ko Ko Hlaing dismissed questions about Than Shwe’s fear of a trial, should Suu Kyi eventually win office: “[Burma] is a Buddhist country. Forgiveness is our principle,” he said, adding that the opposition icon carried the same sentiment.

The majority of western governments who had backed calls for a UN probe into abuses committed by the regime appear to have backtracked since Thein Sein unleashed a slew of ostensibly democratic reforms after coming to power in March last year. Although many see the nascent developments as paving the way for democratic transition, Ko Ko Hlaing conceded that the army will retain formidable influence for the foreseeable future.

“The military tried very hard to keep the country intact at the peak of the Cold War between the Eastern and Western blocs. We also had to protect our territorial integrity. It

was a very hard time for the Myanmar [Burma] army," he told The Nation. "This experience has always haunted the military leaders.

"That's why the Myanmar military wants to have a role in the political arena, not to dominate the political stage but to take part as an element – as a balancing sector." http://www.dvb.no

## *Retired Burmese Sen-Gen Than Shwe donates jewels to Buddha's tooth relic*

Thursday, 24 November 2011 18:25 Myo Thant

Chiang Mai (Mizzima) – Former Burmese junta leader Snr-Gen Than Shwe disappeared from public view after the opening of Parliament in March, but his name was mentioned in state-run newspapers on Thursday for the first time.

Than Shwe and his family on Wednesday evening went to the Maha Pathana Cave in Gaba Aye Hill in Rangoon, to pay homage to a tooth relic of the Buddha that is on display for public worship, according to reports in *The New Light of Myanmar* and *The Mirror.* The relic was sent to Burma from China for public display.

The retired general, his wife, Kyaing Kyaing, and their family donated US $1,300 (about 1 million kyat), 11 rubies, Myeik pearl, and a gold ring [value 488,000 kyat], said reports on the newspapers' inside pages.

The chairman of the now-defunct State Peace and Development Council (SPDC), Than Shwe dissolved the SPDC on March 30 2011, and transferred power to the civilian government led by President Thein Sein.. The End..

## စာပြုစုသူ၏အမြင် Personal View

NLD ကို ဝင်ပြိုင်မရအောင် လုပ်ထားတဲ့အတွက် NLD ရွေးကောက်ပွဲသပိတ်မှောက်တယ်။ ဦးခင်မောင်ဆွေတို့ NDF နဲ့ ဝင်ရွေးခံခဲ့ကြတယ်။ ဒေါ်အောင်ဆန်းစုကြည်ကို ၂၀၁၀ ရွေးကောက်ပွဲမတိုင်မီ လွှတ်ပေးပြီး၊ အခြေအနေကို စောင့်ကြည့်ချိန်တော့ အနားယူမဲ့ ဦးသန်းရွှေတို့အဖွဲ့ အနာဂါတ်အတွက် ဒေါ်အောင်ဆန်းစုကြည်က ပူးပေါင်းလုပ်ဆောင်လိုတဲ့ သဘောရှိတာ ဦးသန်းရွှေ စိတ်ချသွားပုံရပါတယ်။ နောက်ပိုင်း သမ္မသဦးသိန်းစိန်အစိုးရနဲ့ ဒေါ်အောင်ဆန်းစုကြည်တို့ အဆင်ပြေတဲ့အချိန် လက်စားချေမှာစိုးလို့တဲ့ ဦးသန်းရွှေ စိတ်အေးသွားပုံရပါတယ်။ စာဖတ်ပြီး၊ ဘုရား၊တရားပဲ အေးဆေးစွာလုပ်နေချိန် မြစ်ဆုံ အရေး အခင်း၊ ဒေါ်အောင်ဆန်းစုကြည်ကို လွှတ်တော်မှ ဖိတ်ခေါ်မှုများကို ဦးသိန်းစိန်အစိုးရပဲ လုပ်ခဲ့ ပုံရပါတယ်။ သို့သော် သတင်းပို့စနစ်ကတော့ ရှိနေဦးပါမယ်။ ဦးသန်းရွှေမိသားစုရဲ့ ဖေးဖရိတ်

သူဌေးကြီး ဦးတေဇကို ဒေဝါလီခံ၊ ပြုတ်သွားအောင် အေးရှားဝေါ အုပ်စုနဲ့ ခေါင်းမာ တဲ့ စစ် အာဏာရှင်ဟောင်းများ၊ ကြီးစားချိန်မှာ ဦးသန်းရွှေ၊ ဒေါ်ကြိုင်ကြိုင်တို့ ဘာမှဝင် မပြော ခဲ့ပါ။ ၇လ အကြာမှာ မြစ်ဆုံစီမံကိန်း၊ အေးရှားဝေါ ရှုံးနိမ့်သွားတော့မှ ဦးတေဇ အသက်ရှူချောင် လွတ်ကင်းခဲ့ရပါတယ်။ အဲဒီနောက်ပိုင်းတော့ သူဌေးကြီးများလည်း ဘာလုပ်ရမှန်းမသိဖြစ်ပြီး။ သူဌေးကြီး ဒေဝ်ဦးချစ်ခိုင် ဆို NLD ဘက်ကို လုံးဝကူးပြောင်းခဲ့ပါတယ်။

ဦးသန်းရွှေဟာ သူ့နေရာဆက်ခံဖို့ ဦးရွှေမန်းကို မြှင့်တင်သော်လည်း၊ သားသမီးများက စီးပွားရေး။ လပ်စား ရှိနေတော့လူထပ်ရှာတယ်။ စီးပွားကင်းရှင်း၊ လပ်စားမှုအမည်မထွက်တဲ့ ဗိုလ်ချုပ်ကြီးစိုးဝင်းကို မြှင့်တင်ပြန်တယ်။ သွေးကင်ဆာနဲ့ စင်ကာပူမှာ ဆေးရုံတက်၊ မျှော်လင့် ချက်ကုန်တဲ့ မတ် ၂၀၀၇ အချိန်ကစပြီး၊ နောက် ထပ် လပ်စားမှုနာမည်မထွက်တဲ့ ဗိုလ်ချုပ်ကြီး သိန်းစိန်ကို မြှင့်တင်ပေးပြန်တယ်။ အဲဒီမှာ တွက်သား တိုက် တယ် ပြောရပါမယ်။ ၂၀၁၀ ရွေး ကောက်ပွဲ အပြီး၊ ဦးသန်းရွှေအနားယူ၊ ဦးသိန်းစိန်ကို စိတ်ချစွာ အာဏာ လွှဲပေး လိုက်ပါတယ်။ နာမည် ဆိုးလှတဲ့ ဦးသန်းရွှေ သူကိုယ်တိုင် အစိုးရအသစ်ကို ခေါင်းဆောင် မလုပ် သင့်ကြောင်း အမြင်မှန်ရရှိတာ ၂၀၀၇ သံဃာအရေးအခင်း ကြောင့် ဖြစ်မှာပါ။

သမ္မတဦးသိန်းစိန် အစိုးရသစ် ပြုပြင်ပြောင်းလဲရေးတွေ လုပ်နေချိန်မှာတော့ ဒေါ်အောင် ဆန်းစုကြည်ဖက်က အပြုသဘောပံ့ပိုးမှုတွေကြောင့် သမ္မတဦးသိန်းစိန်အဖွဲ့ ဒီမိုကရေစီ လမ်း ကြောင်းကို အလွန်လျှင်မြန်စွာ ရောက်ရှိသွားခြင်း ဖြစ်ပါတယ်။

စစ်တပ်မှာ ကာချုပ်နဲ့၊ ထောက်လှမ်းချုပ်ဟာ ဦးသန်းရွှေရဲ့လူငယ်များ ဖြစ်တယ်။ ဦးသန်းရွှေရဲ့ ခေါင်းမာတဲ့ စစ်ဗိုလ်ဟောင်း အုပ်စုကို လပ်စားမှုနဲ့ အရေးမယူပဲ၊ တဖြေးဖြေး ထုတ်ပယ်ပစ်မှ ဒေါ်အောင်ဆန်းစုကြည် NLD များ၊ နေရာရ လာမယ်ဖြစ်ပါတယ်။ ဒီအတိုင်း သာဆို ကြံ့ခိုင်ရေးပါတီအနေနဲ့ ၂၀၁၅ ရွေးကောက်ပွဲမှာ သေချာပေါက် ရှုံးမှာဖြစ်လို့ လက်ရှိ အစိုးရသစ်ပြုပြင်ရေး ခေါင်းဆောင်များ၊ ၂၀၁၅ ကျရင် NLD ပါတီဖက်က ဝင်အရွေး ခံဖို့ပဲ ညှိနှိုင်းရမလို ဖြစ်နေပါပြီ။ အခြေအနေအားလုံးကောင်းနေပါတယ်။

အခု လွှတ်တော် ၆၆၄ နေရာမှာ၊ ဒေါ်အောင်ဆန်းစုကြည် NLD ကို ၄၃နေရာ၊ NDF ပါတီနဲ့ တိုင်းရင်းသားပါတီများ အတိုက်ခံအမတ် အားလုံးပေါင်းရင်တောင် ၂၀ရာနှုန်းမရှိတဲ့ လွှတ် တော်မှာ ဒေါ်အောင်ဆန်းစုကြည် ဘယ်လိုပံ့ ပိုးသွားမလဲ ဆိုတာ တတိုင်းပြည် လုံးထက်၊ ဦးသန်းရွှေ မိသားစုက ပိုပြီး စိတ်ဝင်စားစွာ စောင့်ကြည့်နေမှာ ဖြစ်ပါတယ်။

ဦးသန်းရွှေ တိုင်းပြည်အုပ်ချုပ်မှု ညံ့ဖြင်းလှပေမဲ့၊ လူအုပ်ချုပ်မှု တော်လွန်းလှပါတယ်။

ဝတ်မှုန် (စင်ကာပူ) ၅-ဧပြီ-၂၀၁၂



Last 10 years ago. လွန်ခဲ့တဲ့ ၁၀နှစ် ဦးသန်းရွှေ၊ ဒေါ်အောင်ဆန်းစုကြည်




Now 2012: ဦးသန်းရွှေ အနားယူပြီး၊ ဒေါ်အောင်ဆန်းစုကြည် နှင့် NLD ရွေးကောက်ပွဲအနိုင်ရ